# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၇ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး**။ ။ ယခု ကျင်းပ ပြုလုပ်နေတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးခွန်းများပေးပို့ခြင်းကို လက်မခံတော့ပါကြောင်းနဲ့ အဆိုများကိုသာ ဆက်လက်ပေးပို့နိုင်ပါကြောင်း သိသာပါရန် ကြေညာအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၇ ရက်မြောက်နေ့ အစီအစဥ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ၁၇ ရက်မြောက်နေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေစုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်း၏ (၉၅.၈၇) ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## အစည်းအဝေး အစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၁၇ ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေ ခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးအေး(မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်၇)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စား လှယ် ဦးအေး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ငွေးသည် မျက်စိဝေဒနာ ခံစားနေရပါသဖြင့် ၁၃-၉-၂၀၁၁ ရက်နေ့ တစ်ရက် အစည်းအဝေးတက်ရောက်ခြင်းမှ ခွင့်ပြုနိုင်ပါရန် ဦးခင်မောင်ငွေး ကိုယ်စား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ငွေး ၁၃-၉-၂၀၁၁ ရက်နေ့ ခွင့်တစ်ရက် ပန်ကြားခြင်းကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော် က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ် တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ခွင့်ပြုထားသူ (၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# ကြယ်ပွင့်ပြထား သည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ကိုယ်စားလှယ် (၉)ဦးက မေးမြန်းသည့် မေးခွန်းတွေဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကိုတစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဇာသပြင်-ချောင်းနှစ်ခွလမ်းကြား မိုင်အရှည် (၃၃)မိုင်ကို ရာသီမရွေး ပြေးဆွဲနိုင်ရေးအတွက် ကတ္တရာခင်းလမ်း-ကျောက်ချောခင်းလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးမင်းလွန်းအောင်က ဇာသပြင် -ချောင်းနှစ်ခွလမ်းကြား မိုင်အရှည်(၃၃)မိုင်ကို ရာသီမရွေး ပြေးဆွဲနိုင်ရေးအတွက် ကတ္တရာခင်းလမ်း-ကျောက်ချောခင်းလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွပြည်ထောင်စုဝန်ကြီးများ၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအ ပေါင်းနဲ့ ပြည့် စုံပါစေကြောင်း မေတ္တာပို့သအပ်ပါတ ယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းလွန်းအောင်ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ဇာသပြင် -ချောင်းနှစ်ခွလမ်းကို ရာသီမရွေး မော်တော်ယာဉ်များပြေးဆွဲနိုင်ရန် ကျောက်ချောခင်းလမ်း၊ ကတ္တရာခင်းလမ်း ဖောက်လုပ်ပေးနိုင်မှု ရှိ /မရှိ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ အကြောင်းပြချက် ပြည့်စုံမှုရှိစေရေးအတွက် စာဖြင့်ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အတ္တရံမြစ်ဟာ ကျိုက်မရောမြို့နယ်ကို ထက်ခြမ်းပိုင်းခြားပြီးစီးဆင်းလျက်ရှိပါတယ်။ ကျိုက်မရောမြို့ဘက်ခြမ်းဟာ သွား လာရေး အဆင်ပြေချော မွေ့မှုရှိပါတယ်။ ကျန်အခြားတစ်ဖက်ခြမ်းရှိ ကျေးရွာများ မှာ

သွားလာရေးခက်ပြီး ဖွံ့ဖြိုးမှုနောက်ကျ ကျန်ခဲ့ပါတယ်။ ဒါ့ကြောင့် ဇာသ ပြင်-ချောင်းနှစ်ခွလမ်းကို(၂၀၁၁)ခုနှစ်မှစပြီး ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လမ်းအူကြောင်းရှာဖွေဖော်ထုတ်ပြီး ဒေသခံများပူးပေါင်းပါဝင်မှုဖြင့် စတင်ဖောက်လုပ်ခဲ့ပါတယ်။ ဇာသပြင်-ခရုံဂူထိမှာ ပြည်သူ့ ဆောက်လုပ်ရေး ကတ္တရာခင်းလမ်းရှိပြီး ဖြစ်ပါတယ်။ ခရုံဂူမှ တရနာရွာ ထိမှာ န.တ.လမှ ကတ္တရာခင်းလမ်း ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျန်နေသော မြေသားလမ်းအပိုင်းတွေရှိ အချို့နေရာများမှာ ကျောက်ကြမ်းများ ခင်းထားပါတယ်။ ကျန်နေသော မြေသားလမ်းအပိုင်းတစ်လျှောက်ရှိ ကျေးရွာများမှာ ကျွန်းကုန်း မှ အလှပ် ကုန်း၊ အံ ကစင်း၊ ကော့ ဝမ်း၊ ဝမ်ငဲ၊ ကော့ဒွန်း၊ ကော့ပနော ၊ ကတုံစိ၊ ရွှေဝါချောင်း၊ ကျိုက်ထော်၊ ဖာသိမ်၊ ကျုံကွယ်၊ ဘုရားကုန်း၊ ချောင်းနှစ်ခွအထိကို ကျောက်နဲ့ ကတ္တရာခင်းရန် လမ်းအရှည် (၃၃)မိုင် ကျန်ရှိနေ ပါတယ်။ လမ်းတစ်လျှောက် တံတားကြီး၊ တံတားငယ်ပေါင်း (၇၃)စင်းကိုလည်း နတလ၊ ဒေသအာဏာပိုင်၊ ပြည်သူလူထုများ ပူးပေါင်းတည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ မိုးတွင်းအခါ ကျန်ရှိနေသော မြေသားလမ်းဟာ ဗွက်များထသဖြင့် သွားလာရေးခက်ခဲမှုရှိပါတ ယ်။ လမ်းတစ်လျှောက်ရှိ လယ်ယာမြေမှအပ မြေလွတ်မြေရိုင်းများကိုလည်း ခုတ်ထွင်ရှင်းလင်းပြီး ပုဂ္ဂလိကရာဘာခြံများ အပြည့်စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ၎င်းဇာသပြင်-ချောင်းနှစ်ခွလမ်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပါက (၁)ဒေသခံပြည်သူလူထုများ ပညာရေး၊ ကျန်းမာရေး၊ စီးပွား ရေး၊ လူမှုရေး ၊လုံခြုံရေး တိုးတက်ကောင်းမွန်လာခြင်း၊ (၂)ကရင်ပြည်နယ်၊ ဘားအံမြို့နယ်မှ ၎င်းလမ်းကို ဖြတ်ကျော်၍ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်သို့ အချိန်တိုအတွင်းရောက်ရှိနိုင်ခြင်း၊ (၃) ကရင်ပြည်နယ်၊ ကြာအင်း ဆိပ်ကြီးမြို့နယ်မှ သစ်တောထွက်ပစ္စည်းများနှင့် ရာဘာ စေးများ၊ လယ်ယာခြံထွက်ကုန်ပစ္စည်းများ ဈေးကွက်သို့လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ခြင်း၊ (၄)လမ်းကြောင်း ပေါ်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် ဖာဘောင်ဂူသို့ ခရီးလမ်းပေါက်ခြင်းစသည့် အကျိုးကျေးဇူးများခံစားကြရမည်ဖြစ်ပါသည်။

ယခုအခါ ကျွန်တော် ဇာသပြင်-ချောင်းနှစ်ခွလမ်းမေးခွန်းကို တင် ပြီးမှ ရလဒ်တစ်ခုပေါ်ပေါက်လာ ပါတယ်။ အဲဒါကတော့ စက်တင်ဘာလ (၄)ရက်နေ့ ထုတ် သတင်းစာထဲ မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ပုဂ္ဂလိကဘိလပ်မြေစက်ရုံ(၂)ရုံကို ကျိုက်မရောမြို့နယ်တွင် တည်ဆောက်မည်။ ကုမ္ပဏီများကတော့ TACနှင့် ထရိတ်ဒင်းကုမ္ပဏီနှင့် ဂျွန်ကုမ္ပဏီတို့ဖြစ်ကြပါတယ်။ စက်ရုံတည်ဆောက်မည့် နေရာမှာ လမ်း၏ အလယ်ပိုင်းဖြစ်သော

ပျားတောင်၊ ထုံးကျောက်တောင်ရှိ ကော့ပနော‌ကျေးရွာတွင် ဖြစ်ပါတယ်။ လမ်း၏ အထက်ပိုင်းဖြစ်သော ဖာဘောဝ်တောင်၊ ဖာသိမ်တောင်၊ ချောင်းနှစ်ခွတောင်တို့သည်လည်း ထုံးကျောက်တောင်များဖြစ်၍ နောက်ထပ်ဘိလပ်မြေစက် ရုံများ ထပ်မံတည်ဆောက်နိုင်မည် ဖြစ်ပါတယ်။ ဒေသလည်းဖွံ့ဖြိုးလာပြီး နိုင်ငံတော်လည်း ချမ်းသာလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျန်ရှိနေသော ဇာသပြင်-ချောင်းနှစ်ခွလမ်းကြားမိုင်အရှည်(၃၃)မိုင်ကို ရာသီမရွေးမော်တော်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ဒေသခံပြည်သူများရဲ့ ဆန္ဒအရ ကျောက်ချောခင်းလမ်း၊ ကတ္တရာခင်းလမ်း ဖောက်လုပ်ပေးနိုင်မှု ရှိ/မရှိ သိလိုပါသောကြောင့် ဖြေကြားပေးစေလိုကြောင်း မေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ရခိုင်ပြည်နယ်၊ လေးမြို့မြစ်လက်ယာဘက်ကမ်းရှိ ကျေးရွာချင်းဆက်လမ်းတံတား ဖောက်လုပ်ရန် စီမံကိန်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူက ရခိုင်ပြည်နယ်၊ လေးမြို့မြစ်လက်ယာဘက်ကမ်းရှိ ကျေးရွာချင်းဆက် လမ်းတံတားဖောက်လုပ်ရန် စီမံကိန်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါ တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော် ဂါရဝပြုပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ လေးမြို့မြစ်လက်ယာဘက်ကမ်းရှိ ကျေးရွာချင်းဆက် လမ်းတံတား ဖောက်လုပ်ရန် စီမံကိန်းအစီအစဉ် ရှိ/မရှိ မေးမှာဖြစ်ပါတယ်။ အဲဒီမေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ အဲဒီဒေသမှာရှိတဲ့ လူတွေရဲ့ စီးပွားရေး အခွင့်အလမ်း ပိုမိုဖြစ်ထွန်း နိုင်ဖို့အတွက် လူမှုစီးပွားရေး တိုးတက်ရေးနှင့် ဆင်းရဲ နွမ်းပါး မှု လျှော့ချရေးကို အဓိကရည်ရွယ်ပြီးတော့ ဒီမေးခွန်း ကို မေး ရခြင်းဖြစ်ပါတယ်။ လေးမြို့မြစ်ဟာ ရခိုင်ပြည်နယ်မှာရှိတဲ့ မြစ် ကြီးလေးမြစ်ထဲမှာ စီးပွားရေး အတောင့်တင်းဆုံးသော မြစ်ဖြစ်ပါတယ်။ အဲဒီလေးမြို့မြစ်မှာ လက်ဝဲလက်ယာက ဥယျာဉ်ခြံမြေတွေက ထွက်တဲ့ပစ္စည်းတွေ

အများကြီးပါ။ သစ်သီး ဝလံတွေ ပိန္နဲသီး၊ တ ညင်းသီး စသည်အားဖြင့် အကုန်လုံးပါ။ ဝါးတွေ၊ ကြိမ်တွေ၊ သစ်တွေ၊ နွယ်ပတ်တွေ၊ နွယ်ခေါက်တွေ ၊ ကျွန်းသစ်တွေ၊ သစ်မာတွေ၊ သစ်ဖြူတွေ အဲဒီဒေသမှာ ထွက်ပါတယ်။ ဒါပေမယ့် လမ်းပန်း ဆက်သွယ်ရေး သိပ်မကောင်းတဲ့အတွက်ကြောင့် အဲဒီကုန် ပစ္စည်းရဲ့ အရော င်းအဝယ်တွင်ကျယ်မှုဟာ နည်းပါးပါတယ်။ အဲဒါကြောင့် ကျွန်တော့်ဆန္ဒကတော့ အဲဒီမှာရှိတဲ့ လေးမြို့မြစ်ရဲ့ လက်ဝဲလက်ယာမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ စီးပွားရေးအခြေအနေကောင်းမွန်စေခြင်းအလို့ငှာ ကျေးရွာချင်းဆက်လမ်းတံတားဖောက်လုပ်ရေးကို ပြည်သူလူထုရဲ့ လိုလားချက်အရ တင်ပြခြင်းဖြစ်ပါတယ်။ မင်းပြားမြို့နယ်မှာ ပန်းမြောင်းမြို့နယ်ခွဲ ဆိုတာ နယ်နိမိတ် အစွန်းပါ။ အဲဒီ နယ်နိမိတ်ကစပြီးတော့ တ ခြားအထက်ပိုင်းကိုတက်ရင်လည်း အဲဒီဥယျာဉ်တွေနဲ့ ကျေးရွာတွေတော်တော် ရှိပါတယ်။ ပန်းမြောင်းမြို့နယ်ခွဲဟာ ဆေးရုံတို့ ၊ အထက်တန်းကျောင်းတို့၊ ရဲစခန်းတို့စသည်အားဖြင့်ရှိတဲ့ စည်ကားတဲ့ မြို့နယ်ခွဲတစ်ခု ဖြစ်ပါတယ်။ အဲဒီကနေစပြီး လေးမြို့ကမ်းခြေတစ်လျှောက် ချောင်းမရှိဘဲနဲ့လမ်းကို မဆလ ခေတ်တုန်းက လူထုအင်အားဖြင့် လုပ်ခဲ့ပါတယ်။ အခု စစ်တွေ- ရန်ကုန်လမ်းမကြီးအနီးထိ ဖောက်လုပ်ခဲ့ပါတယ်။ အခုကတော့ အဲဒီလမ်းဟာ နည်းနည်းပါးပါး လူသွားလမ်းလောက်ဖြစ်ပြီးတော့ တကယ့် အသွား အလာ ကောင်းမွန်တဲ့ လမ်း တစ်လမ်းမဟုတ်ပါဘူး။ အဲဒီလိုပဲ ပန်းမြောင်း ရဲ့ အရှေ့ ဘက်ကို (၁)မိုင်လောက်သွားရင် အဲဒီဘက်မှာလည်း မြေပြန့်တွေ ရှိပါတယ်။ လေးမြို့ကမ်းခြေရဲ့ မြေပြန့်နဲ့ အရှေ့ဘက်သွားတဲ့ မြေပြန့်ကြားမှာ တောင်တန်း တစ်ခုရှိတယ်။ အဲဒီတောင်တန်းကလည်း သိပ်မြင့်တဲ့တောင်တန်း မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီ လမ်းနှစ်ခုကိုသာ ဆက်လိုက်ရင် တောင်ရဲ့ အရှေ့ဘက်ကလမ်းနဲ့ လေးမြို့မြစ်ကမ်းခြေက လမ်းနှစ်ခုကိုဆက်ပြီးတော့ အဝေးပြေးကားလမ်း ထိရောက်ရင် အဲဒီလမ်း ဟိုဘက်မှာရှိတဲ့ အရှေ့ဘက်မှာရှိတဲ့ ချောင်းကလေးကို တံတား ထိုးလိုက်ရင် လေး မြို့ ကမ်းခြေကရှိတဲ့ ကုန်ပစ္စည်း တို့ဟာ အမ်းတို့၊ မင်းဘူးတို့၊ တောင်ကုပ်တို့၊ ပြည်တို့၊ရန်ကုန်တို့ သံတွဲတို့၊ ဂွတို့ ကျောက်ဖြူတို့စသည်အားဖြင့် အကုန်လုံးကို ဆက်သွယ်သွားလာ ကုန်သွယ်နိုင်ပါလိမ့်မယ်။ အဲဒီ လိုဆက်သွယ်သွားလာ ကုန်သွယ်နိုင်လို့ရှိရင် အဲဒီ ဒေသမှာရှိတဲ့ လူတွေရဲ့ စားဝတ်နေရေး အဆင့်အတန်းမြင့်မားမှုနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချမှုကို အထောက်အကူ ပြုပါလိမ့်မယ်။ မင်းပြားမြို့နယ်ဟာ ကျေးရွာအုပ်စု(၆၂) အုပ်စုရှိပြီးတော့ ကျေးရွာပေါင်း(၂၄၆)ရွာ ရှိပါတယ်။ လူဦးရေအားဖြင့်တော့ တစ်သိန်းနီးပါးလောက်ရှိပါတယ်။ အဲဒီလူတွေရဲ့ စားဝတ်နေရေး ဖူလုံဖို့အတွက်လမ်းပန်းဆက်သွယ်ရေးဟာ အရေးကြီးတယ်လို့ယူဆပါတယ်။ အဲဒါကြောင့်မို့လို့

ဒီကျေးရွာချင်းဆက်လမ်းပန်းဆက်သွယ်ရေးသာလုပ်ခဲ့လို့ရှိရင် တစ်ရွာနဲ့တစ်ရွာ သွားလာလှုပ်ရှားလွယ်ကူပါတယ်။ တစ်ရွာ ရဲ့ကုန်ထုတ်လုပ်မှုကို တစ်ရွာက ဖလှယ်နိုင်ပါတယ်။ ကုန် ထုတ်လုပ်မှုဖလှယ်နိုင်တဲ့အတွက်ကြောင့် ကုန်ထုတ်လုပ်မှုစွ မ်းအားတွေလည်း တိုးတက်လာနိုင်ပါတ ယ်။ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်လာရင် လူတွေရဲ့ စိုက်ပျိုးမှုစွမ်းအားတွေလည်း တိုးတက်လာမယ်။ ဝင်ငွေလဲပိုရလာမယ် ။ အဲဒီလိုအကျိုးကျေးဇူးအပြင် စာသင်ကျောင်း မရှိတဲ့ ရွာကစာသင်ကျောင်းရှိတဲ့ရွာကို သွားလာမှုလွယ်ကူပါလိမ့်မယ်။ အဲဒီ လမ်းတွေဟာ တစ်ကယ်လို့ကတ္တရာလမ်းဖြစ်စေ၊ ကျောက်ချောလမ်းဖြစ်စေ၊ ကွန်ကရစ်လမ်းဖြစ်စေ တစ်ခုခုဖြစ်ခဲ့ရင် လူတွေဟာကားနှင့်သော်လည်းကောင်း၊ စက်ဘီးနဲ့သော်လည်းကောင်း၊ ဆိုက်ကားနဲ့သော်လည်းကောင်း၊ ဆိုင်ကယ်နဲ့သော်လည်း ကောင်း တစ်ခုခုနှင့်သွားလာလျှင် အလယ်တန်းကျောင်း ရှိတဲ့နေရာကတွဲဖက်အထက်တန်းကျောင်းသို့ အဲဒီလို ပဲ အထက်တန်းကျောင်းရှိတဲ့နေရာသို့ အလွယ်တကူသွားရောက် နေ့စဉ်နေ့တိုင်း သွားရောက်ကျောင်းတက်နိုင်ပါတယ်။ မဟုတ်ရင် အဲဒီ တောနယ်ကကျောင်းသူ/ကျောင်းသားတို့ဟာ မြို့ကိုသွားပြီး တော့ ကျောင်းတက်နေရင် သူတို့ရဲ့စရိတ်တွေဟာအလွန်တရာကြီးမားတယ်။ ဒုတိယအားဖြင့် ကျန်းမာရေးဆေးခန်းမရှိတဲ့နေရာက ကျန်းမာရေးဆေးခန်းရှိတဲ့နေရာ တိုက်နယ်ဆေးရုံသို့ အလွယ်တကူသွားလာနိုင်တယ်။ အဲဒီလို အကျိုးကျေးဇူးရှိနိုင်တဲ့အတွက်ကြောင့် ကျေးရွာချင်းဆက်လမ်းတံတားဖောက်လုပ်ရေးကို ကျွန်တော်တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒါ မေးခွန်းကတော့ မင်းပြားမြို့နယ် လက်ယာဘက် ကမ်းရှိ ကျေးရွာချင်းဆက်လမ်းတံတား ဖောက်လုပ်ရန် စီမံကိန်းရှိပါသလား ။ ရှိပါက မည်သည့် အချိန်ကာလတွင်အကောင်အထည်ဖော်ပေးနိုင်ပါမည်နည်း။ မရှိပါက အဘယ်အကြောင်းကြောင့်ပါနည်း။ ကျေးဇူးတင်ပါတယ်။

## ကန်ပက်လက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်း ကကန်ပက်လက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး အတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ် တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စု ဝန်ကြီးများ၊ ရွေးချယ်ခံလွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) ကန်ပက်လက်မြို့နယ်မှ ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီက နေ့မေးခွန်းမေးလိုရာမှာ ကန်ပက်လက်မြို့ နယ် အတွင်းမှာ အင်မတန်မှ လမ်းပန်းဆက် သွယ်ရေး နိမ့်ကျနေသေးတဲ့အတွက်ကြောင့် ကျေးရွာချင်းဆက်လမ်း များ ပြည်ထောင်စုအစိုးရ အစီအမံ အနေဖြင့် ဆောင်ရွက်ပေး နိုင်ဖွယ်ရာ အစီအစဉ် ရှိ/မရှိ ကို မေးလိုတာဖြစ်ပါတယ်။ ဒီလိုမေး ခွန်းမေးရာမှာ မြို့နှင့်ကျေးရွာ ချင်းဆက်လမ်းများနဲ့ ပတ်သက် ပြီးတော့ ဒီလွှတ်တော်မှာ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများက ပြည်ထောင်စုဝန်ကြီး အသီးသီးကို မေး မြန်းဆွေးနွေးခဲ့ပြီးသာဖြစ်တဲ့အပြင် ဒီမေးခွန်းဟာလွှတ်တော်ကြီးနဲ့ မသက်ဆိုင် ပါဘူးလို့ မြင် စရာထင်စရာ အကြောင်း ရှိသော်ငြားလ ည်းပဲ ကျွန်တော့်ရဲ့မဲဆန္ဒ နယ်မြေ ဒေသကို အခြေခံပြီးတော့ မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မေးမြန်းတင်ပြချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ချင်းပြည်နယ် ကန်ပက်လက်မြို့ရဲ့ အခြေအနေကို အကျဉ်းချုပ်သာခက တင်ပြလိုပါ တယ်။ ကန်ပက်လက်မြို့နယ်ထဲမှာ အမြင့်ပေ တစ်သောင်း ကျော်မြင့်တဲ့ နတ်မ တောင်ခေါ် ဝိတိုရိယတောင်ရှိပါတယ်။ အဲဒီတောင်ကနေတစ်ဆင့် တောင်စွယ်တောင်တန်းတွေဟာ အရပ် မျက်နှာအသီးသီးကို သွယ်တန်းနေလျက်ရှိပါတယ်။ ချောင်းကြီးချောင်းငယ်အသီးသီးရဲ့ ချောင်းဖျား ခံရာဒေသလည်းဖြစ်ပါတယ်။ တောတောင် ထူထပ်ပြီး ချောင်းငယ်မြောင်းငယ်များ ပေါများခြင်း ကြောင့် လမ်းပန်းဆ က်သွယ်ရေးလွန်စွာ ခက်ခဲလျ က်ရှိနေပါတယ်။ ကန်ပက်လက်မြို့နယ် မှာ ကျေးရွာပေါင်း(၁၁၇)ရွာရှိပြီး (၁၃)ရွာခန့်သာလျှင် ဆိုင်ကယ် လမ်းဖောက်နိုင်ပြီးတော့ ကျန်တဲ့ ရွာပေါင်း(၁၀၀)ကျော်ဟာ မိမိတို့ရဲ့ရိုးရာ ခြေလျင်ခရီးအားဖြင့်သာ ကြမ်းတမ်းခက်ခဲစွာ သွားလာ ရသေးတဲ့အနေအထားရှိပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်

ဦးစီးအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးစီမံချက်ကို လုပ်ဆောင်တဲ့နေရာမှာ ကျေးလက်နေပြည်သူများက နှစ်ထောင်းအားရကြိုဆိုလျက်၊ မျှော်လင့်လျက်ရှိနေကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နဲ့ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းများ တ စ်ပိုင်တစ်နိုင်ဖောက်နေကြပါပြီ။ လွန်ခဲ့သော အချိန်ကာလများလို သမရိုးကျနေလို့ မဖြစ်တော့ကြောင်း ခေတ်က လုံးဝလက်မခံတော့ကြောင်းလည်း ပြည်သူတွေ မြင်လာကြပါပြီ။ လမ်းပန်းဆက်သွယ်ရေးသာမက အစစအရာရာ ဘက်ပေါင်းစုံမှ သာယာဖြောငို့ဖြိုးလာလိမ့်မယ်၊ တိုးတက်လာလိမ့်မယ်လို့၊ ယုံကြည်မျှော်လင့်နေကြပါတယ်။ လွယ်ကူလာမယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးဟာ ဒီဒေသရဲ့ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးလုပ်ငန်းကိုပါ အထောက်အကူပြုပြီးတော့ ဒေသရဲ့ ဆင်းရဲနွမ်းပါးမှု မဖွံ့ဖြိုးမှုဆိုတာတွေလည်းပဲ ပပျောက်နည်းပါးသွားမှာဖြစ်တယ်လို့ ယုံကြည်လာကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်းရဲနွမ်းပါးမှုနှုန်း အမြင့်ဆုံး၊ ဖွံ့ဖြိုးတိုးတက်မှုနှုန်း အနိမ့်ဆုံးဖြစ်နေတဲ့ ကျွန်တော်တို့ ချင်းပြည်နယ်ဒေသတချို့နဲ့ ကနပက်လက် မြို့နယ်အတွင်းမှာ ဆိုင်ကယ်လမ်း၊ မပေါက်နိုင်သေးတဲ့မြို့များနှင့် ကျေးရွာ၊ ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်း ၊ ဆိုင်ကယ်လမ်းမှသည်ကားလမ်းဖြစ်လာနိုင်ရေးအတွက် လက်သုံးလမ်းတူးကိရိယာများ စားနပ်ရိက္ခာ အင်အား၊ ငွေအင်အားများဖြင့် နိုင်ငံ တော်အစိုးရမှ အကောင်အထည်ဖော် ထောက်ပံ့ဦးစားပေး လုပ်ဆောင်ရန် အစီ အစဉ် ရှိ/မရှိ ကို လေးစားစွာ တင်ပြ မေးမြန်းခြင်းဖြစ်ပါတယ်။ အထူးပဲ ကျေးဇူးတင်ပါတယ်။

**ချင်းတိုင်းရင်းသားလူငယ်များကို တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းများတွင် ပညာသင်ကြားနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေက ချင်းတိုင်းရင်းသားလူငယ်များကို တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းများတွင် ပညာသင်ကြားနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မင်းတပ်မြို့နယ်မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန် တော် မေးမယ့်မေးခွန်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံတော်ကဖွင့်လှစ်ပေးတဲ့ တိုင်းရင်းသား လူငယ်သင်တန်း ကျောင်းတွေမှာ လူမျိုးမရွေး၊ဘာသာမရွေး အားလုံးပညာသင်ကြားနိုင်ဖို့ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တင်ပြမယ့်မေးခွန်းကို စာဖြင့်ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ တပ်မတော်အစိုးရက ကျွန်တော်တို့နိုင်ငံတော်ကို တာဝန်ယူ အု ပ်ချုပ်လာတဲ့ အချိန်ကစပြီးတော့ ဝေးလံသီခေါင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းပြီး နိုင်ငံတော်ဘဏ္ဍာမြောက်မြားစွာ အကုန်အကျခံဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံရှိ နယ်စပ် ဒေသနေ တိုင်းရင်းသားလူမျိုးများရဲ့ ပညာရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသား လူ ငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို တစ်နိုင်ငံလုံးမှာ(၂၇)ကျောင်း ဖွင့်လှစ်ပေးခဲ့ရာ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ကျောင်း (၉)ကျောင်းအထိ နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့ပါတယ်။ နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များ အဆင့်မြ င့်ပညာဆည်းပူးနိုင်ရန်အတွက် ရန်ကုန်နဲ့ မန္တလေးမြို့များမှာ ပြည်ထောင်စုတိုင်းရင်းသားလူငယ် စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် များ ဖွင့်လှစ်သင်ကြားပေး လျက်ရှိပါတယ်။ ယင်းကျောင်းများမှမွေးထုတ်ပေးလိုက်တဲ့လူငယ်များဟာယနေ့ စစ်ဘက်နယ်ဘက် အသီးသီးမှာ နိုင်ငံတော်တာဝန်များကို ဦးစီးအရာရှိအဆင့်၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများ၊ ဒုတိယဦးစီးမှူးအဆင့်အထိ တာဝန်ထမ်းဆောင်နေကြတာကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော် အစိုးရ၏ နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများအပေါ်ထားရှိတဲ့ စစ်မှန်တဲ့ စေတနာကို လက်တွေ့ခံစားနေကြရပြီဖြစ်ပါတယ်။ ကျွန်တော်တို့ချင်းပြည်နယ်မှာလည်း ချင်းတိုင်းရင်းသား လူငယ်များဟာ ကျရာကဏ္ဍကနေပြီးတော့ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြပြီဖြစ်ပါတယ်။

အလျဉ်းသင့်လို့ ကျွန်တော်တို့ ချင်းပြည်နယ်အခြေအနေကို တင်ပြလိုပါတယ်။ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ဖို့အတွက် ကျေးရွာများကို ကွင်းဆင်း ရောက်ရှိတဲ့အခါမှာ ကျေးလက်နေ ချင်းတိုင်းရင်းသား ပြည်သူများ ရဲ့ တင်ပြချက်အရ မြို့နယ်များရှိ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှာ လူမျိုးမရွေး၊ ဘာသာမရွေး ဆင်းရဲနွမ်းပါးပြီး ဉာဏ်ရည်ထက်မြက်တဲ့ လူငယ်များကို ရွေးချယ်ပြီးတော့ ပညာသင်ကြားစေသင့်ကြောင်း တင်ပြလာကြပါတယ်။ ဒါ့ ကြောင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ၃၄၈ မှာ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကို မျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ် ရာ ဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း ၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရဟု ပြဋ္ဌာန်းထားသည်နှင့်အညီ လူမျိုးဘာသာမရွေး တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် လူငယ်စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များမှာ တက်ရောက်ပညာ သင်ကြားစေနိုင်ရန်နှင့် မိမိတို့ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် ဝတ်ပြုဆုတောင်းခွင့်များ ရရှိအောင် စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါမှသာနယ်စပ်ဒေသနှင့် တိုင်းရင်းသားပြည်သူများဟာ ယခုထက်ပိုမို၍ နိုင်ငံတော်ရဲ့ စေတနာမှန်ကိုနားလည်သဘောပေါက်လာကြမှာဖြစ်ကြောင်းနှင့် ထက်မြက်ပြီးဉာဏ်ရည်အချင်းပြည့်ဝတဲ့ တိုင်းရင်းသားလူငယ်များပေါ်ထွက်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပါ ပိုမိုခိုင်မာလာစေမှာ မလွဲဧကန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်တို့ ချင်းပြည်နယ်အကြောင်း အနည်းငယ် ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ မြို့နယ်ပေါင်း(၉) မြို့နယ်နှင့် မြို့နယ်ခွဲ (၃)မြို့နယ်နဲ့ ဖွဲ့စည်းထားပြီးတော့ လူဦးရေ(၅)သိန်းကျော် နေထိုင်လျက်ရှိနေပါတယ်။ အဲဒီ (၉) မြို့နယ်မှာ ကြည့်မယ်ဆိုရင် မြောက်ပိုင်းက ကျွန်တော်တို့ရဲ့ ညီအစ်ကို တွေဖြစ်တဲ့ တီးတိန်၊ ဟားခါး၊ ဖလမ်း၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါးမြို့နယ် ခွဲ၊ ရိဒ်ခေါဒါရ်မြို့နယ်ခွဲ တွေမှာ နေထိုင်ကြတဲ့ ကျွန်တော်တို့ ချင်းတိုင်းရင်းသားအများစုဟာ ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်တဲ့ ပြည်သူတွေ ဖြစ်ပါတယ်။တောင်ပိုင်းမှာလည်း မတူပီမြို့နယ် ၊ ရေဇွာမြို့နယ်ဟာ ခရစ်ယာန် ဘာသာအများဆုံး ကိုးကွယ်တဲ့ မြို့နယ်တွေ ဖြစ်ပါတယ်။ ပြီးရင် မင်းတပ်နဲ့ ကန်ပက်လက်၊ ပ လက်ဝမှာ ကျွန်တော်တို့ ခရစ်ယာန်ဘာသာ ယုံကြည်ကိုးကွယ်သူ (၆၀)ရာခိုင်နှုန်း လောက်ရှိပါတယ်။ ဒီလို

အနေအထားမျိုးဟာ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ အနေအထားရှိ ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခြေအနေကို ဒီကနေ့ ကြည့်မယ် ဆိုလို့ရှိရင် ဥပမာသာဓက အားဖြင့် မင်းတပ်မြို့အကြောင်းကို ဆွေးနွေးပါမယ်။ ကျွန်တော်တို့ မင်းတပ်မြို့နယ်ဟာ မျိုးနွယ်စု အားဖြင့် ငွင်၊ မကား၊ တိုင် (၃)မျိုး ရှိပါတယ်။ အဲဒီ (၃)မျိုးမှာ ကျွန်တော်ကိုယ်တိုင် ငွင်လူမျိုးနွယ် စု ဖြစ်ပါတယ်။ ကျွန်တော်တို့ ငွင်မျိုးနွယ်စုမှာ ခရစ်ယာန်ဘာသာယုံကြည်ကိုးကွယ်သူ (၆၀) ရာခိုင်နှုန်း လောက်ရှိပါတယ်။ မကားနဲ့တိုင်မျိုးနွယ်စုမှာ မင်းတပ်မြို့နယ်နဲ့ မိုင် (၈၀) (၁၀၀) ဝေးတဲ့ တကယ့် ဝေးလံသီခေါင်တဲ့ နေရာမှာ နေထိုင်တဲ့ မျိုးနွယ်စုတွေဖြစ်ပါတယ်။ ဒီပြည်သူတွေဟာ အများ အား ဖြင့် ခရစ်ယာန်ဘာသာကို ယုံကြည်ကိုး ကွယ်သူများ ဖြစ်နေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီနေ့ကြည့်လို က်မယ်ဆို ရင် ငွင်မျိုးနွယ်စုထဲက (၄၀) ရာခိုင်နှုန်း သော ငွင်မျိုးနွယ်စု ထဲကပဲ လူငယ်သင်တန်းကျောင်းတွေနဲ့၊ ဒီလူငယ်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တွေမှာ တက်ရောက် နေတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ခရ စ်ယာန်လူငယ်တွေ တော်တော်များများ မတက် ရောက်နိုင်ပါဘူး။ အဲဒီလိုအနေအထားမျိုးမှာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်များမှာ ခရစ်ယာန် ဘာသာ ယုံကြည်ကိုးကွယ်သူများ တက်ရောက်ပညာ သင်ကြားနိုင်ရန် မရှိသလောက်ဖြစ်နေပါတယ်။ ကျွန်တော် တို့ မင်းတပ်မြို့နယ်မှာ ငွင် ၊ မကား၊ တိုင် မျိုးနွယ်စု (၃) မျိုးရှိတဲ့အထဲမှာ စောစောတုန်းက ကျွန်တော်ဖော်ပြတဲ့အတိုင်းပဲ အများစုဟာ ငွင်လူမျိုး ဖြစ်ပြီးတော့မှ ဒီ မကား၊ တိုင်လူမျိုးများဟာ ခရစ်ယာန် ဘာသာဝင်များဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီနေ့ကြည့်မယ်ဆိုရင် ဒီသင်တန်းကျောင်းတွေမှာ သူတို့မျိုးနွယ်စု ဒီမျိုးနွယ်စု (၂)စု ဟာ တက်ရောက်နိုင်ခြင်းမရှိတာကို တွေ့ ရပါတယ်။ သာဓက အားဖြင့် ကျွန်တော်ပြောမယ် ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒီနေ့ ယူနန်ပြည်နယ်မှာကြည့်မယ်ဆိုရင် တိုင်းရင်းသား ဖွံ့ဖြိုးရေး ကျောင်းတွေမှာ ကချင်လူမျိုးရဲ့ မျိုးနွယ်စုဖြစ်တဲ့ ဂျိန်းဖောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသက ဂျိန်းဖော လူမျိုးတွေဟာ ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်တဲ့သူတွေ ဖြစ်ပါတယ်။ ယူနန်ပြည်နယ်က စ စ်ဆောင်ပနားဒိုင်လူမျိုးများဟာ ကျွန်တော်တို့ ရှမ်းလူမျိုးတွေပဲဖြစ်ပါတယ် ။ ဒီလူမျိုးများဟာ ဗုဒ္ဓဘာသာကို ယုံကြည် သက်ဝင် ကိုးကွယ်ကြ တဲ့ လူမျိုးများဖြစ်ပါတယ်။ တရုတ်ပြည်ရဲ့ မြောက်ပိုင်းမှာရှိတဲ့ စင်ကျန်းပြည်နယ်က ဝီကာလူမျိုးတွေဟာ မွတ်ဆလင်ဘာသာကို ကိုးကွယ် ယုံကြည်တဲ့ လူမျိုးများဖြစ်ပါတယ်။ ဒီလို တိုင်းရင်းသားတွေထဲက ယုံကြည်ကိုးကွယ်မှု အမျိုးမျိုး ရှိတဲ့ တိုင်းရင်းသားလူမျိုးအားလုံးဟာ သူတို့ရဲ့ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေမှာ

လူငယ်သင်တန်းကျောင်းတွေမှာ စနစ်တကျနဲ့ လေ့ကျင့်ပျိုးထောင်ပေးနေတာကို ယနေ့ ကျွန်တော်တို့ တွေ့မြင် ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားလူငယ်သင်တန်းကျောင်းများနဲ့ အထူးသဖြင့် ကျွန်တော်တို့ ချင်းပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားလူငယ်သင်တန်းကျောင်းများ၊ ရန်ကုန်၊ မန္တလေး လူငယ် စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကျောင်းများမှာ လူမျိုးဘာသာမရွေး ဆင်းရဲနွမ်းပါး ပြီး ဥာဏ်ရည် ထက်မြက်တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များအား စနစ်တကျ စိစစ်ရွေးချယ်ပြီးလာမယ့် ပညာသင်နှစ်မှာ တက်ရောက်ပညာ သင်ကြားနိုင်ခွင့်ရှိရန် မည်သို့စီမံဆောင်ရွက်ပေးသည်ကို နယ်စပ်ဒေသနေ ချင်းတိုင်းရင်းသား ပြည်သူများကိုယ်စား ဤမေး ခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်တွေမြို့၏ လမ်းမကြီးများကို အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က စစ်တွေမြို့၏လမ်းမကြီးများကို အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး(ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃))။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက် လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး က တလေးတစားနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ရ ပါတယ်။ ကျွန်တော် ဒီနေ့မေးချင်တဲ့မေးခွန်းကတော့ စစ်တွေမြို့၏လမ်းမကြီးများကို အဆင့်မြှင့်ပြုပြင် ပေးရန် အစီအစဉ်ရှိ /မရှိဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကိုမမေးခင်မှာ ကျွန်တော် ကျေးဇူးတင်ထို က်သူများကိုတော့ ကျေးဇူးတင်ရပါမ ယ်။ ကျေးဇူးတင်ခြင်းဟာ မင်္ဂလာတစ် ပါးပဲဖြစ်ပါတယ်။ ဒီလို ခမ်းခမ်းနားနား ထည်ထည်ဝါဝါနဲ့ မြန်မာနိုင်ငံမှာ အမြင့်ဆုံးဥပဒေပြုအာဏာရထားတဲ့ လွှတ်တော်ကြီးမှာ ကျွန်တော်တို့

ပြည်သူ့ကိုယ်စားလှယ်တွေဟာ ပြည်သူတွေလိုလားတဲ့ မေးခွန်းတွေကို မေးနိုင်အောင် ကျွန်တော်တို့ကို တည်ဆောက်ပေးခဲ့တဲ့ အရင်နိုင်ငံတော်အကြီး အကဲများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ ဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ အရင်တုန်းက အဖွဲ့အစည်း အားလုံးကို ကျေးဇူးတင်ရပါမယ်။ ပြီးတော့ အခုလက်ရှိလုပ်နေကြတဲ့ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီး၊ ရုံးအဖွဲ့များ၊ မနေ့ကဆိုရင် ကျွန်တော့်ကို ညနေပိုင်းမှာကပ်ပြီးတော့ ဖုန်းဆက်ပြီးတော့ သတိပေးပါတယ်။ ဒီနေ့မေးခွန်းမေးစရာရှိတယ်။ ဦးခင်မောင်သိရှိပါသလားဆိုပြီးတော့။ သူတို့ဘယ်လောက် အလုပ်လုပ်နေကြတာ လဲဆိုတာကို ကျွန်တော် တို့ အသိအမှတ်ပြုရပါမယ် ။ နောက်ပြီးတော့ ဒီမိုကရေစီလမ်းကြောင်းမှာ ဒီလိုပံ့ပိုးမှုတွေနဲ့ ကျွန်တော်တို့လျှောက်သွားလို့ရှိရင် ကျွန်တော်တို့ဟာ အောင်မြင်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ်ကိုရရှိလာမှာပါ။ ကျွန်တော်တို့မေးတဲ့ မေးခွန်း တွေကလည်း ကျွန်တော်တို့ကို ရွေး ချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ တွေရဲ့အသံ၊ ပြည်သူတွေရဲ့ ဆန္ဒပဲ ဖြစ်တာမို့လို့ ဒါတွေကို ဖြည့်ဆည်းပေးရမှာ ကျွန်တော်တို့ရဲ့ဝတ္တရားပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တလေးတစားနဲ့ ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်ရဲ့မေးခွန်းကို သည်းခံပြီးတော့ နားထောင်ကြဖို့တောင်းပန်ပါတယ်။ ကျွန်တော်နည်းနည်းနိဒါန်းပျိုး ချင်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည် နယ်ဟာ အင်မတန်မှ ထူးခြားတဲ့ အနေအထားရှိပါတယ်။ မြန်မာပြည်ရဲ့ တစ်ဖက်စွန်းမှာအနောက်ဘက်မှာရှိပြီးတော့ ပင်လယ်ပြင်ကြီးနဲ့တစ်ဖက်မှာကျတော့ တောင်တန်းကြီး နဲ့ ပြည်မနဲ့ ဝေးကွာခဲ့ရပါတယ်။ ရခိုင်ပြည်နယ်ဟာ ၁၈၂၆ ခုနှစ်က နေပြီးတော့ အင်္ဂလိပ် လက်အောက်ကို မြန်မာနဲ့အင်္ဂလိပ်စစ်ပွဲလက်ဆောင်အဖြစ်အနေနဲ့ ရောက်ရှိခဲ့ပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာက အင်္ဂလိပ်အစိုးရတွေဟာ သူတို့ရောက်ရှိတဲ့ကိုလိုနီတွေမှာ ဘယ်လိုလုပ်ဆောင် သွားတယ်ဆိုတာကို ကျွန်တော်တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ နမူနာယူရမယ့် အနေအထားတွေရှိပါတယ်။ ကျွန်တော်တို့ စစ်တွေမြို့ဟာ အင်္ဂလိပ်တွေ ရောက်တဲ့အချိန်မှာ မြောက်ဦးမြို့ကနေပြီးတော့ စစ်တွေကို အင်္ဂလိပ်တွေက ပြောင်းရွှေ့လာခဲ့ပါတယ်။ ဒါဟာဘာကို ပြလဲ ဆိုတော့အားသာချက်ရှိတဲ့ ပင်လယ်အနေအထားကိုယူပြီးတော့မှမြို့ကို ပြောင်းမယ်ဆိုတဲ့အနေအထား ဖြစ်ပါတယ်။ ရောက်ရောက်ချင်းပဲ မြို့ကိုမြို့နဲ့တူအောင် ရုံးအဆောက်အဦတွေဆောက်တယ်။ ရုံးကို ရုံးနဲ့တူအောင်လုပ်တယ်။ ကျောင်းကိုကျောင်းနဲ့တူအောင်လုပ်တယ်။ လမ်းတွေကိုလည်း စနစ်တကျ ဖောက်ခဲ့ပါတယ်။ ဒီဟာတွေဟာ ကိုလိုနီရဲ့အမွေဆိုးတွေကို ပြောနေမယ့်အစား ကောင်းတဲ့အချက်

ကလေးတွေကိုလည်း အတုယူဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်။ ဗြိတိသျှတွေ ထွက်သွားပြီးတော့မှ ကျွန်တော်တို့ အင်မတန်မှ လိုလားတဲ့ လွတ်လပ်ရေးကို တောင်းဆိုခဲ့ပြီး တိုက်ယူပြီးတော့မှ ရတဲ့ အချိန်မှာ ကျွန်တော်တို့ဟာ တည်ဆောက်မှုတွေကို ဘာမှမလုပ်နိုင်ခဲ့ပါဘူး။ ဒါအမှန် တရားပါ။ ဒါကျွန်တော်တို့ရဲ့ ပျော့ညံ့ချက်ဖြစ်ရင်လည်း ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့တွေဟာ ပြည်ထောင်စု မှာရှိတဲ့ တိုင်းသူပြည်သားတွေ အကုန်လုံး တညီတညွတ်တည်းနဲ့ ပြည်ထောင်စုကို တည်ထော်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည်ဟာ အခုအချိန်အခါမှာ အနီးအနားမှာရှိတဲ့ ကျွန်တော်တို့ထက် အင်မတန်မှသေးငယ်တဲ့ စင်္ကာပူလိုနိုင်ငံတွေ၊ ယိုးဒယားလို၊ တစ်ဖက်မှာရှိတဲ့ မလေးရှားတို့လို၊ ဘရူနိုင်းတို့လို နိုင်ငံတွေကို ကျော်ပြီးတော့မှ ကျွန်တော်တို့ဟာ အာရှမှာ မော်ကြွားနိုင်မှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမြို့က ခုနကပြောသလို ရာဇဝင်မှာ စာတင်မခံရတဲ့မြို့ပါ။ သူ့ရဲ့မြို့သက်တမ်းဟာ နည်းနည်းပဲရှိပါသေးတယ်။ ဒါပေမယ့် တစ်ချိန်တုန်းက စစ်တွေမြို့ဟာ တော်တော့်ကိုခေတ်မီတဲ့ မြို့တစ်မြို့ဖြစ်ခဲ့ပါတယ်။ အရင်ခေတ်ကို မီလိုက်တဲ့လူတွေဟာ အမြဲတမ်း ကျွန်တော်တို့ မကြားချင်လောက်အောင် လွမ်းဆွတ်တမ်းတပြီးတော့ အချိန်ကောင်း၊ ခေတ်ကောင်း ဆိုပြီး ပြောနေကြပါတယ်။ အဲဒါတွေဟာ ကျွ န်တော်တို့ ဘယ်လိုနားထောင်ရမယ် မှန်း မသိပါဘူး။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ရောက်လာတဲ့အခါကျတော့ နဂိုကရှိနေတဲ့ ကျွန်တော်တို့ မြို့ရဲ့အနေအထားဟာ ပိုပြီးတော့တောင် ဆုတ်ယုတ်သွား သေးပါတယ်။ တစ်ချိန်လုံး ဒီပေါ်လစီ တွေနဲ့(Sologan)လို့ခေါ်တဲ့ ဒီဝါဒဖြ န့်ချီရေးတွေနဲ့ ပိပြီးတော့မှ ကျွန်တော်တို့ဟာ မြို့ပြုပြင်ရေး အတွက်ကို ဘာမှမလုပ်နိုင်ခဲ့ပါဘူး။ ယခု အစိုးရလက်ထက် ခေတ်ပြောင်းအစိုးရလက်ထက်မှာ စစ်တွေမြို့ရဲ့ အင်္ဂါရပ်ဖြစ်တဲ့ ပြတိုက်တို့၊ မြို့တော်ခန်းမတို့၊ ပန်းခြံတို့ ဆိုတာ ရှိလာပါတယ်။ တပ်မတော်အစိုးရလက်ထက်က အင်္ဂလိပ်ဆောက်ခဲ့တဲ့ (View Point) ဆိုတဲ့ ပင်လယ်ကမ်းခြေ ရှုခင်းသာ အနားယူတဲ့နေရာကိုသွားဖို့အတွက် ရှုခင်းသာလမ်းဆိုပြီးတော့ လမ်းဖောက်ခဲ့ ပါတယ်။ ဒါပေမယ့် အဲဒီရှုခင်းသာလမ်းဟာ တစ်ချိန်တုံးကဆိုရင် သူ့လမ်းတစ်လျှောက်မှာ ထင်းရှူးပင်တွေ အစီအရီနဲ့ အင်မတန်မှ သာယာပါတယ်။ လမ်းလျှောက်လို့ လည်းကောင်းတယ်။ မြို့သူမြို့သားတွေဟာ မနက်ရော၊ ညနေရော သွား လာကြပါတယ်။ ယခုချိန်မှာ အဲဒီမှာရှိတဲ့ သစ်ပင်တွေဟာလည်း ဘယ်လို အကြော င်းကြောင့်မှန်းမသိဘူး။ တစ်ပင်မှ မရှိတော့ပါဘူး။ ပြီးတော့ ညဘက်ကျလို့ရှိရင်လည်း အဲဒီလမ်းက မှောင်မိုက်ပြီးတော့ အန္တရာယ်ရှိပါတယ်။ အင်မတန်မှ ဒုစရိုက်တွေလည်း ရှိနိုင်တာမို့ မြို့သူမြို့သားတွေဟာ လမ်းထွက်မလျှောက်ရဲ

တော့ပါဘူး။ တစ်ခါကဆိုလို့ရှိရင် မိန်းကလေးတစ်ယောက် ဟာ အဲဒီလမ်းမှာ ဗလက္ကာရ ပြုကျင့်ခံရပြီးတော့ အသက်တောင်မှ စွန့်လွှတ်ခဲ့ရပါတယ်။ အဲဒီလိုအနေအထားတွေရှိတဲ့မြို့မှာ၊ စစ်တွေမှာ လမ်းမကြီးဆိုလို့ (၂) လမ်းပဲရှိပါတယ်။ (၄)မိုင်လောက်ပဲရှိပါတယ်။ အဲဒီလမ်းမကြီး (၂)လမ်းဟာ ပြောရမယ်ဆိုလို့ရှိရင် ပြုပြင်မှုနည်းပါးပြီးတော့ လိုအပ်လို့ရှိရင် ဖာထေးပြီးတော့ သွားနေတဲ့လမ်းတွေဖြစ်ပါတယ်။ ဒါကတော့ သိပ်ပြီးတော့မဆန်းဘူးလို့ထင်ပါတယ်။ မြန်မာပြည်ကလမ်းတွေဟာ များသောအားဖြင့်တော့ အဲဒီလိုပဲ ရှိလိမ့်မယ်လို့ ထင်ပါတယ်။ ရန်ကုန်မြို့ကို အလည်လာကြတဲ့ စစ်တွေမြို့သူမြို့သားတွေဟာ ရန်ကုန်ရောက်လို့ရှိရင် နှိုင်းယှဉ်ကြပါတယ်။ ရန်ကုန်မပြောနဲ့ ကျွန်တော်တို့ ရေ ဝေးသချိုင်းနားမှာရှိတဲ့ ရပ်ကွက်ကလေးတွေတောင်မှ ကွန်ကရစ်လမ်းတွေနဲ့ အင်မတန်မှ တင့်တောင့်တင့်တယ် ဖြစ်နေကြတာ တွေ့တဲ့အခါကျတော့ သူတို့က ငါတို့မြို့ က ဘယ်လိုပါလိမ့်။ ဒီလောက်တောင်မှအဆင့်မရှိပါလားဆိုပြီးတော့ ဂမ်းနည်းပမ်းနည်းနဲ့ ပြောတတ်ကြပါတယ်။ ယခုအခါ ရန်ကုန်မြို့ဟာ သူတို့တည်းခိုနေတဲ့ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံမြို့သစ်တွေမှာ မကြာသေးမီအချိန်ကပင် အကုန်လုံး ကွန်ကရစ် လမ်းတွေဖြစ်နေကြပါတယ်။ အဲဒါကိုလည်း သူတို့တအံ့တဩနဲ့ ပြောနေ ကြပါတယ်။ လူတွေဟာ နှိုင်းယှဉ်တတ်ကြပါတယ်။ နှိုင်းယှဉ်ခြင်းဟာ ကောင်းတဲ့ဘက်ကို သွားဖို့လိုပါတယ်။ ကျွန်တော် တစ်လောက ရေဒီ ယိုက ဟောပြောချက်တစ်ခုကြားလိုက်ရပါတယ်။ ဒီမိုကရေစီဖော်ဆောင်ရာမှာ နိုင်ငံတွေမှာ တိုင်းရင်းသား ပြည်သူတွေရှိလို့ရှိရင် အကုန်လုံးဟာ တိုင်းနဲ့ပြ ည်နယ်တိုင်းရင်းသားတွေဟာ တညီတညာ တည်း ဖြစ်ရမယ်။ Centralization တစ်နေရာမှာပြုံပြီး တိုးတက်နေလို့ရှိရင် ဒီမိုကရေစီ စနစ်ဟာ မအောင်မြင်နိုင်ဘူးဆိုပြီးတော့ ဖတ်လိုက်ရပါတယ်။ အင်မတန်မှ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသား(၁၀၀)ကျော်၊(၁၃၅)သို့မဟုတ် (၁၁၁) ဘယ်လောက်ပဲရှိရှိ ဒီလူမျိုးတွေဟာ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အတူတကွ လက်ရည်တစ်ပြင်တည်း၊ တစ်အူတုံဆင်း ၊ တစ်ရေထဲသောက် ကျွန်တော်တို့ ပြောချင် သလိုပြော၊ အတူတူနေလာခဲ့ရတယ်။ အတူတူနယ်ချဲ့ကို တိုက်ပွဲ ဝင်ခဲ့ကြတယ်။ ဒီလူတွေဟာ စိတ်ဂမ်းမကွဲပြားဘဲနဲ့ တစ်ချိန်လုံး ကိုယ့်နိုင်ငံကို တညီတညာ နဲ့ထိန်းသိမ်းသွားကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မကြာတော့မယ့် အချိန်အခါမှာ အင်မတန်မှတက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ အင်္ဂလိပ်တွေဆောက်ခဲ့တဲ့ မြို့တွေပြောရမယ် ဆိုရင် မေမြို့တို့၊ တောင်ကြီးတို့ အဲဒီလို မြို့တွေမှာ သူတို့တွေဟာ သူတို့ရဲ့အထိမ်းအမှတ် ကလေးတွေထားခဲ့ပါတယ်။ ကျွန်တော်တို့ စစ်တွေမြို့မှာ

ဆိုလို့ရှိရင် နာရီစင်ရှိပါတယ်။ သံထည်ကြီး တွေနဲ့ ဆောက်ထားပြီးတော့ ၁၈၇၈ ခုနှစ်မှာ ဝိတိုရိယဘုရင်မ ကြီး အထိမ်းအမှတ်အနေနဲ့ ဆောက်ခဲ့ ပါတယ်။ အဲဒီလိုမျိုးပဲ မေမြို့မှာ Parcel Tower ဆိုတာဟာခုထိရှိပါတယ်။ နိုင်ငံခြား သားတွေလာတဲ့အခါမှာ မေးစမ်းပြီးတော့ ရှာဖွေပြီးတော့ ကြည့်ကြပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကျော်ဦး ခဏလေး။ ခ င်ဗျားပြောသွားတဲ့ ဆွေးနွေး တဲ့ အထဲမှာ အင်္ဂလိပ်တွေဟာ ကျောင်းတွေ၊ ဆေးရုံတွေ၊ ရုံးတွေ တည်ဆောက်ပေးခဲ့တယ်။ လွတ်လပ်ရေးရပြီးတော့ မတည်ဆောက်နိုင်ဘူးဆိုတဲ့အတွက် အင်္ဂလိပ်ခေတ်က အင်္ဂလိပ်တွေ တည်ဆောက်သွားတဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးမှုတည်ဆောက်ရေးအဖွဲ့ခေတ်မှာ တစ်နိုင်ငံလုံး ရခိုင်ကို ပြည်ထောင်စုလမ်းမကြီးဖောက်ပေးတာတွေ၊တံတားကြီးတွေထိုးပေးတာတွေ၊ ကျောက်ဖြူထိ လမ်းဖောက်တာတွေ ဒါတွေနဲ့နှိုင်းယှဉ်ကြည့်ပါ။ အဲဒီတော့ စကားပြောတဲ့အခါမှာ လက်လွတ်စပယ် မပြောပါနဲ့။ တိတိကျကျ ပြောဖို့လိုပါတယ်။ စိတ်ထင်ရာ မပြောပါနဲ့။ အဲဒီတော့ ခင်ဗျားပြောတဲ့ စကားကို ပြန်ရုပ်သိမ်းဖို့ ညွှန်ကြားတယ်။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရုပ်သိမ်း ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို ကျွန်တော်လိုအပ်တဲ့ နေရာလေးတွေပြောတာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီမြို့ဆောက်တာလောက်တော့ လူတိုင်းဆောက်နိုင်တာပေါ့။ တစ်နိုင်ငံလုံး လုပ်ရတဲ့ကိစ္စကို အမြင်ကျယ်ကျယ်နဲ့ စဉ်းစားဖို့လိုအပ်တယ်။ လွှတ်တော် ကိုယ်စားလှယ် တစ်ယောက်ဆိုတာ......

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ မှန်ပါတယ် ခင်ဗျား။ နိုင်ငံတော်က ရန်ကုန်-စစ်တွေလမ်းမကြီး၊ မီးရထားလမ်း၊ ကျောင်းတွေ၊ တက္ကသိုလ်တွေ ဆောက်ထားတာလည်း မှန်ပါတယ်။ ကျွန်တော်တို့ ဒီဆောက်တဲ့လမ်းတွေဟာလည်းပဲ တောက်လျှောက် ထိန်းသိမ်းကြပ်မတ်ဖို့ လိုအပ်ပါသေးတယ်။ နောက်ပြီးတော့ ဒီအင်္ဂလိပ်တွေ လုပ်ခဲ့တဲ့နာရီစင်တို့၊ ဘာတို့ဆိုတာကလည်းပဲ ပစ်ပယ်ထားဖို့ မကောင်းပါဘူးခင်ဗျား။ Tourism အတွက် အင်မတန်မှ အသုံးတည့်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါ ဟိုတုန်းက နာရီ မရှိကြလို့ နာ ရီစင်ဆောက်ပေးရတာ။ အခုက လူတိုင်းနာရီပတ်နိုင်တယ်။ အခုလွှတ်တော်ကိုယ်စားလှယ်ထဲမှာ နာရီမရှိတဲ့သူ ရှိလား။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ကျွန်တော် ဟာ အင်္ဂလိပ်အလိုတော်ရိအနေနဲ့ ပြောနေတာမဟုတ်ပါဘူးခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ အဲဒီနေရာကို ရောက်နေပြီ ။ ဒါကြောင့်မို့ ကျွန်တော်ပြောတာ အားလုံးက အတွေးအမြင် မှားသွားမှာစိုးလို့။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ မှန်ပါ တယ် ခင်ဗျာ။ ကျွန်တော်တို့ Tourism ကို ဖော်ဆောင်တဲ့အခါမှာ နိုင်ငံခြားသားတွေရဲ့ အကြိုက်ကိုလည်း ကျွန်တော်တို့ ကြည့်ရပါတယ်။ မေမြို့ ကို လာလို့ရှိရင် Parcel Tower ကြည့်မယ်။ အင်္ဂလိပ်ဆောက်ခဲ့တဲ့ အဆောက်အဦတွေကြည့်တယ်။ သူတို့ အိမ်တွေ ကြည့်တယ်။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံခြားသားအကြိုက်လုပ်တယ်ဆိုတာက ပြင်သစ်အုပ်ချုပ်တဲ့နိုင်ငံ မှာ ပြင်သစ်စတိုင်တွေ ဆောက်ထားတယ်။ အဲဒီဥစ္စာကို ယဉ်ကျေးမှုဇုန်ဆိုပြီးပေးတယ်။ ဒါသူတို့ရဲ့ ကိုလိုနီလက်ကျန်ကိုထိန်းတာ။ အခု ခင်ဗျား က ကိုလိုနီလက်ကျန်ကို ထိန်းချင် နေတယ်။ ဟုတ်ပြီ နော်။ ကိုယ့်အားကိုယ်ကိုးပြီး လွတ်လပ်တဲ့တိုင်းပြည်ကို ထူထောင်ဖို့ ကြိုးစားပါ။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ မိမိလိုချင်တာကို တည့်တည့်ပြောလိုက်ပါ။ ခင်ဗျား အဲဒီလမ်း(၄)မိုင် ခင်းမယ်ဆိုရင် ခင်းပေးဖို့ အဆင်သင့် ရှိတယ်။ ခင်ဗျားက ခုနလိုပေါ့။ အင်္ဂလိပ်ကို ပြန်ခေါ် ချင်တယ်ဆိုရင်တော့လည်း သပ်သပ် အဲဒီဘက်မှာပဲ ပြန်ခေါ်လိုက်ပါ။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ကျွန်တော်က နာရီစင်နား ရောက်နေပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခင်ဗျား နာရီစင်မှာခြေကန်မွေးခဲ့တယ်ဆိုတာ ကျွန်တော်သိပါတယ်။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။နာရီစင်လမ်း ရောက်ဖို့အတွက်က အဲဒီအနားမှာ ရဲစခန်းနဲ့၊ ဈေးဆိုင်နဲ့ ဂန်းရုံပြီးတော့ သူတို့ဓါတ်ပုံရိုက်လို့ရှိရင် ရိုက်လို့ မကောင်းပါဘူးခင်ဗျား။ ကားတွေရပ်ဖို့နေရာလည်းမရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ခင်ဗျားလိုချင်တာ လမ်းဖောက်ဖို့ မဟုတ်လား။ ရပြီ။ ထိုင်တော့။

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတာတွေ၊ ဆွေးနွေးတာတွေမှာ မူလခေါင်းစဉ်နဲ့ သွေဖည်ပြီးတော့ ရည်ရွယ်ချက်တွေမှားယွင်းတာ၊ အတွေးအခေါ်မှားယွင်းတာတွေ မဖြစ်ဖို့လိုတယ်။လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်နဲ့လာပြီးတော့ နိုင်ငံရေးပြည့်ဝတဲ့၊ အရည်အသွေးပြည့်ဝတဲ့ စကားမျိုးတွေပဲပြောဖို့လိုပါတယ်။ မမှားသင့်ပါဘူး ။ ဒီမှာပြောတဲ့စကားတွေက အပြင်ကိုအကုန်ရောက်တယ်။ Media တွေလည်း အကုန်လုံး အသံဖမ်းထားတာဖြစ်တဲ့အတွက် မိမိတို့ ပြောမယ်ဆိုရင် ချင့်ချင့်ချိန်ချိန်နဲ့ ပြောဖို့ လိုတယ်။ အဲလိုမှ မဟုတ်လို့ရှိရင် မိမိတို့ ဝမ်းထဲမှာ ဝမ်းစာဘယ်လောက်ရှိတယ်။ မျိုးချစ်စိတ်ဓာတ် ဘယ်လောက်ရှိတယ်။ ယုံကြည်ချက်ဘယ်လောက်ရှိတယ်ဆိုတာ ပြည်သူက သိသွားလိမ့်မယ်။ အဲဒီတော့ မိမိလမ်းတောင်းချင်တယ် ဆိုရင်လမ်းကို ရိုးရိုးလေးတောင်းလိုက်လို့ရပါတယ်။ အားလုံးသဘောပေါက်ပါတယ်နော်။

**ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အဆင်းရဲဆုံး ဒေသများကို ဦးစားပေးဆောင်ရွက်ရန်နှင့် အဆင်းရဲဆုံးဒေသများအတွက် လမ်းပန်းဆက်သွယ်ရေးကိုပါ ဦးစားပေးဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အဆင်းရဲဆုံး ဒေသများကို ဦးစားပေးဆောင်ရွက်ရန်နှင့် အဆင်းရဲဆုံးဒေသများအတွက် လမ်းပန်းဆက်သွယ်ရေးကိုပါ ဦးစားပေးဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ထန်တလန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေ ါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်မေးခွန်းကို စာဖြင့် ဖတ်ကြားခွင့်ပြုဖို့ ပန်ကြားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်များကို ချင်းပြည်သူများက လှိုက်လှဲစွာ ကြိုဆိုထောက်ခံပါကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။ လွန်ခဲ့တဲ့ တစ်လ၊ နှစ်လအတွင်းမှာ သတင်းစာ၊ ဂျာနယ်၊ အင်တာနက်များမှာ ပြည်နယ်နဲ့တိုင်းများအနက် ချင်းပြည်နယ်က အဆင်းရဲဆုံး ဖြစ်တယ်။ ချင်းပြည် နယ်ရဲ့ဆင်းရဲနွမ်းပါးမှုက (၇၃) ရာခိုင်နှုန်း ဖြစ်ကြောင်း ရေးသားထားကြတာတွေ ကို တွေ့ရပါလိမ့်မယ်။ ဒုတိယအဆင်းရဲဆုံး က ရခိုင်ပြည်နယ် ဆိုပြီးတော့ (၄၃.၅) ရာခိုင်နှုန်းဖြင့် ဖော်ပြထားပါတယ်။ ဆင်းရဲနွမ်းပါးမှု အနည်းဆုံးကတော့ ကယားပြည်နယ်ဆိုပြီးမှ (၁၁.၄) ရာခိုင်နှုန်း ဖြစ်တယ်လို့ ဆိုထားပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးကတော့ ပျမ်းမျှ (၂၅.၆) ရာခိုင်နှုန်း ဖြစ်ပါတယ်လို့ ဆိုထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ချင်းပြည်နယ်၏ ဆင်းရဲနွမ်းပါးမှုက (၇၃) ရာခိုင်နှုန်း ဖြစ်တာကတော့ ချင်းပြည်နယ်မှာ ဘာမှ ထွက်တာလည်း မရှိ၊ ဘာမှ အရင်းအနှီးလည်း မရှိလို့ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့တစ်နိုင်ငံလုံးမှာ ဒေသဖွံ့ဖြိုးရေး အထူးဒေသကြီး (၂၄)ခု သတ်မှတ်တဲ့အချိန်မှာလည်းဆဲ ချင်းပြည်နယ်မပါဝင်ခဲ့ဘူး။ အဲဒါကြောင့်များ ချင်းပြည်နယ်၏ ဆင်းရဲနွမ်းပါးမှုက ကြီးမားနေခြင်းဖြစ်မလားလို့ ကျွန်တော် ယူဆမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေး စီမံချက်မှာ ဖွံ့ဖြိုးမှုနဲ့ ဆိုရင် ဘာမှထွက်ကုန်လည်းမရှိတဲ့ဒေသများကို ဖွံ့ဖြိုးမှုများသော ဒေသများထက် အထူးအစီအစဉ်ဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက ဒေသတစ်ခုနှင့် တစ်ခု ဖွံ့ဖြိုးမှုကွာဟခြင်းသည် ဆက်လက် ကြီးမားလျက်ရှိနေမည်သာ ဖြစ်ပါတယ်။ သို့ဖြစ်၍ နံပါတ်(၁) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ ချရေးစီမံချက်များမှာ အဆင်းရဲဆုံးဒေသ များကို ဦးစားပေး ဆောင်ရွက်ရန် အစီအစဉ်လုပ်ထားပါသလား၊ နံပါတ် (၂) ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်း ဆက်သွယ်ရေးက အဓိကဖြစ်ပါသဖြင့် အဆင်းရဲဆုံးဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်း ဆက်သွယ်ရေးကိုပါ အထူးအစီအစ ဥ်ဖြင့် ဆောင်ရွက်ရန် ရှိပါသလားလို့ မေးခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပလက်ဝမြို့တွင် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအတွက် လက်ရှိ မြစ်ရေတင်စနစ်ကို အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်က ပလက်ဝမြို့တွင် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအတွက် လက်ရှိမြစ်ရေတင်စနစ်ကို အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ချ င်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) ပလက်ဝမြို့နယ်မှ ဦးဆလိုင်းခွဲယန်ဖြစ်ပါတယ်။ ကျွန်တော် ဤလွှတ်တော်သို့ အိန္ဒိယ-မြန်မာကုန်သွယ်ရေးစီမံကိန်းလမ်းမကြီးပေါ်တွင်တည်ရှိသော ချင်းပြည်နယ်၊ ပလက်ဝမြို့အား မြို့အင်္ဂါရပ်နဲ့ ညီညွတ်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိ တင်ပြထားတဲ့ မေးခွန်း(၄)ခုထဲက အခု ပထမဆုံးပလက်ဝမြို့မှာ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းစနစ်ကို အဆင့်မြှင့်တင်ပေးရန်ဆိုတဲ့ မေးခွန်းကိုဦးစွာစတင်မေးမြန်းမှာဖြစ်ပါတယ်။ ပလက်ဝမြို့ဟာ ချင်းပြည်နယ်တောင်ပိုင်းအစွန်ဆုံးမှာဖြစ်ပြီးတော့ ကုလားတန်မြစ်ရဲ့ အနောက်ဘက်မှာ တည်ရှိပါတယ်။ မြို့ရဲ့တည်နေရာအနေအထားဟာ မြေပြန့်နည်း ပါးပြီး တောင်စောင်း၊ တောင်ကုန်း တွေမှာတည်ရှိတဲ့အတွက်ကြောင့်မို့လို့ သောက်သုံးရေပေးဝေမှုမှာ လုံလောက်မှုမရှိတာကို တွေ့ရပါတယ်။ အထူးသဖြင့် မြစ်ရေတင်စီမံကိန်းကို မြစ်ရေတင်စနစ်နဲ့ ရေပေး ဝေတဲ့အခါမှာ အနိမ့်ပိုင်းဒေသတွေမှာရေရရှိမှ အမြင့်ပိုင်းနေရာမှာ ရေမရောက်ရှိနိုင်တာ အခက်အခဲဆုံးဖြစ်ပါတယ်။ အဲဒီတော့ ဒီမြစ်ရေတင်စနစ် ကျင့်သုံးတဲ့အခါမှာလည်းပဲ ယခင်က ပညာရေးမြှင့်တင်မှု အစီအစဉ်မှာ ပါဝင်တဲ့ UNICEF အစီအစဉ်နဲ့ အ .ထ.က(ပလက်ဝ)ကိုပေးထားတဲ့ မြင်းကောင်ရေ(၃၀)ခန့်သာရှိတဲ့ စက်နဲ့သာမြစ်ရေကိုတင်ပြီးမှ မြို့ထဲကို ရေပေးတာဖြစ်ပါတယ်။ အဲ ဒီတော့ ဒီရေစင်ကလည်း ပေ(၃၀)ခန့်သာ မြင့်တဲ့အတွက်ကြောင့် မြို့ထဲကို ရေအရောက် မပေးနိုင်သလို မြို့ထဲမှာရေပေးတဲ့စနစ်မှာလည်းပဲ အိမ်တိုင်းကို ရေမပေး ဝေနိုင်တဲ့အတွက်ကြောင့် ရေကို ဝေးကွာတဲ့နေရာမှာ၊

ချောင်းကလေးတွေမှာ၊ ရေတွင်းတွေမှာ တောင်ထိပ်ကနေ တောင်အောက်ကိုဆင်းပြီး ခပ်တဲ့ ပြည်သူတွေ အများကြီးရှိပါတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်မှာ ဆိုရင် ဒီမြစ်ရေပေးဝေတဲ့စနစ်ကို ပုဂ္ဂလိကကို ခေတ္တမျှ လွှဲပြောင်းပေးတဲ့အခါမှာ ရေသုံးစွဲသူများဟာ များစွာအခက်အခဲရှိပါတယ်။ အထူးသဖြင့် ဒီမြစ်ရေတင်စီမံကိန်းနဲ့ မြစ်ရေတင်စနစ်နဲ့ ရေသွယ်ချင်တယ်ဆိုရင် တစ်အိမ်ထောင် အနည်းဆုံး ကျပ်ငွေခြောက်သောင်းပေးဆောင်ပြီးမှ ရေသွယ် ခွင့် ရရှိပါတယ်။ ခြောက်သောင်းကို မတတ်နိုင်တဲ့ သူတွေကတော့ ရေသွယ် ခွင့် မရှိပါဘူး။ ခြောက်သောင်း ပေးဆောင်ရတဲ့အပြင် ကိုယ့်အိမ်အထိကုန်ကျမယ့် ရေပိုက်အသုံးအဆောင်ပစ္စည်းအပါအဝင် လုပ်အားခကိုပါ အိမ်ရှင်က ကျခံရတာဖြစ်ပါတယ်။ အဲ ဒီတော့ ငွေကြေးမတတ် နိုင်တဲ့သူတွေဟာ ရေကိုအ ဝေးမှာပဲ ခပ်ရပါ တယ်။ အဲ ဒီတော့ များစွာအခက်အခဲ ရှိပါတယ်။ ဒါကြောင့် အခု လက်ရှိမှာလည်းပဲ ချောင်းရေ၊ ရေအားနည်းတဲ့ မြစ်ရေ၊ ချောင်းရေကိုလည်းပဲ ပိုက်နဲ့သွယ်ထားတာတွေ ရှိပါတယ်။ နွေရာသီမှာ ရေကုန်ခမ်းပါတယ်။ နွေရာသီမှာ မြစ်ရေတင်စနစ်နဲ့ ရေပေးတဲ့အခါမှာ ခုလိုမျိုးအခက်အခဲတွေ ကြောင့် လူတိုင်းအိမ်မှာ ရေမရောက်နိုင် သလို စက်ရဲ့အားလည်း နည်းတဲ့အတွက်ကြောင့် မြို့တစ်ခုလုံးကို ရေပေးဖို့ များစွာခက်ခဲပါတယ်။ မြို့ရဲ့လူဦး ရေရဲ့ (၃၀) ရာခိုင်နှုန်းလောက်သာ ရေကိုသုံးစွဲနိုင်တာ ဖြစ်ပါတယ်။ ကျန်တဲ့လူတွေဟာ ဝေးလံတဲ့နေရာမှာ ရေခပ်ဆင်းရပါတယ်။ ဒါကြောင့် ဒီလက်ရှိအခြေအနေကနေတစ်ဆင့် တစ်မြို့လုံးကိုတောင် အနိမ့်ပိုင်းသော်လည်းကောင်း၊ အမြင့်ပိုင်းသော် လည်းကောင်း၊ ရေရရှိနိုင်ဖို့အတွက် မြစ်ရေတင် စီမံကိန်းစနစ်ကို အဆင့်မြှင့်တင် ပေးရန် အစီအ စဉ် ရှိ /မရှိ ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ တကယ်လို့ မြှင့်တင်ပေးမယ်ဆိုလို့ ရှိရင် မည့်သည့်အချိန်အခါမှာ မြှင့်တင်ပေးမယ်ဆိုတာ မေးမြန်းလိုခြင်း ဖြစ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဇောင်ကောင်မှ မွာလ်ဘင်းသို့ (၁၂) ရာသီသွားလာနိုင်သည့် ကားလမ်းဖောက်လုပ်ရန်နှင့် မွာလ်ဘင်း တံတား(ခ)မဏိပူရမြစ်ကူးကြိုးတံတားမှာလည်း ကြံ့ခိုင်မှုမရှိတော့သည့်အတွက် အမြန်ဆုံး ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ** ။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့် က ဇောင်ကောင်မှ မွာ လ်ဘင်းသို့ (၁၂)ရာသီသွားလာနိုင်သည့် ကားလမ်းဖောက်လုပ်ရန်နှင့် မွာလ်ဘင်းတံတား (ခ) မဏိပူရမြစ်ကူး ကြိုးတံတားမှာလည်း ကြံ့ခိုင်မှု မရှိတော့သည့် အတွက် အမြန်ဆုံးပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည် နယ်မဲဆန္ဒနယ်အမှတ်(၆)မှ တီးတိန်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ တီးတိန်မြို့နယ် ဇောင်ကောင်စခန်းမှ မွာ လ်ဘင်းသို့ (၁၂) ရာသီသွားလာနိုင်သည့် ကားလမ်းဖောက်လုပ် ရန်နှင့် မွာလ်ဘင်းတံတား(ခ)မဏိပူရမြစ်ကူးတံတားမှာလည်း ကြံ့ခိုင်မှုမရှိတဲ့အတွက် အမြန်ဆုံး ပြုပြင် တည်ဆောက်ပေးရန် အစီအ စဉ် ရှိ /မရှိ ဆိုတဲ့အချက် (၂)ချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဇောင်ကောင်စခန်းကနေ မွာလ်ဘင်းကျေးရွာအထိ (၁၂)မိုင်လောက်ရှိတဲ့ ဖွံ့ဖြိုးရေးကားလမ်းကို ဒေသခံပြည်သူများရဲ့ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောက်လုပ် ပြီးတော့မှ ကျွန်တော်တို့ ၁၉၆၂ ခုနှစ်မှာ မွာလ်ဘင်းရွာအထိ ကားလမ်းပေါက်ခဲ့ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီကနေပြီးတော့မှ ကျွန်တော်တို့ ကျေးရွာချင်းဆက်လမ်းများကို ဆက်လက် ဖောက်လုပ်တဲ့ နေရာမှာ မွာ လ်ဘင်းကနေပြီးတော့မှ တီးတိန်မြို့အထိသော်လည်းကောင်း၊ မဏိပူရမြစ်ကူးတံတား အသုံးပြုပြီးတော့မှတစ်ဘက် ဒီ ပြင်မြို့နယ်ရဲ့ မဏိပူရ အနောက်ဘက်ကို သော်လည်းကောင်း၊ နောက်ဒီဘက်ပိုင်းမှာ ကျွန်တော်တို့ ဖလမ်းမြို့နယ် အထိသော်လည်းကောင်း၊ ကျေးရွာချင်းဆက်လမ်းများ ဖေါက်လုပ်ပြီးတော့မှ ကျေးရွာ(၂၅)ရွာအထိ ကျွန်တော်တို့ ဒီလမ်းကို အသုံးပြုခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလမ်းရှိခြင်းအားဖြင့် ကျွန်တော်တို့ တီးတိန်မြို့နယ်အတွင်းရှိ

ဒီဒေသမှာ ရှိတဲ့ ဒေသခံများဟာ အထိုက်အလျောက် တိုးတက်ဖွံ့ဖြိုးလာခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကားလမ်းဖော က်လုပ်တဲ့နေရာမှာ ၁၉၆၂ ခုနှစ်မှာ ကားလမ်းပေါ က်ပြီးတော့မှ နောက်ပို င်းမှာ ဆိုင်ကယ်တွေ များပြားလာမှု၊ မော်တော်ကားတွေ များပြားလာမှုကြောင့် တဖြည်းဖြည်းနဲ့ ဒီဖွံ့ ဖြိုးရေး ကားလမ်းထိန်းသိမ်းမှု အပိုင်းမှာ အားနည်းနေပါတ ယ်။ ဒါကြောင့်မို့ ဒီနေ့ဒီအချိန်အခါမှာ ကျွန်တော်တို့ ဒီလမ်းဟာ နွေရာသီမှာ သွားလာနို င်သော်လည်းပဲ မိုးတွင်းမှာ လုံးဝအခက်အခဲတွေ့ရှိ ရပါတယ်။ ဒါကြောင့်မို့ ဒီလမ်းကိုအမြန်ဆုံးကျောက်ခင်းလမ်းနှင့် (၁၂)ရာသီ သွားလာနိုင်အောင် နိုင်ငံတော်က နေပြီးတော့မှ ကူညီပံ့ပိုးပေးရန် ဒေသခံပြည်သူများကိုယ်စား ကျွန်တော်တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ဇောင်ကောင်နဲ့ မွာ လ်ဘင်း (၁၂)မိုင် ခရီးလမ်းကြားမှာ ကျွန်တော်တို့ လေး ဒေါ့ကျေးရွာဆိုတဲ့ နေရာဟာ ချင်းပြည်နယ်ရဲ့ တစ်ခုတည်းသော ထွက်ကုန်ဖြစ်တဲ့ ပန်းသီးအများဆုံး ထွက်ရှိရာ ဒေသဖြစ်ပါတယ်။ အဲဒီလမ်းများပျက်စီးတဲ့အတွက်ကြောင့် ကျွန်တော်တို့ ထွက်ပေါက်ဖြစ်တဲ့ ကလေးမြို့ကို ပန်းသီး များ ကားနဲ့ တင်ဆောင်တဲ့နေရာမှာ အခက်အခဲ ဖြစ်နေတဲ့အတွက်ကြောင့် မပျက်စီး သင့်ဘဲနဲ့၊ မပုပ်သိုးသင့်ဘဲနဲ့ ပျက်စီးတဲ့အတွက်ကြောင့် တောင် သူများဟာ ရသင့်ရထိုက်တဲ့ အခကြေးငွေ များကိုလည်းပဲ မရရှိဘဲဖြစ်နေပါတယ်။ ဒါကြောင့်မို့ လို့ ဒီလမ်းကို ပြုပြင်လျှင် ဒီလမ်းခရီး တစ်လျှောက် လုံးမှာပင် ကျေးရွာပေါင်း (၃၅) ရွာ ကနေပြီးတော့မှ ထွက်ရှိလာတဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပန်းဂေါ်ဖီ၊ မုန်လာဥ၊ နောက် ပန်းသီးတွေ အများအပြားကို လိုရာခရီးသို့ အချိန်မီ ပို့ပေးနိုင်မည်ဆိုလျှင် ဒီဒေသတစ်ဝက်ရဲ့ စီးပွားရေးဟာ အထိုက်အလျောက် တိုးတက် ဖွံ့ဖြိုး လာမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ (ဂ)၊ အပိုဒ်ငယ်(ဂ)မှာ နိုင် ငံတော်သည် ဖွံ့ဖြိုးမှုနည်းပါးတဲ့ တိုင်းရင်းသားပြည်သူများရဲ့ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်း မာရေး အစရှိတဲ့ လူမှုဖွံ့ဖြိုးမှု လုပ်ငန်းများမှာ ကူညီဆောင်ရွက်ရမယ် ဆိုတဲ့အပိုဒ်ကိုလည်း အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဖွံ့ဖြိုးရေး လမ်းကို ကျွန်တော်တို့ ပြည်သူများအနေနဲ့ နှစ်ပေ ါင်း(၄၀)လောက်ကို ကျွန်တော်တို့ ထမ်းနိုင်တဲ့ဝန်၊ ကျွန်တော်တို့ လုပ်နိုင်တဲ့လုပ်အားနဲ့ ကိုယ်ထူကိုယ်ထလုပ်ပြီး တော့ ဒီနေ့ဒီအချိန် အခါမှာ ပြုပြင်ထိန်းသိ မ်းရေးအပိုင်းမှာ ကျွန်တော်တို့ မလုပ်ဆောင်နိုင်တဲ့ အတွက်ကြောင့် နိုင်ငံတော်ကနေပြီးတော့မှ ပြည်ထောင်စုရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်တဲ့ ဒီနယ်မြေလေး ကို ကူညီစောင့်ရှောက်ပြီးတော့ နယ်စပ်ဒေသဝန်ကြီးဌာနကဖြစ်စေ၊ ပြည်သူ့ဆောက်လုပ်ရေး

လုပ်ငန်းကဖြစ်စေ ဒီလမ်းကိုတော့ ကျောက်ခင်းလ မ်းအဖြစ် အချိန်မီပြုပြင် ဖောက်လုပ်ပေးရန် ကျွန်တော် အလေးအ နက် တင်ပြလိုခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့တော့ ကျွန်တော်တို့ ဒီမဏ္ဍိုင်ရမြစ်ကူးတံတားလို့ခေါ်တဲ့ မှဲ့ဆဲဘင်းတံတားဟာ ကျွန်တော်တို့ ကို ယ်ထူကိုယ်ထနဲ့ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတံတားဟာ လည်းပဲ အခုအချိန်မှာ ခံနိုင်ရည်မရှိတော့ဘဲနဲ့ ကျွန်တော်တို့ ဝန်တင်ကားများ ဖြတ်သွား ဖြတ်လာ သွားတဲ့နေရာမှာ ခံနိုင်ရည်မရှိတဲ့အတွက်ကြောင့် ဝန်တွေကို အကုန်ချပြီး တော့မှ ပြန်လည် ထွက်ခွာရတဲ့အပိုင်းမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ မလိုအပ်ဘဲ နဲ့လည်း ကုန်တွေချလိုက်တင်လိုက် ဖြစ်တဲ့အတွက်ကြောင့် သယ်ခစရိတ်များလည်း ကြီးမြင့်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီတံတား ကို အမြန်ဆုံးသင့်လျော်တဲ့ နည်းလမ်းဖြင့် ကူညီ တည်ဆောက်ပေးမယ်ဆိုပါက ဒေသခံ ပြည်သူများ အနေနဲ့ စီးပွားရေး အများကြီး တိုးတက် လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့ဒေသရဲ့ ခက်ခဲမှုကို ကူညီ ထောက်ပံ့ပြီးတော့မှ ဒီလမ်းနဲ့ ဒီတံတားကို ပြုပြင် တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ဒီဒေသ တစ်ဝိုက်မှာရှိတဲ့ နယ်သူနယ်သားများအနေနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သူတို့တစ်တွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက် လာမှုလည်း ဒီဒေသတဝိုက်မှာရှိတဲ့ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းကို ကျွန်တော်တို့ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွ န်တော်တို့ ချင်းပြည်နယ်ဟာ အဓိက ကျွန်တော်တို့ အခု ကိုယ်စားလှယ်များ တင်ပြသလိုပဲ ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်ခါမှာ တစ်ပြည်လုံးမှာ ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးနေရာမှာ ၇၃.၃ ရာခိုင်နှုန်းမှာ ရှိပါတယ်။ ဒီတစ်ပြည်လုံးမှာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းကို လျှော့ချဖို့ ဆောင်ရွက်နေ တဲ့ အချိန်မှာ ကျွန်တော်တို့ဒေသ ၇၃ ရာခိုင်နှုန်း ဆိုတာ အင်မတန်ကိုမှ နိမ့်ကျလွန်းတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဒေသတစ်ဝိုက်မှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တယ်ဆိုရင် ဖွံ့ဖြိုး တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒေသတစ်ခု၊ နိုင်ငံတစ်ခုတိုးတက်ဖွံ့ဖြိုးရေးမှာ အဓိက အရေးအကြီးဆုံးကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ မီး လင်းရေးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသမှာတော့ မီးကတော့ ဒုတိယဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကတော့ပထမဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အနေနဲ့ ဒီ ဖောင်ကောင်နဲ့ မှဲ့ဆဲဘင်းကျေးရွာကြားမှာ ရှိနေတဲ့လမ်းကို ပထမဦးဆုံး ကျောက်ခင်း လမ်းအဖြစ် (၁၂)ရာသီသွားလာနိုင်အောင် ကူညီဆောင်ရွက် ပေးပါရန်နှင့် ဒုတိယအချက်အနေနဲ့ ကျန်တဲ့နယ်မြေမှာရှိတဲ့ဟာကိုလည်းပဲ ဆက်လက်ပြီးတော့မှ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်

ဆောင်ရွက်ပေးရန် ကျွန်တော်တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဒီ ဇောင်ကောင်နဲ့ မွာ လ်ဘင်းကျေးရွာကြားမှာ ရှိတဲ့လမ်းကို အဆင့်မြှင့်တင်ပေးပြီးတော့မှ ကျောက်ခင်းလမ်းအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် မဏိပူရမြစ်ကူးတံတားကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ တကယ်လို့ ရှိတယ်ဆိုပါကလည်း မည်သည့်အချိန် မည်သည့်အခါမှာ ဆောင်ရွက်ပေးနို င်မည်ဖြစ်ကြောင်း သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဟိုပန်-မက်မန်းကားလမ်းနှင့် မက်မန်းမြို့နယ်အတွင်း ကျေးရွာအုပ်စုချင်း ဆက်သွယ်နိုင်သော ကားလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က ဟိုပန်-မက်မန်းကားလမ်းနှင့် မက်မန်းမြို့နယ်အတွင်း ကျေးရွာအုပ်စုချင်း ဆက်သွယ်နိုင်သော ကားလမ်းများဖောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မဲဆ န္ဒနယ် အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရုံးစိုက်ရာမြို့၊ ဟိုပန်မြို့နဲ့ မက်မန်းမြို့ နေ့ချင်းပေါက် တိုက်ရိုက်ဆက်သွယ်နိုင်တဲ့ ကားလမ်းသစ်ဖောက်လုပ်ပေးဖို့နဲ့ အဲဒီမက်မန်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုတွင်းအချင်းချင်း ဆက်သွယ်နိုင်တဲ့ ကားလမ်းလေးကို ဖောက်လုပ်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဒီမေးခွန်းမေးမြန်းခွင့်ပြု တဲ့အတွက်ကြောင့် အများကြီး ကျေးဇူး တင်ပါတယ်။ အဲ ဒီတော့ ဒီကနေ့ ဒီအမျိုးသားလွှတ်တော်အစည်းအဝေးမှာ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါ လို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစား

အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုပန်မြို့နဲ့ မက်မန်းမြို့ဟာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲမှာ ပါဝင်တဲ့ မြို့ (၂)မြို့ ဖြစ်ပါတယ်။ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟာလည်းပဲ ဒီ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ မွေးဖွားလာတဲ့ တိုင်းအသစ်တစ်ခုဖြစ်ပါတယ်။ အဲဒီမြို့ (၂) မြို့ဟာလည်းပဲ ကျွန်တော်တို့ မြန်မာပြည် အစွန်အဖျားဒေသ၊ နယ်စပ်ဒေသမှာရှိတဲ့ မြို့ဖြစ်ပါတယ်။ ဟိုပန်မြို့က ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ အဆင့်ဆင့်ရုံးစိုက်လာခဲ့သည့် မြို့ဖြစ်သည့်အားလျော်စွာ တိုးတက်မှုအနေအထား အသင့်အသင့်ရှိပေမယ့်လည်းပဲ မက်မန်းမြို့ဟာတော့ တကယ့်ကိုတိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေတဲ့၊ နိမ့်ကျနေတဲ့မြို့နယ်တစ်မြို့နယ်ဖြစ်တယ်ဆိုတာကိုတော့ အထူးသဖြင့် နိုင်ငံတော်ကို အသက်ပေးပြီး ကာကွယ်တဲ့ တပ်မတော်သားတွေက သိရှိ ပြီးသားဖြစ်ပါတယ်လို့ ရှေးဦးစွာ ကျွန်တော်တင်ပြလိုပါတယ်။ အဲဒီမြို့(၂)မြို့ရဲ့ အနေအထားဟာ လည်းပဲ ယခင်ကအနေအထားအတိုင်း ပြောရမယ်ဆိုလို့ရှိရင် ဟိုပန်မြို့က မြောက်ပိုင်း "ဝ" နယ်မှာ တည်ရှိပြီးတော့ မက်မန်းမြို့က တောင်ပိုင်း "ဝ" နယ်မှာ တည်ရှိပါတယ်။ ဟိုပန် မြို့နယ်ဟာ လားရှိုးမြို့နယ်နဲ့ ဆက်စပ်မှုရှိပြီး တော့ မက်မန်းမြို့နယ်က မိုင်းပျဉ်းမြို့နယ်နဲ့ ကျိုင်းတုံမြို့နယ်နဲ့ ဆက်စပ်လျက်ရှိပါတယ်။ ဒီမြို့ (၂)ခုဟာ တစ်ခုနဲ့တစ်ခု အင်မတန်ပဲ အလှမ်းဝေးလျက်ရှိပါတယ်။ အဲ ဒီတော့ ဒီ ကနေ့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အတူ မွေးဖွားလာတဲ့တိုင်း ဖြစ်သည့် အားလျော်စွာပဲ လွန်ခဲ့တဲ့ ၅.၉.၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး မှာ ပြည်ထောင်စုလွှတ်တော် နာယကကြီး ကြေညာသွားတဲ့အတိုင်းပဲ ဟိုပန်မြို့ကို ခရိုင်မြို့ အဖြစ် သတ်မှတ်ပြီး မက်မန်းမြို့ကလည်းပဲ ဟိုပန် ခရိုင်ထဲမှာ ပါဝင်စုစည်းလာတာကို တွေ့ရှိရပါတယ်။ နောင်အခါ မက်မန်းမြို့နယ်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးယန္တရားကအစ ဟိုပန်မြို့နဲ့ ဆက်သွယ်ပြီးတော့ ဆောင်ရွက်ရမယ့် အနေ အထားဖြစ်ပါတယ်။ သို့သော် ဟိုပန် မြို့နယ်အနေနဲ့ မက်မန်းမြို့နယ်နဲ့ ဆက်သွယ်ဖို့ပြုလာတဲ့အချိန်မှာ အင်မတန်ကွာဝေးတဲ့ လမ်းခရီးနဲ့ ဆက်သွယ်ပြီးမှပဲ ခုန ကျွ န်တော်တင်ပြသွားတဲ့ နိုင်ငံရေး၊ အုပ် ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး ကိစ္စတွေက ကျွန်တော်တို့ ဆောင်ရွက်နို င်မှာ ဖြစ်ပါတယ်။ ဥပမာ - ဟိုပန်မြို့ကနေ မက်မန်းမြို့ကို သွားမယ်ဆိုလို့ရှိရင် လမ်းခရီး (၂)ခုသာ ရှိပါတယ်။ ပထမဦးဆုံး ဟိုပန် -လားရှိုး- မန္တလေး-တောင်ကြီး-မိုင်းပျဉ်း မိုင်ပေါင်း(၆၀၀)ကျော်လောက်သွားပြီးမှပဲ (၅)ညလောက်အိပ်တဲ့ခရီးကို သွားပြီးမှပဲ

မက်မန်းမြို့ကို ဆက်သွယ်နိုင်ပါတယ်။ ကျွန်တော်တို့ ဒီနိုင်ငံတော် န .ဝ.တ အစိုးရကနေ "ဝ" ငြိမ်းချမ်းရေးအဖွဲ့ကို ဦးဆောင်မှုပေးပြီးမှ ပံ့ပိုးပြီး တည်ဆောက်သွား တဲ့ "ဝ" နယ်အတွင်းပိုင်း လမ်းကို သွားမယ်ဆိုလို့ရှိရင် ဟိုပန် -မိုင်းမော-ပန်ဝိုင်-နားဖန်း-ပန်ခမ်းကနေတစ်ဆင့် မက်မန်းမြို့ ကို တ စ်ဖန်ရောက်ရှိရမှာ ဖြစ် ပါတယ်။ အဲဒီလမ်းခရီးကလည်းပဲ မိုင်ပေါင်း (၄၀၀) လောက် ကွာဝေးပြီးတော့ (၃)ည၊ (၄)ည ခရီးလောက်သွားမှပဲ ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ အဲ ဒီလို အင်မတန် အလှမ်းကွာဝေးတဲ့ လမ်းခရီးနဲ့သွားမယ်ဆိုရင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး ယန္တရားတွေက လည်ပတ်မှု အတော်လေးကို နှောင့်နှေးကြန့်ကြာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီဟိုပန်"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရုံးစိုက်ရာမြို့ ဟိုပန်နဲ့ မက်မန်းမြို့ကို ကျွန်တော်တို့ နေ့ချင်းပေါက် ကားလမ်း အသစ်တစ်ခု ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်နံပါတ် (၁)အနေနဲ့ မေးမြန်း လိုခြင်းဖြစ်ပါတယ်။ ဒုတိယအချက် ဒီမက်မန်းမြို့ကလည်းပဲ တပ်မတော်ကနေ ဦးဆောင်ပြီးတော့ တည်ဆောက်တဲ့မြို့နယ်ကြီးတစ်ခု ဖြစ်ပါတယ်။ ဒီနေရာမှာ မြို့ နယ်တစ်ခု တည်ဆောက်လိုက်တဲ့ အချိန်မှာ အခြေခံလူထုတွေကလည်းပဲ လူမှုရေးအပိုင်းမှာပဲ ဖြစ်ဖြစ်၊ အုပ်ချုပ်ရေး အပိုင်းမှာပဲ ဖြစ်ဖြစ် တရားဥပဒေရဲ့ အကာအကွယ်ကိုလည်း ရရှိတယ်။ နောက်ပြီးတော့ လူ မှုရေးအပိုင်း ကလည်းပဲ တတ်နိုင်သရွေ့ စွမ်းဆောင်နိုင်တဲ့ အနေ အထားတွေ့ရှိရပါတယ်။ သို့သော်ငြားလည်းပဲ ခုနပြောသလို သိပ်ပြီးတော့ ဖွံ့ဖြိုးမှုနောက်ကျတဲ့အတွက်ကြောင့် ကျေးရွာအပေါင်းက တစ်ရွာနဲ့ တစ်ရွာ ခြေကျင်လမ်းနဲ့သွားရင်တောင်မှ အတော်လေးကို ခက်ခဲလျက်ရှိပါတယ်။ အဲဒီ ကျေးရွာ တွေဟာ အသွားအလာခက်ခဲတဲ့အတွက်ကြောင့် လူမှုရေးအပိုင်း ဥပမာ -ဖျားရေး၊ နာရေး ကိစ္စတွေရှိလာတဲ့အချိန်မှာ မက်မန်းမြို့မှာရှိတဲ့ ပြည်သူ့ ဆေးရုံကြီးကို (၃)၊ (၄) ညအိပ်ခြေကျင် လမ်းနဲ့ လာရတဲ့အတွက် အင်မတန်လည်း ခက်ခဲမှုရှိပါတယ်။ နောက် အုပ်ချုပ်ရေးအပိုင်းအနေနဲ့ အရေးအကြောင်းရှိလာလို့ အုပ်ချုပ်ရေးအဖွဲ့အစည်းကနေ ကျေးရွာအုပ်စုတွေကို ဖိတ်ခေါ်တဲ့ အချိန်မှာလည်းပဲ (၁)ညအိပ်၊(၂)ညအိပ် စသည်ဖြင့် ကျေးရွာအုပ်စု တာဝန်ခံတွေ ရောက်ရှိလာတဲ့ (၁)ညအိပ်၊(၂)ညအိပ် ဖြစ်လာတဲ့ အချိန်မှာ သိပ်ပြီးတော့ ကြန့်ကြာမှု ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကျေးရွာကလည်းပဲ တစ်ရွာနဲ့တစ်ရွာ ကူးလူးဆက်ဆံနိုင်ဖို့ ကားလမ်းသစ်ကိုလည်း ဖောက်လုပ် ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ဆိုတဲ့ကိစ္စကို ကျွန်တော် မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီကျေးရွာတွေဟာ အဲဒီလိုအင်မတန်ခက်ခဲတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့တော့ ကတ္တရာ

လမ်းတို့ အမာခံကျောက်ခင်းလမ်းတို့ကိုတော့ ကျွန်တော် လောလောဆယ်တော့ မမျှော်လင့် သေးပေမယ့် နောင်အခါ မှာ ဖြစ်နိုင် ဖို့တော့ ကျွန်တော်မျှော်လင့်ပါတယ်။ လောလောဆယ်မှာ ဒီဟိုပန်မြို့ကနေ မက်မန်းမြို့ ကို နေ့ချင်းပေါက် နိုင်တဲ့ မြေလမ်း သို့မဟုတ် အမာခံမြေလမ်း ရွာအချင်းချင်း၊ ကျေးရွာ အုပ်စုအချင်းချင်းပေါက်နိုင်တဲ့မြေလမ်း၊ အမာခံ မြေလမ်း စသည်ဖြင့် ဖောက်လုပ်နိုင်ခြင်း ရှိ /မရှိ စတဲ့ မေးခွန်း(၂)ချက်ကို သိရှိ လိုတဲ့ အတွက်ကြောင့် မေးမြန်းခြင်း ဖြစ်ပါကြောင်း ဥက္ကဋ္ဌအား လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီးနယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးအား တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၉။**

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မြန်မာ့စက်မှု ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ဖြစ်ပါတယ်။ ဒီကနေ့ မေးမြန်းသွားတဲ့မေးခွန်းများဟာ တိုင်းရင်းသားအသီးသီးကနေပြီးတော့ မိမိဒေသကို ကိုယ်စားပြု ပြီးတော့ မိမိဒေသရဲ့ ကောင်းကျိုးဖွံ့ဖြိုး တိုးတက်ရေးအပေါ် ရှေးရှုပြီး တော့ မေးမြန်းတဲ့ မေးခွန်း တွေဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆို ပါကြောင်းနဲ့ ဒီမေးခွန်းများ အပေါ်မှာ ပြည်ထောင်စုအစိုးရရဲ့ ဆောင်ရွက်ထားမှု အခြေအနေများကို တတ်နိုင်သမျှ ရှင်းလင်း တင်ပြသွားမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပဏာမတင်ပြလိုပါတယ်။

ပထမမေးခွန်းကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းလွန်းအောင် ရဲ့ မေးခွန်းဖြစ်ပါတယ်။ မေးခွန်း ကတော့ ဇာသပြင် - ချောင်းနှစ်ခွလမ်းအား ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်း၊ ကတ္တရာလမ်း ဖောက်လုပ် ပေးနိုင်မှု ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေကြားတဲ့ နေရာမှာတော့ ဒီ ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အထိပဲ ဒီနယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ နဲ့ ဆောက်လုပ်ရေး ရန်ပုံငွေ

ကနေ ကျွန်တော်တို့ ကျပ် ၅၃၆.၄၉ သန်း သုံး ပြီးတော့ လမ်းများ ဖောက်လုပ်ခဲ့ပြီး ဖြစ် ပါတယ်။ ဖောက်လုပ်ပြီးစီးတဲ့အခြေအနေကတော့ ဇာသပြင်ကနေ ကျွန်းကုန်းထိ (၇)မိုင် (၅)ဖာလုံ ကတ္တရာလမ်း ဖြစ်ပါတယ်။ ကျွန်း ကုန်းကနေ ဘုရားကုန်းအထိ (၃၂)မိုင် (၆)ဖာလုံကတော့ ကျွန်တော်တို့ မြေသားနဲ့ ကျောက်ကြမ်းလမ်းနဲ့ ခင်းထားတဲ့ အဆင့်ဖြစ်ပါတယ်။ အမှန်တော့ မူလအားဖြင့် တော့ ကျောက်ကြမ်းလမ်း ခင်းထား တာဖြစ်ပြီးတော့ တချို့နေရာတွေဟာ ကျောက်ကြမ်းလမ်း နေရာ ပျက်သုဉ်းပြီးတော့ မြေသားလမ်းအဆင့် ပြန်ရောက်သွားတာပဲ ဖြစ်ပါတယ်။ မြေသားလမ်း အနေနဲ့ တကယ်ကျန်ရှိခဲ့တာကတော့ ဘုရားကုန်းနဲ့ ချောင်းနှစ်ခွ ကြားမှာရှိတဲ့ မြေ သားလမ်း (၃)မိုင်(၄)ဖာလုံ ကျန် ပါတယ်။ ဒီလမ်းတ စ်လျှောက်မှာရှိတဲ့ တံတားကြီးငယ် (၃၂) စင်းကိုလည်း ကျွန်တော် တို့ ဆောက်လုပ်ပြီး ဖြစ်ပါတယ်။ သို့သော် လက် ရှိအနေအထားမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပဲ (၃၂)မိုင် (၆)ဖာလုံဟာ ခရီးလမ်းပန်းသွားလာဖို့ အခက်အခဲဖြစ်နေတယ်ဆိုတာကျွန်တော်တို့ကိုယ်တိုင်လည်း သိရှိပါတယ်။ သိရှိတဲ့အတွက် ၂၀၁၁- ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်မှာပဲ ကျွန်တော်တို့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကနေ ကျပ်၂၆၅သိန်း သုံးပြီးတော့ အင်မတန်အရေးကြီးနေတဲ့ ဖာဘောင်ချောင်းတံတား (၂)ခု ရှိပါတယ်။ အမှတ်(၁)က ပေ(၁၆၀) ရှိပါတယ်။ အမှတ် (၂)က ပေ(၆၀)ရှိပါတယ်။ ဒီတံတား (၂)ခုကျွန်တော်တို့ ပြုပြင်ပေးရမှာ ဖြစ်ပါတယ်။ နောက်ဒီ ရန်ပုံငွေအပြင် နယ်စပ်ဒေ သနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ရန်ပုံငွေအနေနဲ့တော့ ဒီတံ တား(၂)ခု ပြင်လိုက်တဲ့ အခါမှာ ငွေကုန်သွားတာဖြစ်တဲ့အတွက်ကြောင့် နောက်ထပ်သိန်း ၂၀၀ ထပ်ဆောင်းပြီးတော့ ဒီ (၃၂)မိုင်(၆)ဖာလုံ ကြား ထဲမှာရှိတဲ့ ပျက်စီးမှုများနေတဲ့အပိုင်းတွေ ပြုပြင်သွားပြီးတော့ ကျောက်ကြမ်းလမ်အဆင့်ဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုန မြေသားလမ်းအဖြစ်ကျန်နေတဲ့ (၃)မိုင်(၄)ဖာလုံ ဘုရားကုန်း -ချောင်းနှ စ်ခွလမ်းမှာလည်း အဓိကအခုလိုနေတဲ့ဟာကတော့ တံတား (၂)စင်းဆောက်ဖို့ဖြစ်ပါတယ်၊ အဲဒါတွေကတော့ တံတားအမှတ် မိုင်တိုင် (၂/၂၄) မှာရှိတဲ့ အရှည် (၁၂၀)ပေ ရှိတဲ့တံတားနဲ့ (၂/၂၃)မှာရှိတဲ့ အရှည်(၁၄၀)ပေရှိတဲ့ တံတား(၂)ခု ဖြစ်ပါတယ်။ ဒီတံတား(၂)ခုဟာ ကွန်ကရစ်တံတားအဖြစ် ပြင်ဆင်တည်ဆောက်မှသာ ရနိုင်မယ့် အနေအထားဖြစ်တဲ့အတွက် ဒါကိုလည်း ဆောက် လုပ်ရေးရန်ပုံငွေကနေ ပြင်ဆင်ဖို့ လုပ်နေပါတယ်။ အခြားသော သစ်သားတံတား (၇)စင်းဟာလည်း ဒီလမ်းတောက်လျှောက် ဖောက်ဖို့ဆိုလို့ ရှိရင်ပြင်ဆင်ထိန်းသိမ်းဖို့ လိုအပ်နေတဲ့အတွက် တံတား(၇)စင်းကိုလည်း

ကျွန်တော်တို့ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေနဲ့တော့ ဒီလွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့ ဇာသပြင် -ချောင်းနှစ်ခွလမ်း (၄၃)မိုင် (၇)ဖာလုံလုံး ရာသီမရွေးသွားလာနိုင်ရေးအတွက် ကျွန်တော်တို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့်နှစ်တွေမှာ ကျွန်တော် တို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွေမှာလည်း ဘဏ္ဍာငွေရရှိဖို့အတွက် ဒီနယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဗဟို ကော်မတီကို တင်ပြပြီးတော့ နောက်တ စ်ခါ ဆောက်လုပ်ရေးနဲ့ ပတ်သက် လို့လည်း ပြည်ထောင်စုအစိုးရ အဖွဲ့ကို တင်ပြပြီးတော့ ဒီလမ်းကိုရာသီမရွေးသွားလာနိုင်တဲ့ အဆင့်ထိရောက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စောဖြူရဲ့ မေးခွန်းဖြစ်ပါ တယ်။ ဒီမေးခွန်းရဲ့ ဆိုလိုရင်းကတော့ ဒီလေးမြို့မြစ်ရဲ့ လက်ယာဘက်ကမ်းမှာရှိတဲ့ ကျေးရွာ ချင်းဆက်လမ်းများနဲ့ လိုအပ်တဲ့တံတားများ ဖောက်လုပ်ရန် စီမံကိန်းရှိပ ါသလား။ ဘယ်လိုဆောင်ရွက်ပါမလဲ ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ အဲ ဒီတော့ ဒီစီမံကိန်းကလည်း မူလကတည်းက ရှိနှင့်ပြီးဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ပြီးခဲ့တဲ့နှစ်မှာလည်း ကျွန်တော်တို့ ရန်ပုံငွေသိန်းပေါင်း (၁၂၃၉)သိန်း သုံးပြီးတော့ လမ်းတံတားလုပ်င န်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို လုပ်ခဲ့တဲ့ လမ်းတွေကတော့ ကင်းဆိပ်-ခြိတ်တောင်ကျောက်ခင်းလမ်း (၂)မိုင်(၃)ဖာလုံနဲ့ တံတား (၃)စင်း ဖြစ်ပါတယ်။ နောက်တစ်ခါ ခြိ တ်တောင်-ဆင်ကြီးပြင်ကျောက်ခင်းလမ်း (၂)မိုင် (၄)ဖာလုံနဲ့ တံ တား(၂)စင်း ဖြစ်ပါတယ်။ မင်းပြား -စမ္ဗလေမြေသားလမ်း (၁)မိုင်နဲ့ ကျောက်ခင်း လမ်း (၁)မိုင် (၇)ဖာလုံ တံတား(၁)စင်း ဖြစ်ပါတယ် ။ မင်းရွာ -ဇီးပင်ကြီး မြေသားလမ်း (၂)ဖာလုံနဲ့ ကျောက် ခင်းလမ်း (၇)ဖာလုံ ဖြစ်ပါတယ်။ ငပြီးအင်း-သဌေးကုန်း-ဆင်ကြီးပြင်-ကျမ်းတိုက်-ကံဖေ- ပန်းမြောင်ကျေးရွာ တံတားနဲ့ ရေပြွန် (၂၀)ဖြစ်ပါတယ်။ နောက်တ စ်ခါ ငပုကွ -နပဲ့ချောင်း မြေသားလမ်း (၇)မိုင် ဖြစ်ပါတယ်။ နောက်တ စ်ခါ ရန်ကုန်-စစ်တွေ ကားလမ်း မကြီးက နေပြီးတော့ ငပုကွကျေးရွာအထိ ကျောက်ခင်းလမ်း (၇)ဖာလုံနဲ့ နဒင် ကျေးရွာအထိ ကျောက်ခင်းလမ်း (၃)ဖာလုံ၊ နောက်တ စ်ခါ တံတား(၂)စင်းဖြစ်ပါတယ်၊ နောက်တစ်ခါ ခြိတ်တောင်-ထောင့်ချေကူးတို့ဆိပ်-ငပုကွ မြေသားလမ်း (၃)ဖာလုံနဲ့ တံတား (၂)စင်းဖြစ်ပါတယ်။ နောက်တ စ်ခါ ရန်ကုန် -စစ်တွေ ကားလမ်းမကြီး ကနေပြီး ကြက်မကျေးရွာသို့ ဆက်သွယ်တဲ့ ကျောက်ခင်းလမ်း (၁)မိုင် (၄)ဖာလုံ ဖြစ် ပါတယ်။

အဲဒီတော့ ကျေးလက်ချင်းဆက်လမ်းတွေရဲ့ သဘာ၀အတိုင်းပဲ လမ်းတိုပေမယ့် အမြောက်အမြား ဖောက်လုပ် ရတာ ဖြစ်ပါတယ်။ ဒီလမ်းတွေ ဟာလည်း အမြဲတမ်း သွားနိုင်တဲ့ လမ်းတွေ အဆင့် မဟုတ်သေးတဲ့ အတွက်ကြောင့် နှစ်စဉ်နှစ်တိုင်း ပြုပြင်နေရတဲ့ အနေအထားလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ရခိုင်ပြည်နယ်ရဲ့ အခြေအနေ လေးကို အကြမ်းဖျင်း တင်ပြခွင့်ပြုပါ ခင်ဗျား။ အဲဒီမှာ ရခိုင်ပြည် နယ်မှာတော့ ဒီနှစ်မှာ ရန်ပုံငွေ ၀င်ငွေရမယ့် လျာထားချက်ကတော့ ၀င်ငွေသန်းပေါင်း ၃၃၂၂ သန်း ဖြစ်ပါ တယ်။ အဲဒီအထဲက ကျွန်တော်တို့ လမ်းလုပ်ငန်းများ အတွက် သုံးနိုင်မယ့်ငွေကတော့ ၄၂၂ သန်း ဖြစ်ပါတယ်။ အဲဒီအထဲကနေ ကျွန်တော်တို့ မင်းပြားမြို့နယ်အတွက်ကတော့ သူ့ရန်ပုံငွေ ၁၅၈ သန်း ရှိတဲ့အနက် ၁၆.၂၁၅ သန်းပဲ ၀င်ငွေရှိတာဖြစ်ပါတယ်။ သို့သော်ကျွန်တော်တို့ ပြည်ထောင်စုရန်ပုံငွေကနေပြီးတော့ နောက်ထပ် ၁၅ သန်းထပ်တိုးပြီးတော့ ၃၁.၂၁၅ သန်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားဖို့ ဆိုရင်တော့ အခုဒီနှစ်မှာ ရည်မှန်းချက်ထားပြီးတော့ ဆောင်ရွက် မယ့် လမ်းကတော့ ရန်ကုန် -စစ်တွေ နဒင်ကျေးရွာကို ဆက်သွယ်တဲ့ ကျောက်ခင်းလမ်း (၁)မိုင်(၄) ဖာလုံနဲ့ ကွန်ကရစ်တံတား(၂)စင်း လုပ်ဖို့ဆောင်ရွက်ရန် လျာထားပါတယ်။ အဲ ဒီတော့ ကျေးလက်လမ်းများရဲ့ သဘာ၀အတိုင်း လမ်းတွေများပြားပါတယ်။ အဲ ဒီတော့ အခုလို ပဲ တစ်နှစ်လုပ်လိုက်၊ တစ်နှစ်ပျက်လိုက်နဲ့ ဆောင်ရွက်နေရတဲ့ အနေ အထားကနေ ရေရှည်တည်တံ့ခိုင်မြဲတဲ့လမ်းများ ဖောက်လုပ်ရေး ကလည်းပဲ စီမံဆောင်ရွက် လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမနားနိုင်း ရဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ကန်ပက်လက် မြို့နယ်အတွင်း မှာရှိတဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက် လမ်းများဖောက်လုပ် ပေးရန် အစီအစဉ် ရှိ /မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲ ဒီတော့ ကန်ပက်လက် မြို့နယ် အတွင်းမှာ ဒီကျေးရွာချင်းဆက်လမ်းတွေ ဖောက်လုပ်ဖို့အတွက် နှစ်စဉ် ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မှာကိုပဲ န.တ.လ ရန်ပုံငွေက နေပြီး ၉၂.၉၂ သန်း သုံးတယ်။ နောက် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကနေ ၃၀.၆၉ သန်း စုစုပေါင်း ၁၂၃.၆၁ သန်းနဲ့ လမ်းတံတားတွေ ဆောက်လုပ်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကန်ပက်လက် - ကျင်ဒွေး မြေသားလမ်း (၅၂)မိုင် ဖြစ်ပါတယ်။ ကန်ပက်လက်-ရဲလောင်ပန်း မြေသားလမ်း (၃)မိုင်(၄)ဖာလုံ ဖြစ်ပါတယ်။ လုံလဲ-ရွာပဲလ် မြေသားလမ်း (၈)မိုင် (၂)ဖာလုံ ဖြစ်ပါတယ်။ ကျင်ဒွေး - မူချိန်ဒိန်း

မြေသားလမ်း (၁၃)မိုင် ဖြစ်ပါတယ်။ နောက်တစ်ခါ ထိန် ဗားချောင်းကြိုးတံတားပေ (၇၀)၊ ခါရိုင်ရွာရှိ ရှိစုံကြိုး တံတားပေ(၄၀၀) ဖြစ်ပါတယ်။ အောက်ကန့်ကျေးရွာ ကြိုးတံတားပေ(၃၀၀) ဖြစ်ပါတယ်။ မုန်းချောင်း ကြိုးတံတား(၂၁၄)ပေ ဖြစ်ပါတယ်။ အဲဒီတော့ချင်းပြည်နယ်ရဲ့ ဝင်ငွေကို ကြည့်လိုက်မယ် ဆိုရင်လည်း ဒီနှစ်မှာရန်ပုံငွေအားဖြင့် ၃၁၇ သန်းသာဝင်ငွေရှိပြီးတော့ ကန်ပက်လက်ရဲ့ ဝင်ငွေကတော့ ၉ သန်းပဲရှိတာ ဖြစ်ပါတယ်။ သူ့ရဲ့ဝင်ငွေအရဆိုရင်တော့ လမ်းတံတားဆောင်ရွက် နိုင်မှုဟာ ၅ သန်းပဲ ဖြစ်ပါ တယ်။ သို့သော် ကျွန်တော်တို့ ဗဟိုရန်ပုံငွေကနေပြီးတော့ သန်း ၂၀ ထပ်တိုးမြှင့်ပြီးတော့ ကျေးလက်လမ်းတွေဆောင်ရွက်ပေးဖို့ ဒီနှစ်မှာ စီမံဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ အဲ ဒီတော့ ဒီနေရာမှာ ကြည့်လိုက် တဲ့အခါ ပြည်နယ်တွေရဲ့ ဝင်ငွေတိုးတက်မှုလည်း လိုတယ်ဆိုတာ ကျွန်တော်အနေနဲ့တင်ပြလိုပါတယ်။ မည်သို့ဖြစ်စေ ဖွံ့ဖြိုးမှုမရှိသေးတဲ့ ဒေသများမှာ ချက်ချင်းလက်ငင်းဝင်ငွေတွေ တိုးတက်နိုင်မယ့် အနေအထားမရှိတဲ့အတွက်ကြောင့်ပြည်ထောင်စု အစိုးရအနေနဲ့ ဗဟိုရန်ပုံငွေကို အသုံးပြုပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နှစ်အလိုက် စီမံချက်များရေးဆွဲပြီး အကောင်အထည် ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လာမယ့်နှစ်မှာလည်း ဒီကန်ပက်လက်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်လမ်းတွေ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟို ကော်မတီကို တင်ပြပြီးတော့ ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ချင်းပြည်နယ် မင်းတပ်မြို့နယ်၊ မဲဆန္ဒနယ်က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာန လက် အောက်မှာရှိတဲ့ တိုင်းရင်းသားလူငယ် သင်တန်းကျောင်းတွေမှာ လူမျိုးဘာသာမရွေး ပညာသင် ကြားနိုင်ရေး ကိစ္စပဲဖြစ်ပါတယ်။ အဲ ဒီတော့ နယ်စပ်ဒေသတွေမှာ ခေတ်အဆက်ဆက် ပညာသင်ယူမှု အခွင့် အလမ်းတွေ နည်းပါးပြီးတော့ ဆင်းရဲချို့တဲ့တဲ့ ကလေး သူငယ်များအတွက် စရိတ်ငြိမ်းပညာသင်ကြားနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန အနေနဲ့ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးကျောင်းကို(၂၉)ကျောင်း ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ကချင်ပြည် နယ်မှာ (၄)ကျောင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ (၇)ကျောင်းဖြစ်ပါတယ်။ ကယားပြည်နယ်မှာ (၁)ကျောင်း၊ ကရင်ပြည်နယ်မှာ (၁)ကျောင်း၊ ရခိုင်ပြည်နယ်မှာ (၁)ကျောင်း၊ မကွေးတိုင်းမှာ (၁)ကျောင်း၊ ချင်းပြည်နယ်မှာတော့ (၉)ကျောင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းမှာ (၂)ကျောင်း၊

နာဂဒေသမှာ (၂)ကျောင်း၊ ဒီရန်ကုန်တိုင်းမှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး ကျောင်း(၁)ကျောင်း ဖြစ်ပါတယ်။ ချင်းပြည်နယ်(၉)ကျောင်းကို ဖွင့်တဲ့အခါမှာလည်း ကျွန်တော်တို့ မြောက်ပိုင်း၊ တောင်ပိုင်း အားလုံးမျှ မျှတတပဲ ဟားခါး၊ ထန်တလန်၊ ဖလမ်း ၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်မှာဆိုရင် (၂)ကျောင်းပါ။ (၁)နဲ့ (၂)ဖြစ်ပြီးတော့ မတူပီ၊ ကန်ပက်လက် မြို့နယ် အားလုံးမှာ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ အဲဒီတော့ နယ်စပ်ဒေသလူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်းကို တက်ရောက်ဖို့ ကျောင်းသားအရည်အချင်း သတ်မှတ်ချက်မှာတော့ ကျွန်တော်တို့ လူမျိုးဘာသာ ခွဲခြားခြ င်း လုံး ဝမရှိပါဘူး။ သူဟာ အဓိကတော့ နယ်စပ်ဒေသမှာနေတဲ့ တိုင်းရင်းသားမျိုးနွယ် ဖြစ်ပြီးတော့ ကိုယ့်တိုင်းရင်းသားစကားကို တက်ကျွမ်းရပါမယ် ။ အမိမဲ့၊ အဖမဲ့၊ မိဘမဲ့ ဆင်းရဲ နွမ်းပါးမှု အစီအစဉ်ကို ဦးစားပေးပြီးတော့ ရွေးချယ်တာဖြစ်ပါတယ်။ ဉာဏ်ရည်မြင့်မားပြီးတော့ ပညာအခြေခံကောင်းမွန်တဲ့လူကို ဦးစားပေးရွေးချယ်တာ ဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းမှုကို စစ်ဆေးပြီးတော့ ရွေးချယ်တာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် မူလတန်း ကိုတော့ (၈)နှစ်ကနေ (၁၂) အထိ၊ အလယ်တန်းကိုတော့ အသက်(၁၂)နှစ်ကနေပြီး (၁၆)နှစ် အထိ၊ အထက်တန်းကိုတော့ အသက် (၁၆)နှစ်ကနေ (၁၈)နှစ်အထိဆိုပြီးတော့ အသက် သတ်မှတ်ချက် တွေနဲ့ ကျွန်တော်တို့ရွေးချယ်ထားခြင်းပဲဖြစ်ပါတယ်။ ဒီလိုရွေးချယ်တဲ့ နေရာမှာလည်း ဘက်လိုက်မှု မရှိဖို့နဲ့ ကျောသား ရင်သား မခွဲခြားဘဲနဲ့ မျှမျှတတရွေးချယ်ဖို့အတွက် ကျွန်တော်တို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ ညွှန်ကြားရေးမှူးချုပ်တွေ ကို ဥက္ကဋ္ဌအဖြစ်ထားပြီးတော့ စိ စစ်ရေး အဖွဲ့နဲ့ ကျွန်တော်တို့ရွေးချယ်လျက်ရှိပါတယ်။ ဒီနှစ်မှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ ဖွံ့ဖြိုးရေး ကျောင်း(၂၉)ကျောင်းမှာ ကျောင်းသား (၂၅၅၆)ဦးနဲ့ ကျောင်းသူ (၅၀၁)ဦး စုစုပေါင်း (၃၀၅၇)ဦး ပညာသင်နေပါတယ်၊ တိုင်းရင်းသား လူမျိုးပေါင်း (၃၂)မျိုးပါပါတယ်။ ဒီအထဲမှာအသေးစိတ်တော့ အချိန်ကိုင်ငဲ့ကွက်တဲ့အနေနဲ့ မဖတ်ကြားတော့ပါဘူး။ ချင်းတိုင်းရင်းသား (၁၀၃၆)ဦး ပါပါတယ်။ စုစုပေါင်းသင်ကြားခွင့်ရှိတဲ့ ပညာသင်ဦးရေရဲ့ သုံးချိုးတစ်ချိုးကျော် ကျွန်တော်တို့ ခွဲပေးထားတာ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်း (၃၂)မျိုးရှိပါတယ်။ ချင်းတိုင်းရင်းသားတစ်မျိုးတည်း (၁၀၃၆)ဦး ပညာသင်ကြားခွင့် ပေးထားတာဖြစ်ပါတယ်။ ဒီစာရင်းကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ လူမျိုးမရွေး၊ ဘာသာမရွေးတက်ရောက်သင်ကြားခွင့်ရှိကြော င်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါ တယ်။ မြန် မာနိုင်ငံအနေနဲ့ လွတ်လပ်ပြီး အချုပ် အခြာအာဏာ ပိုင်ဆိုင်တဲ့ နိုင်ငံအဖြစ်ထာဝရရပ်တည်နိုင်ဖို့ဆိုရင် အခြေခံအကျဆုံး တည်ဆောက်ဖို့လိုအပ်ချက်က

ပြည်ထောင်စု စိတ်ဓာတ်ပဲဖြစ်ပါတယ်။ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေဟာ သွေးချင်းသားချင်း မောင်နှမတွေ ဖြစ်တယ်လို့လည်း ခံယူတဲ့စိတ်ဓာ တ်၊ တ စ်မြေတည်းနေ တ စ်ရေတည်းသောက် များဖြစ်တယ်လို့ ခံယူတဲ့ စိတ်ဓာတ်၊ မရှိအတူ ရှိအတူ အေးအ တူပူအမျှ ခံစားကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ် လာဖို့အတွက် အဓိကအားဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ ရဲ့ ခံယူချက်တွေဟာ တူညီကြဖို့ လိုပါတယ်။ ခံယူချက် တူညီမှ ယုံကြည်ချက်တူညီမှာဖြစ်ပြီး ၊ ယုံကြည်ချက်တူညီမှသာလျှင် တိုင်းရင်းသားစ ည်းလုံးညီညွတ်ရေးကို ခို င်မာစွာတည်ဆောက် သွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်း ကျောင်းတွေမှာ ပြည်ထောင်စု စိတ်ဓာတ်ဘာသာရပ်ကို အဓိကထားပြီး သင်ကြားပါတယ်။ တိုင်းရင်းသားလူငယ်တွေကိုသင်တန်းကျောင်းတွေမှာ အတူတကွနေထိုင်စေခြင်းဖြင့် တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုရရှိပြီးတော့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ အပြန်အလှန်နားလည် သဘော ပေါက်ပြီးတော့ ထိန်းသိမ်းတတ်စေရန် လေ့ကျင့် သင်ကြားပေးခြင်းပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်း မှာပဲ လူမျိုးစွဲ ၊ ဘာသာစွဲစိတ်ဓာ တ်ကို ဖြစ်ပေါ်စေ တဲ့ အလေ့အထနဲ့ အမူအကျင့်တွေကို ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆော င်ရွက်ခြင်းမရှိအောင် ကြီးစွာသောသတိနဲ့ ရှောင်ရှားဖို့ လိုအပ်တာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ပြီးတော့ တို့တာဝန်အရေး (၃)ပါးကို အသက်ပေးကာကွယ်မယ့် လူငယ်အင်အားစုများ ပေါ်ထွန်းလာရေးကို ရည်ရွယ်ပါ တယ်။ ဒါကြောင့် ဒီကျောင်းမှာတော့ ပြ ည်ထောင်စုစိတ်ဓာတ် ရင့်သန်ရေးနဲ့ ခံယူချက် ယုံကြည်ချက် ခိုင်မာလာအောင် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီးတော့ ပညာရေးပြီးဆုံးပြီး လက်တွေ့တာဝန်များ ထမ်းဆောင်တဲ့အချိန် ပြည်ထောင်စုစိတ်ဓာတ်တွေ ခိုင်မာတဲ့ အချိန်မှာတော့ နိုင်ငံတော် အခြေခံဥပဒေအခန်း(၈)နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များ ပုဒ်မ ၃၆၂ နဲ့ ၃၆၃ ပါ ပြဋ္ဌာန်းချက်များအတိုင်း မိမိယုံ ကြည်ရာ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိတယ်ဆိုတဲ့ ကျ ယ်ဝန်းသောသဘောထားနဲ့ နားလည်ဖို့ လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည် နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မော င်(ခ) ဦးအောင်ကျော်ဦး ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းရဲ့ အဓိကကတော့ စစ်တွေမြို့ လမ်းမကြီးများ အဆင့်မြှင့် ပြုပြင်ပေးရန် အစီအစဉ်ဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ စစ်တွေမြို့ရဲ့လမ်းတွေမှာ အဓိကအားဖြင့် က မ်းနားလမ်း၊ ရှုခင်းသာလမ်း၊ မင်းဗာ ကြီးလမ်း၊

လမ်းမကြီးလမ်း၊ မေယုလမ်းနဲ့ ကုန်သည်လမ်းတွေပါဝင်တာဖြစ်ပါတယ်။ အဲဒီတော့ စစ်တွေမြို့ရဲ့ မိုးရွာသွန်းမှုဟာ နှစ်စဉ် လက်မ (၂၅၀)နဲ့ (၃၀၀)ကြားထဲ လောက်ရှိတာဖြစ်ပါတယ်။ မိုးရွာသွန်းမှု များပြားသည်နှင့်အမျှ ကတ္တရာလမ်းများဟာ နှစ်စဉ် ပြန်ပြီးတော့ပြုပြင်နေရတဲ့ အနေအထား ဖြစ်ပါတယ်။ အဲ ဒီတော့ ယခုနှ စ်မှာလည်း ကျွန်တော်တို့ မြို့ပြ လမ်းတံတားတွေအတွက် ၁၈၈.၈၄၆ သန်းလျာထားပြီးတော့ အဆိုပါလမ်းတွေကို ပြုပြင်ဖို့အတွက် စီမံဆောင်ရွက် ထားပြီး ဖြစ်ပါတယ်။ နောက်ခုနက တင်ပြ သွားတဲ့အတိုင်းပဲ ဒီစစ်တွေမြို့ ဟာ ကျန်သောပြည်နယ်နှင့် တိုင်းမြို့တော်ကြီးများနဲ့ နှိုင်းယှဉ်တဲ့အခါမှာ နိမ့်ကျနေတယ်ဆိုတဲ့ ခံစားချက် တွေရှိတာကို ကျွန်တော်တို့ အထူးအလေး ထားပါတယ်။ ဒီအတွက်ကြောင့်ပဲ ကျွန်တော်တို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နဲ့ ညှိနှိုင်းပြီး ရှုခင်းသာလမ်းကို ရေရှည်မှာ ကွန်ကရစ်လမ်းအဖြစ် တည်ဆောက်နိုင်ရေး အတွက် အစီအမံများထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

နောက်တစ်ခါ ဆက်လက်ပြီးတော့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မေးခွန်းအမှတ်စဉ် (၁)နဲ့ အမှတ်စဉ် (၂) ပါဝင်တာ ဖြစ်ပါတယ်။ မေးခွန်း (၁)ကတော့ ချင်းပြည်နယ်ဟာ ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်း (၇၃) ရာခိုင်နှုန်း ဖြစ်တဲ့အတွက်ကြောင့် ချင်းပြည်နယ်ကို အဆင်းရဲဆုံးဒေသအဖြစ် ဦးစားပေးဆော င်ရွက်ရန် အစီအစဉ်ရှိပါသ လားဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ အဲ ဒီတော့ ပြည်ထောင်စုအစိုးရအနေနဲ့ ဒီကုလသမဂ္ဂရဲ့ ထောင် စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် Millennium Development Goals - MDGs မှာ ဖော်ပြတဲ့အတိုင်းပဲ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးနဲ့ ပတ်သက်ပြီးတော့ ၂၀၁၅ ခုနှစ်မှာ လက်ရှိအနေအထား ရဲ့ ထက်ဝက်လျှော့ချရန် Frame Work ပြဋ္ဌာန်းချက်အတိုင်း ကျွန်တော်တို့ဆောင်ရွက်ဖို့အဓိဋ္ဌာန်ပြု ချမှတ်ထားပြီး ဖြစ်ပါတယ် ။ အဲဒီပြဋ္ဌာန်းချက်နဲ့ အညီ လုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည် ဖော်ဖို့အတွက် နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌ အဖြစ်ပါဝင်တဲ့ ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီ ၊ တိုင်းဒေသကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ပြီးခဲ့တဲ့ ဒီ UNICEF နဲ့ UNDP တို့ပူးပေါင်းဆောင်ရွက်တဲ့ The Integrated House hold Living Condition Assement IHLAC စီမံကိန်းအရ ချင်းပြည်နယ်ဟာ (၇၃.၃)ရာခိုင်နှုန်း ဆင်းရဲနွမ်းပါး မှု ရှိတယ်ဆိုတာ တွေ့ရှိရတာဖြစ်ပါတယ်။ ဒီလိုတွေ့ရှိရသည်နဲ့အညီ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု

လျှော့ချရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် အထူးဒေသအဖြစ် သတ်မှတ်ပြီးတော့ ပြည်ထောင်စုဝန်ကြီးတစ်ဦးကို ချင်းပြည်နယ်ရဲ့ တာဝန် ခံအဖြစ် သီး သန့်တာဝန်ပေးပြီး ရည်မှန်းချက်များ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒီတာဝန် ခံဝန်ကြီး အနေနဲ့ ၂၀၁၁ခုနှစ် ဇူလိုင်နဲ့ ဩဂုတ်လအတွင်းမှာ ချင်းပြည်နယ်မှာရှိတဲ့ ကျေးရွာအသီးသီးကို ကွင်းဆင်းပြီးတော့ ကျေးလက် ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဥ်များနဲ့ ပတ်သက်ပြီး ပကတိလိုအပ်ချက်များအပေါ်မှာ ဒီလိုဆောင်ရွက်ခဲ့တဲ့နေရာမှာ ဒီလ (၂)လမှာပဲ ရန်ပုံငွေ ၇၆၃၅ သိန်းသုံးပြီးတော့ လိုအပ်ချက်များကို ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအပြင်ကို Micro Finance အနေနဲ့ ပထမအဆင့်တစ်မြို့နယ်မှာ သိန်း ၁၀၀၀ ရန်ပုံငွေ ထားရှိရေးကိုလည်း ကျွန်တော်တို့ စီမံဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ နောက်တစ်ခါ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍနဲ့ မွေးမြူရေးသားငါးထုတ်လုပ်မှုကဏ္ဍတို့အတွက် ချင်းပြည်နယ်မှာIntegrated Farming အဖွဲ့(၁၂)ဖွဲ့၊ အသားကဏ္ဍအတွက် (၁၆)ဖွဲ့နဲ့ ငါးကဏ္ဍ အတွက် (၁)ဖွဲ့ ကျွ န်တော်တို့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ နောက်တစ်ခါအလားတူပဲ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ၂၀၁၁ ခုနှစ်အတွင်းမှာပဲ WFP ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဥ်ကနေပြီးတော့ ဆန်တန်ချိန် (၃၃၂၈)တန်ကို ချင်းပြည်နယ်ကို ထောက်ပံ့ရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။ မေးခွန်းအမှတ်စဥ် (၂)ကတော့ လမ်းပန်း ဆက်သွယ်ရေးကို ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဥ်ရှိပါသလားဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဒီချင်းပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျခြင်းရဲ့ အဓိကအကြောင်းရင်းတစ်ရပ်ဟာ ဝေးလံခေါင်းပါးတဲ့ တောင်တန်းဒေသဖြစ်ပြီးတော့ လမ်းပန်း ဆက်သွယ်မှုခက်ခဲခြင်းပဲဖြစ်တယ်လို့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ ခံယူပါတယ်။ ဒီအတွက်ကြောင့် ချင်းပြည်နယ်မှာရှိတဲ့ လမ်းပန်းဆ က်သွယ်ရေးလိုအပ်ချက်တွေကို အထူး အလေးထားပြီးတော့ လမ်းနဲ့တံတားများကို တိုးတက်ကောင်းမွန်ရေးဆောင်ရွက်လျက်ရှိပါတယ်။ အဲ ဒီတော့ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ လမ်းတွေအင်မတန်များပြားတဲ့အတွက်လမ်းပေါင်း (၂၀)ကျော်မှာ မြေသားချဲ့ခြင်း၊ ကတ္တရာလမ်းကို တိုးတက်ပြုပြင်ခြင်း၊ တံတားနဲ့ရေပြွန်များ ဆောက်လုပ်ခြင်း၊ မြေကာနံရံ များဆောက်လုပ်ခြင်း စတဲ့ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန အနေနဲ့တော့ အခုဘဏ္ဍာ ရေးနှစ် အတွင်းမှာ စူးခွား -ဘုံဇုံလမ်း (၃၆)မိုင် ရေဇွာ -လိုင်လင်းပီ မြေလမ်း (၂၆)မိုင်၊ နောက်တစ်ခါ ရေဇွာ -ဇဘောင်သဲမြေလမ်း (၃၆)မိုင် စုစုပေါ င်း

(၉၈)မိုင်ကို ကျွန်တော်တို့ ပြုပြင် ထိန်းသိမ်းဖို့ ရန်ပုံငွေ ၃၂၉ သိန်း ချမှတ်ပြီး ဖြစ်ပါတယ်။ အလားတူပဲ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ လည်းပဲ ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီးတော့ လမ်းပေါင်း(၃၀)ကျော်ကို ပြုပြင်ထိန်းသိမ်းဖို့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အဲဒီအပြင် နိုင်ငံတကာ အကူအညီနဲ့ ပတ်သက်ပြီးတော့ ညှိနှိုင်းချက်အရ အမေရိကန်ဒေါ်လာ သန်း ၇၀ တန်ဖိုးရှိတဲ့ တီးတိန်-ရိဒ် အဝေးပြေးလမ်း ၈၀.၁၇၈ ကီလိုမီတာ ဖောက်လုပ်ရေးကိုလည်း ကျွန်တော်တို့ နားလည်မှုစာချွန်လွှာရေးထိုးပြီးတဲ့ အဆင့်ရောက်ရှိနေပြီး ဖြစ်ပါတယ် ။ ၂၀၁၄ ခုနှစ်အကုန်မှာ ပြီးစီးဖို့ ရည်မှန်းချက်ထားရှိပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ချင်းပြည်နယ်ကို အထူးဒေသအဖြစ် သတ်မှတ် ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ကျတဲ့ လမ်းပန်းဆက်သွယ်မှုချောမွေ့ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလ င်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ပလက်ဝမြို့နယ် မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန်ရဲ့ ပလက်ဝမြို့ သောက်သုံးရေလုံလောက်စွာရရှိရေးနဲ့ ပတ်သက် ပြီးတော့ မေးမြန်းတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ အဲဒီတော့ ပလက်ဝမြို့ ရေပေးလုပ်ငန်း အနေနဲ့ ရန်ပုံငွေ ၁၇.၅ သန်းကျခံပြီးတော့ ဆောင်ရွက် ပေးခဲ့ပြီး ဖြစ်ပါတယ်။ သို့သော် လက်ရှိ အခြေအနေမှာ ပလက်ဝမြို့ရဲ့ အိမ်ခြေဟာ (၉၃၆)အိမ်၊ လူဦးရေဟာ(၅၄၂၇) ရှိတဲ့အတွက် ကြောင့် သူ့ရဲ့ တကယ့်တွက်ချက်မှုအရ ရေလိုအပ်ချက်က ၁.၁ သိန်းဖြစ်ပါတယ်။ လက်ရှိရေပေးဝေ နိုင်မှုဟာ ရှစ်သောင်းဖြစ်တဲ့အတွက်ကြေ(၀၄၃) ရာခိုင်နှုန်းပဲ ပေးဝေနိုင်တာဖြစ်ပါတယ်။ အဲဒီအပြင် ပေးဝေမှုစနစ်နဲ့ သုံးစွဲမှုစနစ်တွေမှာ လစ်ဟာမှုတွေ ရှိရင် ရေရရှိနိုင်တဲ့ ရာခိုင်နှုန်းဟာ ဒီထက် လျော့နည်းသွားမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ အနေအထား ပေါ် မူတည် ပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ မြို့ရေပေးရေးလုပ်ငန်းအတွ က် ဒီပလက်ဝမြို့မှာ သုံးစွဲခွင့် ရှိတာ ၁၇.၅ သန်းဖြစ်ပါတယ်။ အဲဒီတော့ ဒီ ၁၇.၅ သန်းအပြင် ကျွန်တော် တို့ ထောက်ပံ့ ရေး ရန်ပုံငွေကနေ နောက်ထပ် (၁၃)သန်းကျခံပြီးတော့ ဒီနှစ်အတွင်းမှာ မြို့ရေပေးရေးကို ပြုပြင်ဆောင်ရွက်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ အဓိကအားဖြင့် ပင်မပိုက်ဟာ (၃) လက်မပဲ ဖြစ် ပါတယ်။ အဲဒီတော့ (၃)လက်မပိုက်အစား (၄)လက်မပိုက်နဲ့ အစားထိုးပါတယ်။ စုစုပေါင်း (၅၆၇၀)ပေ အစားထိုးဖြစ်ပါတယ်။ အဲဒီထွက်ပေါ်လာတဲ့ (၃)လက်မပိုက် (၅၁၀၀)ကိုလည်း မူလ (၂)လက်မ ပိုက်တွေ နေရာမှာ အစားထိုးပါမယ်။ အဲဒီအပြင်

ရေပေးဝေရေးမှာ အဓိ ကလိုအပ်တဲ့ ဂါလန် နှစ်သောင်းဆံ့ အနည်ထိုင်ကန်တစ်လုံး တည်ဆောက်ပေးပါမယ်။ ဒီလိုတည်ဆောက်ပေးခြင်းအားဖြင့် ဒီ ပလက်ဝမြို့ကို တစ်နေ့ကို ရေဂါလန် ၁.၁ သိန်းအထိ တိုးမြှင့်ဖြန့်ဝေပေးနိုင်မှာ ဖြစ်ကြောင်း ကျွန်တော်တို့ တင်ပြ အပ်ပါ တယ်။

ဆက်လက်ပြီးတော့ တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့်ရဲ့ ကားလမ်းများနှင့် မြစ်ကူးတံတားများအပေါ် ပျက်စီးယိုယွင်းမှု မရှိအောင် အဆင့်မြှင့်တင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့်မေးခွန်းကို ကျွန်တော်တင်ပြ ပါမယ်။ အဲဒီမေးခွန်းကတော့ ဇောင်း ကောင်-လေးဒွေ့-မွာလ်ဘင်းလမ်းနှင့် မဏိပူရမြစ်ကူး တံတားကို ထိန်းသိမ်းဖို့ကိစ္စရပ်ပဲဖြစ်ပါတယ်။ အဲဒီတော့ တီးတိန်မြို့နယ်အတွင်းမှာ နိုင်ငံ တော် ကနေ ရန်ပုံငွေ ၄၄၇ သိန်း သုံးစွဲပြီးတော့ လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီမှာလည်း လမ်းပေါ ်င်းအားလုံး (၈)လမ်းပါပြီးတော့ ဒီမဏိ ပူရ မြစ်ကူးတံတား ကပ်တဲလ်မှာ ပေ (၄၂၀)တစ်ခု ထိုးပြီးဖြစ်ပါတယ်။ သို့သော် ဒေသရဲ့အခြေအနေအရ ဒီမဏိ ပူရ မြစ်ကူးတံတား ဟာ လိုအပ်တဲ့နေရာတိုင်းမှာ ထိုး ရမယ့် အနေအထားဖြ စ်တဲ့အတွက် မွာလ်ဘင်းမှာလည်း ထိုး ဖို့လိုအပ်တယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ တွေ့ရှိရတာ ဖြစ်ပါတယ်။ အဲဒီတော့ ၁၉၉၈-၁၉၉၉ ခု ဘဏ္ဍာရေးနှစ်မှာ ကျွ န်တော်တို့ ဇောင်း ကောင်-လေးဒွေ့-လင်းခိုင် အထိ ကျောက်ခင်းလမ်း (၅)မိုင်ကို ကျွန်တော်တို့ ခင်းခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေကနေ ၃၂၉ သိန်း ချမှတ်ပေးမယ့် လောလောဆယ်ပိုပြီးတော့ အရေးကြီးတဲ့ ဟားခါးမြို့နယ် ဆူးရ်ခွါး -ဘုံဖုံလမ်းနဲ့ နောက်တစ်ခါ ရေဇွာ-လိုင်လင်းပီလမ်း၊ ရေဇွာ- ဇာဘောင်သဲလမ်း ဒီလမ်း (၉၈)မိုင်ကို ကျွန်တော် တို့ဦးစားပေး ဆောင်ရွက်နေရတာ ဖြစ် ပါတယ်။ အဲဒီအ တွက်ကြောင့် ဒီဇောင်းကောင်- လေးဒွေ့- မွာလ်ဘင်း လမ်း (၁၂)မိုင်ကို ရာသီ မရွေးသွားလာနိုင်ရေးအတွက် ကျောက်ခင်းလမ်း အဆင့်တိုးမြှင့်ရေး ကိုတော့ လာမည့်နှစ် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှာတော့ နယ်စပ် ဖွံ့ဖြိုးရေးရန်ပုံငွေကနေ လျာထားနိုင်ရေးအတွက် ဗဟိုကော်မတီကို ကျွန်တော်တို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်ပေး နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အလားတူပဲ ပေ(၃၀၀) အရှည် ရှိတဲ့ မဏိ ပူရကြိုးတံတား မွါလ်ဘင်းကို ဒီကုန်တင်ဂျစ်ကား များ ဖြတ်သန်းရာမှာ ခံနိုင်ရည် ရှိတဲ့ အဆင့်ရော က်ဖို့အတွက် ပြန်လည်တည်ဆောက်ရေးအနေနဲ့ကျွန်တော်တို့ ပြည်ထော င်စုအစိုးရအနေနဲ့ အခုလိုအပ်တဲ့

လေ့လာမှုများ ဆောင်ရွက်သွားပါမယ်။ ဆောင်ရွက်သွားပြီးတော့ ဖြစ်နိုင်ခြေပေါ်မှာ ချင့်ချိန်ပြီးတော့ အစီအမံများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။

နောက်ဆက်လက်ပြီးတော့“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်းမဲဆန္ဒနယ်အမှတ်(၁၂) က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဆိုင် ပေါင်းနပ်ရဲ့ မက်မ န်းဒေသလမ်းအခြေအနေ ဖြစ်ပါတယ်။ အဓိကမေးခွန်းကတော့ ဟိုပန်မြို့နဲ့ မက်မ န်းမြို့ကို နေ့ချင်းပေါက် ဆက်သွယ် နိုင်မယ့် ကားလမ်းသစ်ဖောက် လုပ်ရေးပဲ ဖြစ်ပါတယ်။ အဲဒီတော့ အခုချိန်ထိ ဒီ “ဝ” ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း ကျွန်တော်တို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကနေကျပ် ၄၈၀၉ သန်း သုံးစွဲအကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပထမတင်ပြလိုပါတယ်။ အဲဒီတော့ ဟိုပန်နဲ့မက်မန်းကို ဆက်သွယ်မယ့် လမ်းကိုကြည့်မယ်ဆိုရင်တော့ မူလရှိတဲ့လမ်း (၂)လမ်း ရှိပါတယ်။ အဲဒါက ဟိုပန်ကနေပြီးတော့ လားရှိုး၊ မန္တလေးထိဆင်းပြီးတော့ မန္တလေးကနေ ဒီဘက် တောင်ကြီး-မိုင်းပျဉ်း-မက်မန်းကို ပြန်တက်မယ်ဆို အားလုံး (၈၀၄)မိုင် ရှိပါတယ်။ လမ်း အနေနဲ့ တော့ မိုင်းပျဉ်း နဲ့ မက်မ န်းလမ်းသာလျှင် (၄၈)မိုင်သာလျှင် မကောင်းဘဲနဲ့ ကျန်တဲ့လမ်းက ကောင်းပါတယ်ဆိုတာကို ကတ္တရာလမ်းဖြစ်တယ်ဆိုတာ တင်ပြအပ်ပါတယ်။ အဲဒီလိုပဲ ဒုတိယလမ်း ကျတော့ ကျွန်တော်တို့ လား ရှိုးရောက်တဲ့အခါမှာ မန္တလေးဘက် မဆင်းဘဲနဲ့ တန့် ယန်းကနေ ပန်ဆန်းကိုသွားပြီးတော့ မက်မ န်းကိုသွားတဲ့လမ်းဖြစ်ပါတယ်။ သူကလည်း (၃၄၃)မိုင် ဖြစ်ပါ တယ်။ အဲဒီတော့အခုလိုလား ချက်ကတော့ ဟိုပန်နဲ့ မက်မန်းကို တိုက်ရိုက်ဆက်သွယ်မယ့် လမ်းဖြစ်မယ်ဆိုရင် လားရှိုး -တန့်ယန်းဘက်ကို မပတ်ဘဲနဲ့ ဟိုပန်-မိုင်းမော-ပန်ဆန်းကနေ ပြီးတော့ မက်မန်းကိုတိုက်ရိုက်သွားမယ့် လမ်းဖြစ်ပါတယ်။ အားလုံး (၂၅၇)မိုင် ဖြစ်သွားပါမယ်။ အဲဒီတော့ ဒီလမ်းနဲ့ ပတ်သက်ပြီးတော့ ကျွ န်တော်တို့ မူလလမ်းတွေလည်း အခုအဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသလို ခု နကကိုယ်စားလှယ်တင်ပြတဲ့ ဟိုပန်-မိုင်းမော-ပန်ဆန်းလမ်းကို ယခင် ကတည်းက နတလ ရန်ပုံငွေနဲ့ (၂၀၉)မိုင် ရန်ပုံငွေ ၁၇၉သန်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အမာခံလမ်းဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားဖို့ လိုပါတယ်။ ပန်ဆန်းနဲ့ မက်မန်း (၄၇)မိုင်ကတော့ ဒေသအစီအ စဉ်နဲ့ ဖောက်ထားတဲ့ မြေသားလမ်းသာ ဖြစ်တဲ့အတွက်ကြောင့် ဒီလမ်းကိုပုံမှန်သွားလာနိုင်တဲ့လမ်း ဖြစ်ဖို့အတွက် ဆောင်ရွက်ပေးဖို့ လိုအပ်တာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ခြုံငုံပြီးတော့ တင်ပြရမယ်ဆိုရင် ဟိုပန်-မိုင်းမော-ပန်ဆန်း

လမ်း(၂၀၉)မိုင်ကို ကျွန်တော်တို့ အဆင်မြှင့်တင်ပေးသွားပါမယ်။ ဆက်ပြီး တော့ ဖောက်လုပ်ဖို့ လိုအပ်တဲ့ ပန်ဆန်း-မက်မန်းလမ်း (၄၈)မိုင်ကိုလည်း ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဖြစ်အောင် အဆင့်မြှင့်တိုးမြှင့် ဆောင်ရွက်ပေး သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်ဒုတိယမေးခွန်းကတော့ မက်မန်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု တစ်ခုနဲ့ တစ်ခု ဆက်သွယ်တဲ့လမ်းမှာ ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ အဲဒီတော့ ဒီနှစ်မှာ လည်း ကျွန်တော်တို့ နိုင်ငံတော်ထောက်ပံ့ငွေကနေ ကျပ်သိန်း ၂၀၀ သုံးပြီးတော့ ကျေးရွာချင်းဆက် လမ်းတွေကို စတင်ဆောင်ရွက်ပေးပါမယ်။ လာမယ့်နှစ်တွေမှာလည်း ဒီဘဏ္ဍာငွေရရှိမှုနဲ့အညီ ကျွန်တော်တို့ စုဆောင်းပြီးတော့ မက်မန်းဒေသအတွင်းမှာလိုအပ်တဲ့ ကျေးရွာချင်းဆက်လမ်းများကို ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးရဲ့ ပထမ(၁)နာရီဟာ မေး ခွန်းများအတွက် ဖြစ်သော်လည်း (၁)နာရီနဲ့မိနစ်(၄၀) ရှိသွားပါတယ်။ ဒါကြောင့်မို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ မေးခွန်းများကို မနက်ဖြန်ရွှေ့ဆိုင်းပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော် အစည်းအဝေး ရပ်နားပါမယ်။ (၁)နာရီတိတိမှာ ပြန်လည်စတင်ပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၁၁း၄၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး** ။ ။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒေါက်တာစိုးထွန်းမန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်း ဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစိုးထွန်း တင်သွင်းထားသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်း ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်(၆)ဦးက အမည်စာ ရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးနိုင်နိုင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၁။**

**ဗိုလ်မှူးနိုင်နိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ မင်္ဂလာပါလို့နှုတ်ခွန်း ဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၀၈၅၈ ဗိုလ်မှူးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုး ထွန်းတင်သွင်းတဲ့ ကျန်းမားရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန်အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ကျွန်တော်၏ ထောက်ခံတင်ပြချက်မှာ အချို့နေရာများ၌အင်္ဂလိပ် အသုံးအနှုန်းများပါရှိနေပါ၍ အသုံးပြုခွင့်ပြုပါရန်နှင့် ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ခွင့်ပြုပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဗိုလ်မှူးနိုင်နိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်** ။ ယနေ့ခေတ် မြန်မာနိုင်ငံမှာ ယခင် က အစိုးရဆေးရုံများနဲ့ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းအချို့သာရှိခဲ့ရာမှ ယ ခုအခါမှာ အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ များစွာပေါ်ထွက်လာပြီး ဖြစ် ပါတယ်။ ဆေးကုသမှုမှာလည်း ခေ တ်မီတိုးတက်လာတာနှင့်အမျှ ပြည်သူများမှာလည်း ဆေးပညာဗဟုသု တများ တိုးပွားလာကြပါတယ်။ လူနာနှင့် လူနာအသိုင်းအဝန်းများက ကျန်းမာရေးစောင့်ရှောက်ပေးသော ဆရာဝန်များအပေါ် မကျေနပ်မှုများ ပေါ်ပေါက်ကာ အထက်ဌာနသို့ တိုင် ကြားခြင်း၊ လျော်ကြေးငွေတောင်းခံခြင်းနဲ့ တရားစွဲဆိုခြင်းများ ပြုလုပ်လာကြပါတယ်။ ဒီလိုဖြစ်တာက ဆရာဝန်နဲ့လူနာကြား ဝိ ရောဓိများဖြစ်ပေါ်ပြီး နှစ်ဖက်စလုံးမှာ အားနည်းချက် များရှိတာကြောင့် ဖြစ်ပါတယ်။ ဆေးဝန်ထမ်းဘက်မှ လူမှုရေး ၊ ဆက်ဆံရေး၊ ကုသရေး၊ စေတနာထားရှိမှု ၊ စာနာထောက်ထားမှုနဲ့ ကျင့်ဝတ်သိက္ခာရှိမှုတို့ အားနည်းလာတာတွေ့ရပါတယ် ။ အချို့သော ဆရာဝန်များမှာ အလုပ်များခြင်းနှင့် အချိန်တိုအတွင်းမှာ လူနာများစွာကို ကြည့်ရှုရခြင်း ကြောင့် လူနာမှ ရှင်းပြပြောပြတာကို နားထောင်မပေးနိုင်ဘဲ ကုသမှုပေးခြင်း၊ ကုသမှု နှင့်ပတ်သက်၍ ရှင်းပြမှု ၊ ညွှန်ကြားမှုများ အားနည်းလာကြပါတယ်။ အချို့သောလူနာတွေမှာတော့ ၎င်းနဲ့သက်ဆိုင်တဲ့ ပုဂ္ဂိုလ်များရဲ့ မှားယွင်းသောအတွေးအခေါ် အယူ အဆဖြင့်လည်းကောင်း၊ အခြေအနေ မှန်ကို မသိသော ပတ်ဝန်းကျင်နှင့် အမြတ်အစွန်းအခွင့်အရေးလိုချင်တဲ့ ကြားလူပုဂ္ဂိုလ်တို့ရဲ့ တိုက်တွန်းစေ့ဆော်မှုကြောင့် လျော်ကြေးငွေ တောင်းခံခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တွေ့ရှိရပါတယ်။ ဒီလို

ကိစ္စတွေကြောင့် အချို့သောသိက္ခာရှိ ဆရာဝန်များမှာ စိုးရိမ်စိတ်များရှိလာပြီး ဆေးကုသခြင်းနှင့် တာဝန်ယူခြင်းအပိုင်းတို့မှာ အားနည်းလာပြီး အချို့မှာ ဆေးကုသခြင်းဖြင့် အသက်မမွေးတော့ဘဲ အခြားလုပ်ငန်းသို့ ပြောင်းရွှေ့ခြင်း၊ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းတို့ကို တွေ့ရှိရပါတယ်။ အချို့ဆရာဝန်များမှာတော့ Defence Medicine ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက် အချို့သော ဆေးစစ်ချက်တွေ ဥပမာအားဖြင့် ဓာတ်မှန်၊ [illegible]တာဖြင့် ပုံရိပ်ဖော်ခြင်း၊ CT Scan တို့ကို လုပ်ဆောင်လာတာကြောင့်လူနာဖက်မှ ကုန်ကျစရိတ်များသလို တိုင်းပြည်ဘက်မှလည်း မလိုအပ်ဘဲ ကုန်ကျစရိတ်တွေ များလာပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆေးကုသမှုပညာရပ်မှာ Uncertainty လို့ခေါ်တဲ့ မရေရာမှု၊ ဆုံးဖြတ်ရန်ခက်ခဲမှုတို့နဲ့ ပြည့်နှက်နေပြီး လူနာတွေ ဘက်မှာတော့ Exactness လို့ခေါ်တဲ့ တိကျမှုကို လိုချင်ကြပါတယ်။ ဥပမာအားဖြင့် ကင်ဆာအလုံးတစ်ခုကို ခွဲထုတ်ပစ်လိုက်ရ င် ကျိန်း သေနေပြန်ကောင်းမလား ဆိုတဲ့ မေးခွန်းကို တိတိကျကျဖြေဖို့ ခက်ခဲလှပါတယ်။ ကု သမှုရဲ့ရလဒ်ဟာ ရောဂါအမျိုးအစား ၊ ကုသသည့်ဆေးဝါးနှင့် ၎င်းတို့ရဲ့ ဘေးထွက်ဆိုးကျိုး ဆရာဝန်များ၏ ဆေးပ ညာကျွမ်းကျင်မှုစတဲ့ အချက်တွေပေါ်မှာ မူတည်နေရာ ကုသမှုမပြီးဆုံးခင် ကြိုတင်မှန်း ဆရာတွင် ရာနှုန်းပြည့် မှန်ကန်ခြင်း မရှိနိုင်ပါ။ တ စ်ခါတစ်ရံ Unexpected Death လို့ခေါ်တဲ့ ဆေးကုသနေစဉ် မမျှော်လင့်ဘဲ သေဆုံးရတာတွေရှိလို့ သေဆုံးပြီးစစ်ဆေးချက်နဲ့ ရောဂါရှာဖွေရတာတွေ လည်းရှိပါတယ်။ ဆေးကု သရာမှာ ဆေးကုသမှုရဲ့ ရည်ရွယ်ချက် ရရှိမယ့် ကောင်းကျိုးနှင့် ဆိုးကျိုးများ ဖြစ်လာနိုင်သည့် နော က်ဆက်တွဲဖြစ်ရပ်များကို လူနာနား လည် သဘောပေါက် အောင် ဆရာဝန်မှ ရိုးသားစွာရှင်းပြဖို့ လိုအပ်ပါတယ်။ ဒီလိုရှင်းပြတဲ့အခါမှာ လိုအပ်ပါက ဘာသာပြန်သူများ၊ ရုပ်ပုံများ၊ မော်လ်ဒယ်ပုံများနှင့် အချိန်ယူရှင်းပြသင့်ပါတယ်။ ရှင်းပြပြီးတဲ့ အခါမှာ လူနာမှ ဆုံးဖြတ်ချက်ချနိုင်အောင် အချိန်ပေးရပါတယ်။ ဒါမှ လူနာနဲ့ ဆရာဝန်ကြားမှာ ယုံကြည်မှု တည်ဆောက်နိုင်ပြီး ဆေးစွမ်းလည်း ထက် လာပါလိမ့်မယ်။ ဆရာဝန်နဲ့ လူနာကြားမှာ နားလည်မှုလွဲခြင်း၊ လျော်ကြေးတောင်းခံခြင်းနှင့် တရားစွဲဆိုမှုများလည်း လျော့နည်းလာပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Medical Protective Society ကို United Kingdom မှာ ၁၈၉၂ခုနှစ်မှ ဖွဲ့စည်းခဲ့ပြီး ဆေးပညာဆိုင်ရာ စွပ်စွဲ ချက်တွေနဲ့ ကုသမှုဆိုင်ရာ အငြင်းပွားမှုတွေကို ဖြေရှင်းပေးခဲ့ပါတယ်။ ဒီအဖွဲ့ရဲ့ လုပ်ဆောင်ချက် အချို့ကို ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ ဒီအဖွဲ့အစည်းဟာ ဆေးဝန်ထမ်းဘက်က တ စ်ဖက်

စောင်းနင်း ရပ်တည်နေတဲ့ အသင်းအဖွဲ့မဟုတ်ဘဲ လူနာနှင့် ဆေးဝန်ထမ်းကြား နှစ်ဦးနှစ်ဖက် ပြေလည်အောင် မျှမျှတတဆောင်ရွက်ပေးခြင်း၊ ဆေးဝန်ထမ်းများကိုလည်း ကျင့်ဝတ်သိက္ခာပိုင်းတွင်လည်းကောင်း၊ ဥပဒေကြောင်း အချင်းအရာတွင်လည်းကောင်း၊ အကြံဉာဏ်များ၊ လမ်းညွှန်ချက်များ၊ ပေးခြင်းအားဖြင့် ဆေးဝန်ထမ်းများ၏ ဆောင်ရွက်ချက်များ မှားယွင်းချွတ်ချော်မှု မရှိရအောင် ကြိုတင် ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိ ရပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့ အနေနဲ့ အောက်ပါလု ပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နံပါတ် (၁)အနေနဲ့ ဤအဖွဲ့ အစည်းကကျင်းပမယ့် ဘာသာရပ်ဆိုင်ရာ ဆေးပညာညီလာခံတွေမှာ Ethic လို့ခေါ်တဲ့ ဆေးကုသမှု နည်းလမ်းတွေနဲ့ ပတ်သက်ပြီးဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ တိုးတက်နေသော ဆေးပညာရပ်များနှင့်အညီ ကုသမှုနည်းလမ်းများ ပြန်လည်ရေးဆွဲချမှတ်ခြင်း ၊ ထိုချမှတ်ရေးဆွဲထားသော ကုသမှုနည်းလမ်း Guide Line များအတိုင်း ဆရာဝန်များက ကုသပေးခြင်းဖြင့် ကမ္ဘာ့အဆင့်မီ ခေတ်မီတိုးတက်သော ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ် ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် Patient Safety Measure လို့ခေါ်တဲ့ ဆေးကုသရာမှာ လုံခြုံစိတ်ချ ရတဲ့ နည်းလမ်းကောင်း နည်းလမ်းသစ်တွေကိုလည်း ချမှတ်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီအဖွဲ့အစည်းအနေနဲ့ နစ်နာထားတဲ့ လူနာများအားမျှတသော လျော်ကြေးငွေများကိုလည်း ပေးဆောင်နိုင်ပါတယ်။ ဒါ့အပြင် ဆရာဝန်ငယ်များကိုလည်း ပညာဖြန့်ဝေပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းတို့ပြုလုပ်နိုင်ပြီး ဆေးပညာ အရည်အသွေးလည်း တိုးတက်မြင့်မားလာပါမယ်။ နိဂုံးချုပ်အားဖြ င့် လူနာနှင့် ဆရာဝန်ကြား ပြဿနာ ပေါ်ပေါက်လာခဲ့လျှင် လူနာနဲ့ ဆရာဝန်တို့အားကိုးရပြီး တရားမျှတစွာ ကိုင်တွယ်ဖြေရှင်းပေးမယ့် ကျန်းမာရေးစောင့်ရှော က်မှုဆိုင်ရာ အငြင်းပွားမှုများ အပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင် အဖွဲ့ ပေါ်ပေါက်ဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ ဒါကြောင့် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း တင်သွင်းသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာဖြေရှင်း ဆုံးဖြတ်ရေး ပညာရှင်အဖွဲ့ ဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့် အနေနဲ့ လေးလေး နက်နက် ထောက်ခံအပ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနိုင်ရှိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၉။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ် များ၊ မင်္ဂလာပါလို့နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပ ါတယ်။ ကျွန်တော်က တော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် ဖြစ်ပါတယ်။ ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)ရဲ့ ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်း ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဖြည့်စွက်ပြီးတော့ အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာကိစ္စဟာ အင်မတန်မှ အရေးကြီး ပြီးတော့ နက်နဲ သိမ်မွေ့လှပါတယ်။ ကျွန်တော် တို့ လူတစ်ဦးချင်း ရဲ့ အသက်နဲ့ သက် ဆိုင်တဲ့အတွက်ကြောင့် ကျန်းမာရေးဟာ အဓိကကျတဲ့ကဏ္ဍတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဒီကဏ္ဍကို ဆောင်ရွက်ကြမယ့် အခါမှာ သေသေချာချာ အသေး စိတ် လုပ်ကိုင် ဆောင်ရွက်ဖို့လိုမယ်လို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော်ဟာ ကျန်းမာရေးနယ်ပယ်က မဟုတ်ပါဘူး။ အဲဒီတော့ ကျန်းမာရေးနယ်ပယ်က မဟုတ်တဲ့ အတွက်ကြောင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုမှာ နှစ် ဖက်ရှိတဲ့ အတွက်ကြောင့် လူနာနဲ့လူနာရှင်များဘက်က လိုအပ်မယ့်အချက်ကလေးတွေကို တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲ ဒီတော့ ကျွန်တော် တို့ မြန်မာမှုနယ်ပယ်မှာ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်ရင် လူနာနဲ့ လူနာရှင်များသည် ဆရာများကို မိရိုးဖလာ အစဉ်အဆက် ဆေးပညာရှင် များကို မိမိတို့ရဲ့ အသက်သခင်ကျေးဇူးရှင်များအဖြစ် အမြဲတမ်း ဒီကနေ့အထိဆက်ဆံဆောင်ရွက် ကြပါတယ်။ ဆရာဝန်များကိုမြင်လို့ရှိရင် လူနာဟာရောဂါတစ်ဝက်ပျောက်တယ်ဆိုတဲ့ အဆိုအမိန့်ဟာ ကျွန်တော်တို့ ဘိုးဘွားဘီဘင်လက်ထက်က ရှိပါတယ်။ လူနာတစ်ယောက်ကို လူနာရှင် တစ်ယောက်က ကျွန်တော့်အဖေ၊ ကျွန်တော့်အမေ ၊ ကျွန်တော့်ဇနီး၊ ခင်ပွန်း အစရှိသဖြင့် ဆရာ့ လက်ထဲကိုအပ်ပြီးတော့ ဝ ကွက်အပ်ပြီးတော့ ဖြတ်သန်းလာခဲ့ကြပါတယ်။ ဆရာ ဝန်များဘက်က လည်းပဲ လူနာအပေါ်မှာ ဆရာဝန်အဖြစ် သတ်မှတ်တယ် ဆိုကတည်းက ကတိသစ္စာတွေနဲ့ သူတို့

ကျောင်းဆင်းကာစ မှာကတည်းက သူတို့လူနာတွေအပေါ်မှာ ထားရမယ့် သဘောထားတွေ၊ ကျင့်ဝတ်တွေ ပါလာပြီးသားဖြစ်တဲ့အတွက်ကြောင့် ဘယ်ဆရာဝန်မှ မိမိကုသတဲ့ လူနာအသက်ဆုံး စေချင်တယ် ဆိုတာမရှိပါဘူး။ အဲဒီလိုပဲ ကျွန်တော်တို့ ခံယူပါတယ်။ ဆရာတွေက မိမိ ကုသတဲ့ လူနာတစ်ယောက်အပေါ်မှာ သူကုသလိုက်တဲ့ ကုသချက် အောင်မြင်သွားတာကိုပဲ ဝမ်းသာပီတိ ဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။ ခွဲစိ တ်ခန်းထဲမှာ လူနာရဲ့အသက်ကို အခက် အခဲပေါင်း များစွာထဲကနေ နာရီပေါင်းများစွာ အပင်ပန်းခံပြီးတော့မှ အဲဒီခွဲစိတ်ကုသမှု အောင်မြင်သွားရင် ဘာနဲ့မှမလဲနိုင်တဲ့ ပီတိကို သူတို့ရရှိမယ်လို့ ခံစားလို့ရပါတယ်။ အဲဒီတော့ ဒီကနေ့ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုဆိုတာ ဖြ စ်ပေါ်မယ့် နယ်မြေ (၂)ခုလောက်တော့ရှိမယ်လို့ ထင်မြင်ယူဆပါတယ်။ အထူးကုဆေးရုံကြီးတွေ ၊ ဆေးခန်းတွေပေါ်ပေါက်လာပြီး ခေတ်မီဖွံ့ဖြိုး လာတာနဲ့အမျှအဲဒီလူနာများနဲ့ လူနာရှင်တွေနဲ့ ဆရာဝန်တွေများကြား အငြင်းပွားမှုဟာ အဲဒီအထူးကု ဆေးရုံများမှာ တက်ရောက်ကုသနိုင်တဲ့ လူနာနဲ့ လူနာရှင်တွေကပိုပြီးတော့ ဖြစ်လေ့ ဖြစ်ထ ရှိမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုပြဿနာမျိုး တွေ အင်မတန်မှ အရေ အတွက် ဖြစ်တာ နည်းပါသေးတယ် ။ အဲ ဒီတော့ ဒီကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုကို ပြည်သူ့ဆေးရုံနဲ့ ပြည်သူ့ဆေးရုံတွေကို အားကိုးအားထား ပြုနေရတဲ့ လူနာနဲ့ လူနာရှင်တွေနဲ့ ဆေးကုသနေတဲ့ ဆေးဝန်ထမ်းတွေကြားပြဿနာကို ထည့်သွင်းစဉ်းစားနေမယ်ဆိုရင် ပြဿနာက များလာနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံဟာ ကမ္ဘာ့နိုင်ငံနဲ့ ယှဉ်ကြည့်ရင် ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်ပါတယ်။ အဲဒီတော့ ကျွ န်တော်တို့နိုင်ငံမှာ ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ပတ်သက်လို့ အားနည်းချက်တွေ ရှိနေပါသေးတယ်။ ပြီးခဲ့တဲ့ လွှတ်တော်ရဲ့ ပထမအပတ်ထဲမှာ ကျွန် တော်တို့ရဲ့ ဆရာကြီးဖြစ်တဲ့ ဒေါက်တာမြဦးလည်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းတွေ မြှင့်တင်ဖို့ ဆိုတဲ့ အဆိုတစ်ရပ် ဝန်ကြီးဌာနကို တို က်တွန်းထားတာလည်း သိရှိခဲ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည်သူလူထုအများစုက ကျန်းမာရေး ဗဟုသုတ အားနည်းကြပါတယ်။ ဆင်းရဲ နွမ်းပါးချို့တဲ့ တဲ့ သူတွေလည်း များကြပါသေးတယ်။ အဲဒီတော့ ဒီပုဂ္ဂိုလ်တွေဟာ အဖွဲ့အစည်းတွေ အားကိုးပြီးတော့ ဒီအခြေခံလူတန်းစားတွေကနေ မလိုလား အပ်တဲ့ တောင်းဆိုမှုတွေ ၊ မလိုလား အပ်တဲ့ လုပ်ရပ်တွေကို ဆောင်ရွက်လာ ရင် ကျွန်တော်တို့ ဆရာနဲ့ လူနာရဲ့ကြားမှာ မြန်မာမှု နယ်ပယ်မှာ ကြီးထွားကျယ်ပြန့်ခဲ့တဲ့ မေတ္တာစေတနာကို အရင်းခံ တဲ့ အစဉ်အဆက်ကြီးတစ် ခု ပျောက်ကွယ်သွားမှာလည်း စိုးရိမ်မိပါတယ်။ ဒါကြောင့် ဒီဟာကို ဖြေရှင်းဆောင်ရွက်ဖို့အတွက်

ဖွဲ့တဲ့နေရာမှာလည်းပဲ လိုအပ်တဲ့ ပညာရှင်များ၊ ဝန်ကြီးဌာနများ ထည့်သွင်းပြီးတော့ ဖွဲ့စည်းသင့်တယ်လို့ ဖြည့်စွက်တင်ပြလိုပါတယ်။ အဲဒီတော့ဒီနေ့ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုကိုကြည့်ရင် ချို့တဲ့နွမ်းပါးတဲ့ ပြည်သူလူထုအများစု ဟာ လမ်းဘေးမှာ ရောင်းနေတဲ့ဆေးဆိုင်မှာ မိမိဝေဒနာကို ပြောပြပြီးတော့ ခေါင်းကိုက်တယ်၊ ဗိုက်အောင့်တယ် ဆိုပြီးတော့ အဲဒီဆေးဆိုင်က စပ်ပေးလိုက်တဲ့ ဆေး(၃)ခွက်စာ၊ (၄)ခွက်စာ ငွေ (၁၅၀)(၂၀၀)ပေးပြီးတော့ ကျန်းမာရေးကို စောင့်ရှောက်နေတဲ့ သူတွေလည်းရှိပါတယ်။ ဒါတွေကို အင်မတန်မှ အန္တရာယ်ကြီးကြောင်းလည်း ကျန်းမာရေးစာစောင်များမှာ ကျန်းမာရေးပညာရှင်များက မကြာမကြာ အမြဲတမ်းဖော်ပြနေတာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ဒီလူနာနဲ့ လူနာရှင်များနဲ့ ဆေးပညာရှင်များရဲ့ကြား အငြင်းပွားမှုများကို မျှတစွာဖြေရှင်းပေးဖို့ဆိုတဲ့အဖွဲ့ကို ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ် ပေါ်နေတဲ့ တိုးတက်နေတဲ့ အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကိုပိုပြီးတော့ မြှင့်တင်ပြီးတော့ ကာလတစ်ခုကို ရောက်တဲ့အခါမှာ တကယ့်နိုင်ငံတကာအဖွဲ့အစည်းတစ်ခုကို ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ လူထုရဲ့ အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကျန်းမာရေးဗဟုသုတဖွံ့ဖြိုးမှုတွေအပေါ်မှာ မူတည်ပြီးတော့ ဖွဲ့စည်းသင့်တယ်လို့ အကြံပြုဆွေးနွေးချင်ပါတယ်။ အဲ ဒီတော့ ဒီ ကျန်းမာရေးစောင့်ရှောက်တဲ့ကိစ္စမှာ စေတနာအမှားနဲ့ပေါ့ဆမှု အမှား(၂)မျိုး ရှိပါလိမ့်မယ်။ တချို့အမှားတွေဟာ စေတနာနဲ့ ဆေးပညာရှင်များဘက်က မှား ယွင်းသွားတဲ့အမှား ဖြစ်မယ်လို့ ထင်ပါတယ်။ တချို့ကိစ္စမျိုး ပေါ့ဆမှုကြောင့် ဖြစ်သွားတယ်ဆိုရင်တော့ တစ်ဖက်က နစ်နာဆုံးရှုံးသွားတဲ့ သူက အသက်ပါ ဆုံးရှုံးသွားတာကို ဒါဆေးပညာရှင်များဘက်က သတိပြုဖို့လိုပါမယ်။ အဲဒီတော့ ဆရာဝန်များ ညီလာခံတွေမှာ ခုနက ဆရာဝန်တွေရဲ့ ဆရာဝန်များရဲ့ ထားရမယ့်သဘောထား၊ ခုနက ကျွန်တော့်ရှေ့က တပ်မတော်သား ကိုယ်စားလှယ် ဆွေးနွေးသွား သလို ဆရာဝန်တွေရဲ့ စောင့်ထိန်းရမယ့်ကျင့်ဝတ်တွေ၊ ဆရာဝန် တစ်ယောက်ထားရှိရမယ့် သဘောထားတွေ၊ အားနည်းလာတာတွေကို ပြုပြင်တဲ့စနစ်၊ နောက်တစ်ခါ ကျွန်တော်တို့ အငြင်းပွားမှု ဖြစ်စေတဲ့အချက် လူနာနဲ့ လူနာရှင်တွေကို ပြည့်ပြည့်စုံစုံဆွေးနွေးခွင့် ကျွန်တော်တို့ နယ်ပယ်မှာမရတာတွေ များနေပါတယ်။ လူနာနဲ့ လူနာရှင် ပြောပြဖို့အတွက် က ဆရာမတွေ၊ ဆရာကြီးတွေကတာကိုမှ ပြောလို့မရအောင် ဒီဟာကြီးက ကျွန်တော်တို့မှာ အရံအတား ဖြစ်နေပါတယ်။ ဒီစနစ်က ပြည်သူ့ဆေးရုံတွေသာမကပဲနဲ့ အခကြေးငွေ နဲ့ Private ဖွင့်ထားတဲ့ ဒီအထူးကုဆေးရုံကြီးတွေကတောင်မှ အဲဒီဆွေးနွေးခွင့်ဟာ တော်တော် အားနည်းနေသေးတာကို တွေ့ရှိရပါတယ်။ နောက်ဆုံး ဆေးရုံက ဒီ ကိုယ့်လူနာအခြေအနေက မရနိုင်လို့ ပြန်ခေါ်ရမယ်

ဆိုရင်တောင် ပြန်ခေါ်ခွင့်ကို တော်တော်လေး ခက်ခက်ခဲခဲ ကြိုးစား ယူနေရပါတယ်။ အဲ ဒီတော့ တချို့ဟာဆိုရင် ဒီလူနာမရနိုင်တော့တဲ့ အနေအထားကို သက်ဆိုင်ရာဆေးပညာရှင်က လူနာရှင်ကို ပြောပြပြီးတော့ ဒီလိုတင်ပြ ခွင့်၊ ညှိနှိုင်းခွင့်ရရင် ပိုအဆင်ပြေ ပါတယ်။ နို့မို့လို့ဆိုရင် ကိုယ့်မြို့ ကိုယ့်ရွာ ပြန်သယ်တဲ့ နေရာကစပြီးတော့ သေဆုံးသွားတဲ့ အချိန်မှာ သယ်ဆောင်ရတာရယ်၊ အသက်လေး ရှိနေတုန်းမှာ သယ်ဆောင်ရတဲ့ ကိစ္စတွေရယ်၊ ဒီကိစ္စတွေဟာ တော်တော်ခက်ခက်ခဲခဲဖြစ်ကြရပါတယ်။ တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေမှာ အခက်အခဲမရှိပေမယ့် ဒီချို့တဲ့တဲ့ သူတွေအတွက် ပြည်သူလူထုအတွက်အများကြီး ဒီအခက်အခဲတွေကို ရင်ဆိုင်ရပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ရောဂါရှာဖွေရေးနှင့် ပတ်သက်တဲ့ ကိရိယာတွေ၊ ရောဂါရှာဖွေရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေဟာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ အထူးကုဆေးရုံတွေ များလာတယ်။ တ စ်ဖက်က အဲဒီဟာတွေနဲ့ ပတ်သက် တဲ့ ကျွမ်းကျင်တဲ့ ပညာရှင်ပါရဂူတွေ နည်းပါးနေတယ်လို့ ထင်မြင်ယူဆမိပါတယ်။ အဲဒီလူနာကိုကုသတဲ့ ဆေးကုသတာကို ကျွန်တော်တို့က အင်မတန်မှ နက်နက်နဲနဲ ခုနက ဆရာဝ န်များ တင်ပြသွားသလိုပဲ၊ အင်မတန် နက်နဲခက်ခဲပါတယ်။ ဆုံးဖြတ်ဖို့ ဆိုတာလည်း အဖြေတစ်ခု မှန်မှန်ရဖို့ ဆိုတာလည်းခက်ပါတယ်။ သို့သော်လည်းပဲ ဘယ်ရောဂါ ဖြစ်တယ်ဆိုတာ ဒီလိုရောဂါ၊ ဒီလိုရှာဖွေ တဲ့ ဓာတ်ခွဲခန်း၊ ရောဂါ ရှာဖွေတဲ့ ကိရိယာ၊ Ultra Sound တို့၊ CT Scan အစရှိသဖြင့် ဒီဟာတွေဟာ ပြည့်စုံ ကောင်းမွန်တဲ့၊ မှန်ကန်တဲ့ အဖြေကို ပေးနိုင်တဲ့ အရာတွေကို အသုံးပြုဖို့ ဒီနေ့ကျန်းမာရေးနဲ့ပတ်သက်ပြီး အားနည်းနေတဲ့ အပေါ်မှာ ပါရဂူတစ်ယောက်က အထူးကုဆေးရုံတွေရော၊ ပြည်သူ့ဆေးရုံတွေအပါအဝင် ဒီအဖြေလွှာတွေကို တစ်ယော က်ထဲ ဖတ်ပြီးတော့ အဖြေပေးနိုင်တဲ့ အခါမှာ အောက်ကသူ့အောက်မှာရှိတဲ့ အဆင့်နဲ့ လက်ထောက်ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေက ဖြေထားတဲ့အဖြေတွေ ပေါ်မှာပဲများ တာဝန်ခံပြီးတော့ ဆောင်ရွက်နေသလား။ ဒီလိုလဲ လူနာရှင်နဲ့ လူနာဘက်က နေပြီးတော့ ကျွန်တော်တို့ လေ့လာပါတယ်။ ဒါအင်မတန်မှ အန္တရာယ်ကြီးမယ်လို့လည်းထင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ တိတိကျကျ ဒါလေးတွေကိုလည်းဖြည့်စွက်၊ ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်အရ ဖြည့်တင်းဆောင်ရွက် သင့်တယ်ဆိုပြီးတော့ ကျွန်တော် အကြံပြုဆွေးနွေးလိုပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ ဆေးရုံတွေမှာ ၊ ပြည်သူ့ဆေးရုံတွေမှာ မကြာမကြာ ကြုံရတဲ့ Accident ကိစ္စတွေ၊ ရာဇဝတ်မှုကိစ္စတွေ ဖြစ်ပါတယ်။ အဲဒီတော့ Accident ကိစ္စတွေ ဖြစ်တဲ့အခါမှာ ရဲ Case ဖြစ်တဲ့အတွက်ကြောင့် ဒီရောက်သွားတဲ့အခါမှာ တာဝန်ကျတဲ့ ဆရာ၊

ဆရာမတွေဟာ သူ့ရဲ့တာဝန်ရှိတဲ့ ပုဂ္ဂိုလ်၊ သတင်းထောက်၊ မှတ်တမ်းတင်မယ့်သူတွေ မရောက်မချင်း ဒီလူနာကို ကုသပေးလို့မရဘူးဆိုတာပဲ များများသိရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နှီးစပ်တဲ့ ဆရာဝန်များကို မေးကြည့်တဲ့အခါမှာတော့ ကုသလို့ ရပါတယ်လို့ သိရှိရပါတယ်။ အဲဒီတော့ ဒါတွေကိုလည်း ပြည်သူ့ဆေးရုံတွေမှာ နေ့စဉ်နဲ့အမျှ ရင်ဆိုင်နေရတဲ့ အတွက်ကြောင့် လူနာရှင်တစ်ယောက်အနေနဲ့ ကိုယ့်လူနာကို မနက် (၇)နာရီလောက်က ဆေးရုံရော က်တယ်။ (၁၀)နာရီ (၁၁)နာရီအထိဘာမှ Treatment မလုပ်ရသေးဘူးဆိုလို့ရှိရင် မလိုလားအပ်တဲ့ အသက်ဆုံးရှုံးမှုတွေဖြစ်နေကြတဲ့ ဖြစ်စ ဉ်တွေကိုလည်း ကျွန်တော်တို့ဆီမှာ ရှိနေပါတယ်။ အချို့ရိုက်မှု၊ နှက်မှုတွေဆိုရင် ရိုက်ခံလိုက်ရတဲ့ အချိန်တုန်းကတော့ သေဆုံးနိုင်တဲ့ အခြေအနေ မဟုတ်သော်လည်း သွေးလွန်သွားတဲ့အတွက်ကြောင့် သေဆုံးသွားရင် ပုဒ်မ ၃၂၆ ကနေ ပုဒ်မ ၃၀၂ ဖြစ်သွားတယ်။ အဲဒီတော့တစ်ဖက်က သူမှာလည်း ကြီးလေးတဲ့ပြစ်ဒဏ်ခံရမှာ ဖြစ်သလို တစ်ဖက်ကလူနာမှာလည်း အသက်ဆုံးရှုံးသွားတဲ့ ဖြစ်စဉ်တွေလည်း ကြုံတွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီကျန်းမာရေးဆိုင်ရာအငြင်းပွားမှု ပြဿနာများဟာ အများအပြားရှိ နိုင်ပါတယ်။ သို့သော် ဒီထဲကအဓိကကျတဲ့ အချက်တွေကို ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့၊ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ကြိုးစားပေးခြင်းအားဖြင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုကို ထိန်းချုပ်နိုင်ပြီးတော့ မလိုလားအပ်တဲ့ တောင်းဆိုမှုတွေ၊ တရားစွဲဆိုမှုတွေ အစဉ်အလာကောင်းခဲ့တဲ့ ဆရာနဲ့ လူနာကြားထားတဲ့ စေတနာ ၊ မေတ္တာတွေ မပျောက်ဆုံးဘဲနဲ့ သင့်တော်လာမယ့်၊ ဖွံ့ဖြိုးတိုးတက်လာမယ့် အနေအထား ပေါ်မှာ ကြည့်ပြီးတော့ ကာလတစ်ခုကျရင်တော့ ခုနကလို ကျွန်တော်တို့ အငြင်းပွားမှုဆိုင်ရာ ပညာရှင်အဖွဲ့ကို မလွဲမသွေ ဖွဲ့စည်းသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၁။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည် ထောင်စုဝန်ကြီးများ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်များအားလုံး ချမ်းသာကိုယ်စိတ်မြဲပါစေကြောင်း အစဉ်ဆုတောင်း ဆုမွန် ဂါရဝပြုအပ်ပါတယ်။ ယခု အ မျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ် (၁)မှ မန္တလေးဆေးတက္ကသိုလ်ပါမောက္ခချုပ် (အငြိမ်းစား ) အရိုးအထူးကုပါရဂူကြီး ဒေါက်တာဦးစိုးထွန်းရဲ့ ပြည်ထောင်စုအစိုးရအားတိုက်တွန်းတဲ့ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့ တစ်ခုဖွဲ့စည်းဖော်ဆောင်ရန်ဆိုတဲ့အဆိုကို ကျွန်တော်ထောက်ခံသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့ဘဝမှာမြင်တွေ့နေတဲ့ အတွေ့အကြုံများနဲ့ ရှင်းလင်းပြီးတော့ တင်ပြထောက်ခံသွားမှာဖြစ်ပါတယ်။ကျွန်တော်တို့၁၉၆၅ ခုနှစ် ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူများရဲ့ အာစရိယပူဇော်ပွဲ (၄)ကြိမ်မြောက်ဟာ ၂၀၀၈ ခုနှစ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီနှစ်မှာ ကျွန်တော်တို့ရဲ့ ဆရာကြီးပါမောက္ခသမားတော်ကြီးဒေါက်တာဦးလှမြင့် ကနေပြီး ဆုံးမ သြဝါဒကထာလေးကို အနည်းငယ်ချီးမြှင့်ခဲ့ပါတယ်။ ဒီဆုံး မ သြဝါဒလေးကို အစဉ်ပဲ အာရုံစိုက် လျက်ရှိပါတယ်။ ဆရာကြီးဆုံးမခဲ့တဲ့ သြဝါဒမှာ တပည့်တို့ Ethic နဲ့ Ethnic ကိုတော့ တပည့်တို့သတိထားရမယ်။ လုပ်သင့်လုပ်ထိုက်တာကိုပဲလုပ်ရမယ်။ ဆောင်သင့်တဲ့ဟာကို ဆောင်၊ ရှောင်သင့်တဲ့ဟာကိုရှောင်ရမယ်။ လောဘစိတ်တွေမမွေးရဘူး ဆိုပြီးတော့ ဆုံးမခဲ့ပါတယ်။ ဒီအချိန်ဟာ ကျွန်တော်တို့ နု ပျိုလန်းဆန်းပြီးတော့ဆောင်ရွက်နိုင်တဲ့ အခြေအနေ၊ စီးပွားရှာနိုင်တဲ့ အခြေအနေ၊ ဆေးခန်းရှာနိုင်တဲ့ အခြေအနေတွေမှာ ဆရာကြီးက အဲ ဒီလိုဆုံးမခဲ့ပါတယ်။ နောက် မကြာခင်မှာပဲ ကျွန်တော်တို့ မြန်မာနိုင်ငံဆရာဝန်အသင်းမှာ ဒီ Ethic နဲ့ Ethnic ဆွေးနွေးပွဲ ဆိုပြီးတော့ သတင်းစာထဲကနေ စိတ်ဝင်စားသူများ ကြွရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ အဲဒီဖိတ်ခေါ် ပွဲကို ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ကြတဲ့ ဒေါက်တာဦးကျော်မြင့် ကိုယ်တိုင် တက်ရောက်ပြီးတော့ ဒီ Ethic နဲ့ Ethnic ခုနက ဗိုလ်မှူးနိုင်နိုင်ဝင်း လည်း အကျဉ်းမျှပြောသွား ပါပြီ။ ဆောင်ရန်၊ ရှောင်ရန် ကိစ္စတွေ၊ ကျွန်တော်တို့ လမ်းညွှန်တဲ့စာအုပ်တစ်အုပ်ကို ပေးပါတယ်။ ဒါကြောင့်မို့လို့ နောက်တစ်ခါ ဘွဲ့ယူစဉ်ကလည်းပဲ Hippocratic ကျွန်တော်တို့ ကျမ်းကျိန်ပြီး ဘွဲ့ကို လက်ခံရတဲ့အချိန်မှာလည်း ကျွန်တော် တို့ ဒီအတိုင်း ဆိုခဲ့ကြရပါတယ်။ ဆေးဝါးအဖြစ် နဲ့ ဒါပေမယ့်လို့ ပြောင်းလဲလာတဲ့ အခြေအနေအရ ၂၀၀၈ ခုနှစ်ရဲ့ အခြေအနေမှာ ကျွန်တော်တို့ ပြန်ပြီးတော့ လေ့လာကြည့်မယ်ဆိုလို့ရှိရင် ထိုစဉ်က ကျွန်တော်တို့ Service ဝင်မှ ဝန်ထမ်းလုပ်မှ ဆမ ထုတ်ပေးမယ်ဆိုတဲ့ Policy လေးတစ်ခုရှိခဲ့ပါတယ်။ ဒါကတော့ လေးစား အပ်တဲ့ ဆရာကြီး

တွေလည်းပါရှိပါတယ်။ သိပါတယ်။ အဲဒီတော့ အဲဒီလိုအချိန်မှာ အောင်မြင်ထားတဲ့ ကျောင်းသူ ကျောင်းသားလေးတွေဟာ မိမိတို့နဲ့ နီးစပ်ရာ နီးစပ်ရာ အောင်မြင်ထားတဲ့ ဆရာဝန်သစ်လွင်တွေဟာ ကျရာနီးစပ်ရာ ဝင်ပြီးတော့ အလုပ်လုပ်ကြရပါတယ်။ အဲဒီတော့ဆရာကြီးလည်း ပဲ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားခဲ့ပြီးတော့ ရရှိလာတဲ့ မှတ်တမ်းနဲ့ တပည့်တပန်းတွေကို ဆုံးမတယ်လို့ပဲ ကျွန်တော်တို့က ယူဆပါတယ်။ ဒါကိုတော့ အားလုံးလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စဉ်းစားရင် အဖြေပေါ်ပါလိမ့်မယ်။ အဲဒီလို လုပ်တဲ့အခါမှာ တ စ်ခါတစ်ရံမှာလည်းပဲ ဆေးရုံကို ဗို က်နာလို့ ရောက်လာတယ်။ ရောက်လာတဲ့အခါမှာ ဒီကျွန်တော်တို့ ဆေးရုံကြီးကတော့ မရဘူးပေါ့ ။ ဆေးရုံကြီးကတော့ Ward Incharge ရှိမယ်။ Professor ရှိမယ်။ သူ့အောက်က အခန်းပိုင်တွေရှိမယ်။ AS တွေရှိမယ်ဆိုတော့ ဆင့်ကဲဆင့်ကဲကတော့ ဆေးရုံကြီး တွေကမရဘူး။ အပြင်မှာကတော့ ကျွန်တော် ခုနက ပြောခဲ့သလိုပေါ့။ လူသားတွေ လောဘနောက် လို က်တာလည်းပါတယ်။ Negligent ပေယျာလကန်ပြုပြီးတော့လက်တဲ့စမ်းချင်တာလည်းပါတယ်။ အဲဒီလိုကြောင့် ကျွန်တော်တို့ အဲဒီအချိန်ကတော့ တော်တော် လေးအဖြစ်များတဲ့အတွက် ပါမောက္ခသမားတော်ကြီး ကိုယ်တိုင်ကဆုံးမခဲ့တယ်ဆိုတဲ့ စကားလေး ဟာ အမှန်ဖြစ်နေလိမ့်ပါမယ်။ နောက် အခုဆရာကြီး ကတော့ အဆိုပြုသွားပါတယ်။သူကတော့ အပြည်ပြည်ဆိုင်ရာရောက်ဖူးခဲ့တဲ့ ဆရာကြီးဖြစ်နေတော့ အားလုံးသိရှိမှာပါ။ အင်္ဂလန်တို့၊ အမေရိကတို့ ကတော့ အရမ်းကို Developing၊ Super Developing Country တွေဖြစ်နေတော့ အရမ်းကို တိုးတက်နေတော့ သူတို့နိုင်ငံဟာ အထိမခံ ရှေ့ပန်းကန်သဘောမျိုးဖြစ်တဲ့အတွက် Medical Protection Society တို့ Medical Defence Union တို့ အစရှိသည့် အာဆီယံမှာ တောင် ကျွန်တော်တို့ တလောက ကိုးရီးယားတို့ ဘာတို့မှာသာ ကျွန်တော်တို့ ကြားလိုက်ရတယ်။ အဲဒါမျိုးတွေ ဒါတွေကတော့ လုပ်ရတော့မယ်။ အခု ကျွန်တော်တို့နိုင်ငံက လည်း Under Develop Countryလို့ပြောပေမယ့်အခုတဖြည်းဖြည်း ရှေ့လျှားပြီး တကယ့်စီးပွားရေးကောင်းလာရင် ကျွန်တော်တို့ဟာရာစုနှစ် မဟာဗျူဟာ Good Strategy ကျွန်တော်တို့ Program ကိုရောက်တော့မှာ ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာအနေနဲ့လည်း မကြာခင်မှာ တိုးတက်တော့မယ့်ကိန်းကို တွေ့နေရတဲ့အတွက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာ ဦးစိုးထွန်းရဲ့ အဆိုပြုချက်ဟာ ယခုအချိန်အခါနဲ့ဆိုရင် အင်မတန်မှ သဘာဝကျကျ လုပ်သင့်လုပ်ထို က်နေတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါ တယ်။ နောက် ကျွန်တော်တို့

(၂၄)ရက် (၈)လပိုင်းမှာ လည်းပဲ ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တို့ ပါမောက္ခသမားတော် ကြီး ဒေါက်တာဦးမောင်မောင်ဝင့် ကနေပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံဆေးကောင်စီကို လွတ်လွတ် လပ်လပ် အစိုးရမဟုတ်သော လွတ်လပ် သော (Professional Body) ဆိုပြီးတော့ ပြောင်းလဲပြီး ဖွဲ့ဖို့ အဆိုတင်သွင်းခဲ့တာ (၃)ခုလောက်က ဆွေးနွေးခဲ့ပါတယ်။ နောက်အလားတူပဲ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုအဖွဲ့ (Medical Protection Society) ကိုလည်းပဲ နည်းဥပဒေ၊ ဥပဒေများနဲ့ ခုန က ဦးဝင်းနိုင်ရှိန် ဆွေးနွေးသွား သလိုပါပဲ။ စနစ်ကျတဲ့ အဖွဲ့ဖြစ်ဖို့ လိုပါတယ်။ အဲဒီအတွ က်ကိုလည်းပဲ ဆက်လက်ပြီးတော့ အဆို (၂)ခုနဲ့ တင်ပြခဲ့ ရာမှာ ဒေါက်တာ ဦးမောင်မောင်ဝင့်ရဲ့ တင်ပြခဲ့တဲ့ အဆိုဟာ (၂၄)ရက် (၈)လနေ့ ပြည်သူ့လွှတ်တော်မှာ အတည်ပြု ခဲ့ပါတယ်။ ယခု ကျွန်တော်တို့နဲ့ အလားတူပေါ့။ အဲ ဒီတော့ ကျွန်တော်တို့ ယနေ့ဆိုရင် ကျွန် တော် တို့ ဒီလူနာတွေဘက်ကလည်း အခု တော်တော်လေးကို အားရပါတယ်။ အားရတယ်ဆိုတာ ဂျာနယ် တွေ၊ မဂ္ဂဇင်းတွေ ကျွန်တော်တို့က တစ်ခါမှ ပုံတွေ၊ ဟိုဒင်းတွေ ပါတာတော့ မဟုတ်ဘူး။ သို့သော် သူတို့လုပ်နေတဲ့ မူဝါဒလေးတွေ ကောင်းပါ တယ်။ Good Health တို့၊ ဇီဝကတို့ဆိုရင် ဒီစာအုပ် တွေကို သင့်တော်တဲ့ဈေးနှုန်းလေးတွေနဲ့သာ ကျေးရွာအထိ ရောက်မယ်ဆိုရင် ၊ ဒါ ရွာသူရွာသား တွေကလည်း မိမိတို့တတ်မြောက်ထားတဲ့ ပညာနဲ့ လေ့လာဆည်းပူးမယ်ဆိုရင် ကျန်းမာရေးပညာတွေဟာ အလျှံ ပယ် ဖြစ်သွားနိုင်ပါ တယ်။ အဲဒီစာပေ၊ မဂ္ဂဇင်းတွေ၊ နောက်တစ်ခါ MRTV-4 မှာ ညပိုင်း ဆိုရင် သိပ္ပံမှူးတင်တို့၊ နောက် တစ်ခါ စာရေးဆရာဆရာဝန် အမျိုးသမီးတစ်ဦးကလည်းပဲ ဟောပြောပွဲတို့၊ သူ့ဟောပြောပွဲကို နားမထောင်မှာစိုးလို့ မင်းသား၊ မင်းသမီးတွေ Actress လုပ်ပြီးတော့ ဟောပြောရတဲ့ စေတနာ တွေ၊ အဲဒီ အင်မတန်မှ ကျန်းမာရေးပညာကို တိုးပွားအောင် ဖန်တီးနေပါတယ်။ မြန်မာနိုင်ငံ ဆရာဝန်အသင်းကလည်း ဗဟိုကနေပြီးတော့ အထွေထွေ ရောဂါကုဆရာဝန်များနဲ့ တွဲဖက်ပြီးတော့ CMP လို့ခေါ်တဲ့ Continuing Medical Program တွေ စဉ်ဆက်မပြတ် ကျန်းမာရေးပညာ ပြန့်ပွားလိုက်စားရေး ဆိုတဲ့ အစီအစဉ်တွေကို ဆောင်ရွက်လျက် ရှိပါတယ်။ နောက် အခု ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ ပြည်ထောင်စုကျန်းမာရေးဝန်ကြီး ဆိုရင်လည်းပဲ ဒီဆရာဝန်တွေကို အာဆီယံအဆင့်မီတဲ့ ဆရာဝန်များဖြစ်အောင် ကြိုး စားသွားမယ်လို့ တစ်လောက ကျွန်တော်တို့ ၆ လပိုင်းလား၊ ၇ လပိုင်းလား မသိဘူး။ အဲဒီမှာ ဟောပြောမှုမှာ ပါပါတယ်။ အင်မတန်မှ အားရစ ရာကောင်းပါတယ်။ အဲဒီတော့ အထူး သတိပြုရမှာကတော့

တစ်ခါတစ်ရံဒီလိုရှိပါတယ်။ လူနာက ဖျဉ်းစွဲသလိုလို၊ ဗိုက်ပူ သလိုလိုနဲ့ ရောက်လာတယ်။ ဗိုက်ကလည်း အောင့်တယ်ပြောတယ်။ ဓာ တ်မှန်ရိုက်တော့လည်း အရည်တွေဘာတွေ ရှိတော့မပေါ်ဘူး။ အဲဒီမပေါ်တဲ့ အချိန်ကျတော့ ကျွန်တော်တို့ Laprotamy လို့ခေါ်တဲ့ ရင်ခေါင်း၊ ဗိုက်ကိုခွဲရတယ်၊ ခွဲလိုက်တဲ့ အခါကျတော့အထဲထဲမှာ အသည်းကခြောက်နေပြီ၊ အဲဒီတော့ဝုန်းဆိုပြန်ပိတ်ရတယ်။ ဒါမျိုးတွေလည်းရှိတယ်။ ဒါပေမယ့်လည်း မမျှော်လင့်ဘဲ အဲဒီလူနာဟာ ၂ ရက်လောက်လည်းကြာရော ဆုံးတယ်။ ဟာခွဲလည်း ခွဲပြီးတယ်။ ဘာလို့ သေတယ်။ အဲဒါမျိုးတွေပေါ့လေ။ ဒါတွေဟာ Mismanagement မဟုတ်တော့ဘူး၊ ဒါတွေက တကယ့်ကို ကျွန်တော်တို့ လုပ်ရမယ့်အပိုင်းတွေပါနော်။ နောက်တစ်ခါ ကျွန်တော်တို့ ဒီအစာအိမ် ပေါက်တာတော့ အခု ခေတ်မီတဲ့ ဟာတွေ လိုပါတယ်။ နောက်ဆရာကြီး သမားတော်ကြီး ခွဲစိတ်ပါရဂူကြီး ဒေါက်တာဦးစိုးထွန်း အကြံပေး သွားသလိုပါပဲ ၊ တစ်ခါတလေကျတော့ ကျွန်တော်တို့နဲ့ အနီးနား က ပုဂ္ဂိုလ်တွေ၊ နိုင်ငံခြားမှာ ဆေးသွားကုတယ်။ ဟာဘာဖြစ်လို့လဲ ၊ မြန်မာပြည်မှာမဖြစ်လို့လား။ ဒါကျွန် တော်တို့ အင်မတန် ဝမ်းနည်းမိတယ်။ ကျွန်တော်တို့ မြန်မာပြည်က ဆရာဝန်တွေ၊ ပညာရှင်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေဟာ ရင်ဘောင် တန်းနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အကြံပေးချင်တာကတော့ ကျွန်တော်တို့နိုင်ငံအတွက် ကျန်းမာရေးစရိတ်၊ ပညာရေးစရိတ်၊ အခုလိုပေါ့ ။ တတ်နိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေ ဒေါက်တာဦးခင်ရွှေ လို သိန်းတစ်သောင်း လှူတယ်ဆိုတာ ကျွန်တော်တို့ အလီလီကိုသာခုခေါ်ရမယ့် အလုပ်တွေပါ။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရဘက်ကလည်း တတ်နိုင်သလောက် ကျန်းမာရေးနှင့် ပညာရေး ဘက်ကို နည်းနည်းတိုးချဲ့ပြီးတော့ ချီးမြှင့် ပေးမယ်။ ထည့် သွင်းပေးမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံ ကျန်းမာရေးအတွက် လိုအပ်တဲ့ကိရိယာတွေ၊ တန်ဆာပလာတွေ Instrument တွေပေါ့။ Equipment တွေအားလုံးဟာ ကျွန်တော်တို့ ဝယ်နိုင်ပြီးတော့ တကယ်တမ်းသာ ကျွန်တော်တို့ ဖြစ်ဖြစ်မြောက်မြောက်နဲ့ ဆရာကြီးတွေ စုပေါင်းပြီး အကြံဉာဏ်ယူမယ် ဆိုရင်တော့ သူတို့နိုင်ငံ တွေမှာ ဖွံ့ချင်ဖွံ့ တို့နိုင်ငံမှာ ဖွံ့စရာမလိုဘူးဟေ့လို့ ပြန်ကြွေးကြော်နိုင်တဲ့ သတ္တိတွေ ဒါကိုလေ့လာပြီး မှတ်ကျောက်တင်ရင် ကျွန်တော်တို့တွေ့နိုင်ပါတယ်။ ကျွန်တော်တို့ မြန်မာတွေဟာ အစဉ်အဆက် သတ္တိရှိခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအသုံးစရိတ်တွေ ကိုတော့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်ကြီးများကနေပြီးတော့ ချင့်ချိန်ပြီး ဟိုတလောကလည်း ကျွန်တော်ဝန်ကြီးကို သွားနှုတ်ဆက် တယ်။ နှုတ်ဆက်တဲ့အခါကျတော့ သူလူနာတစ်ယောက်ရဲ့ ကုသတဲ့နှုန်းလေးကို ပြောပြတယ်။

အဲဒီတော့ သူပေးအပ်ထား တဲ့ပိုက်ဆံနဲ့ ဒီကုသတဲ့နှု န်းနဲ့က တွက်လိုက်လို့ရှိရင် (၃)ဆလောက်ပဲ ဖြစ်နေတယ်။ အဲဒါမျိုးလေးတွေပါ။ ဒါကြုံကြိုက်ရင်း ကျွန်တော်အကြံပြု ဆွေးနွေးသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှိနေတဲ့ပုဂ္ဂိုလ်တွေ MRTV-4 တို့၊ ရေဒီယိုတို့ ပြန်ကြားရေးဌာနက ပုဂ္ဂိုလ်တွေလည်း တာဝန်ကျေ ပါတယ်။ နောက်အခု တော်တော်များများ ဆရာဝန်တွေဟာ စိတ်ရှည်လက်ရှည်နဲ့ကို UMFCCI တို့လို့ နေရာမျိုး ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်လို နေရာမျိုးတွေမှာ စနေ၊ တနင်္ဂနွေဆိုရင် အားရင်အားသလို တက်ပြီးတော့ဟောပြော ကျန်းမာရေးပညာကို တိုးချဲ့ပြီး ပေးနေပါတယ်။ ဒါကိုလည်းပြည်သူတွေက ရအောင်ယူကြပါ။

သတင်းစာတွေဖတ်ကြပါ။ နောက်ဒီဂျာနယ် တွေလည်း ဈေးကြီးရင် ဈေးလျှော့ ရောင်းကြပေါ့။ ဒါဆိုရင်လဲ အကုန်လုံးဖတ်နိုင်မယ့်အနေအထားမျိုး ပေါ်ပေါက်ပါလိမ့်မယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ တ စ်ခါတလေကျတော့လည်း လူနာတွေရဲ့ Problem ပေါ့နော်။ အစောက ကျွန်တော်ပြောသလို Laprotamy တို့၊ အစာအိမ်ပေါက်တာတို့လို ခတ်မှန်ရိုက်လိုက်လို့ရှိရင် ဘယ်အချိန်မှာ အစာအိမ်ပေါက်တယ်။ သိပြီးရင်တော့ ချက်ချင်းခွဲထုတ်လိုက်လို့ရတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်တွေထဲက တစ်ဦးဆိုရင် Appendicitis ညပိုင်းမှာ အော့တယ်အန်တယ် နာတယ်၊ ကျင်တယ် ဆိုပြီး ရှိတယ်။ ပြီးတော့ ဆရာဝန်က တာဝန်ရှိစွာနဲ့ပဲ နေပြည်တော ် ခုတင်(၁၀၀၀)ကို တက်ပေတော့ဆိုပြီးတော့ဟိုလဲရောက်ရော ဆရာဝန်က စမ်းသပ်ခွဲလိုက်တယ်။ အောင်မြင်သွားတယ်။ အဲဒါမျိုးတွေပါ။ ကျွန်တော်တို့ ဒီဆရာဝန်ဘက်ရော၊ လူနာဘက်ရော ၊ ကျွန်တော်နောက်ဆုံး ပြောချင်တာက Social welfare ပဲ၊ Social welfare ဆိုတာက နောက်ပိုင်းလည်း ပြောကြအုံးမှာပဲ။ ဆရာဦးခင်မောင်လေး တို့ ဟုတ်လား ။ Social welfare အရေးကြီးတယ်။ ကျွန်တော်တို့က တစ်ယောက်နဲ့တစ်ယောက် ဒီမှာတွေ့ကြတယ်။ မျက်နှာလေး ပြုံးတယ်။ ခေါင်းလေး ငုံလိုက်တယ်။ လူနာ အင်မတန်ဝမ်းသာတယ်။ အခုပြောသလို မထီမဲ့မြင်နဲ့ လုပ်လိုက်ရင် ဒီကောင်က ဘာကောင်လဲဆိုတာတွေးနိုင်တယ်။ ဒါလေးတွေ ကျွန်တော်တို့ Social welfare ပဲ၊ အဲဒီတော့ ဆေးရုံတွေမှာ Social welfare ဆိုတဲ့စိတ်တွေရှိတယ်။ ကျွန်တော် လုပ်တုန်းကတော့ရှိတယ်။ နောက်ပိုင်းမှာတော့ ရှိမှာပါပဲလေနော်။ အဲ ဒီတော့ Social welfare ပုဂ္ဂိုလ်တွေကလဲ တကယ့်ထိထိရောက်ရောက် အလုပ်လုပ်ကြပါ။ ဒီလူနာတွေနဲ့လည်း တွေ့ဆုံပါ။ ဆရာဝန်နဲ့လူနာတွေကြား Joining လုပ်ပေးတာပေါ့နော်။ ConJunction ပေါ့ အဲဒီလို ဆက်စပ်မှုလုပ်ပါတယ်။ အဲဒီလိုစုပေါင်းပြီးလုပ်မှသာ အဆင်ပြေပါတယ်။ ဒါကတော့ လတ်တလော

ပေါ့။ မအောင်မြင်သေးလို့ပါ။ ဒါအောင်မြင်ရင် ပြည်ထောင်စုသမ္မတကြီးလည်း လခတွေတိုး၊ ဘာတွေတိုး ဆိုရင်တော့ အင်မတန်အောင်မြင်လာမှာပါ။ နောက်တစ်ခုက ကျွန်တော် ပြန်ချုံ့ရရင် ဆမ ဆရာဝန်မှတ်ပုံတင်ဟာ ကျွန်တော် ပြောခဲ့သလို ၁၉၉၈မှာ စပြန်ပေးပြီထင်တယ်။ အဲဒီလို ပေးတဲ့ နောက်ပိုင်းမှာ ဆရာဝန်တွေက ကျေးလက်ဒေသ တွေ၊ Urban တွေ၊ Rual Area တွေ သွားနိုင်ပြီး ဆေးကုနေကြပြီး၊ Clinics တွေဖွင့်ကြပြီး၊ ပြီးတော့ အလုပ်ကလေးတွေ ရသွားတော့ ဆေးရုံတွေမှာ တော်တော်လေးကို လျော့သွားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ကောင်းဖို့ ဆောင်ရွက်ကြတာပါ။ ခေတ်မီအောင် ဆေးရုံကြီးတွေ၊ ဆေးခန်းကြီးတွေ လုပ်တယ်ဆိုတာ ဒီမှာလဲ အခု နေပြည်တော်မှာ ဘော ဂသိဒ္ဓိတို့ ဘာတို့ အကျအနကို တကယ့်စတိုင်ကျကျ လုပ်တာပါ။ လုပ်သလောက် အောင်မြင်အောင်လည်း လုပ်ကြပါ။ သစ္စာရှိရှိနဲ့ မှန်မှန်ကန်ကန်နဲ့ ဆောင်ရွက် ကြမယ်ဆိုရင်တော့ ဒီအဖွဲ့မျိုးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် မလိုပါဘူး။ သို့သော်လည်းဆဲ ကျွန်တော်တို့ ဘာပဲဖြစ်ဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို ခြေလှမ်းနေပြီ ဖြစ်တဲ့ အတွက် လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ဒေါက်တာဦးစိုးထွန်းရဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်း သော ကျန်းမာရေးစောင့်ရှောက်မှု အငြင်းပွားမှုဆို င်ရာ တရားမျှတစွာဖြင့် ဆုံးဖြတ်ပေးမယ့် ပညာရှင်အဖွဲ့အစည်းတစ်ဖွဲ့ကိုတော့ ထူထောင်သင့်ပါကြောင်း လေးစားစွာဖြင့် ထောက်ခံအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ ခင်မောင်လေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၃။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကာ ယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခ အပေါင်းနဲ့ ပြည့် ဝကြပါ စေလို့ ဆု မွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွ န်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ဖြစ်ပါတယ်။ ကျွန်တော် ဆရာဦးစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီးရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများ

အပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးတဲ့ နေရာမှာ အပိုင်း (၃)ပိုင်း ခွဲပြီးတော့ ဆွေးနွေးသွားပါမယ်။

ပထမအပိုင်းကတော့ အငြင်းပွားမှုတွေရဲ့ အစ၊ ဒုတိယပိုင်းကတော့ အဲဒီအငြင်းပွားမှု တွေကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက် တွဲပြဿနာများ၊ တတိယအပိုင်းကတော့ ဆရာဝန်များနဲ့ လူနာရှင်များရဲ့အပိုင်းဆိုပြီးတော့ အပိုင်း (၃) ပိုင်းခွဲပြီးတော့ ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမအပိုင်းဖြစ်တဲ့ အငြင်းပွားမှုများရဲ့အစသည် များသောအားဖြင့်တော့ လူအများ လက်ခံထားတာက ကုသမှုရရှိပြီးတဲ့ နောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ အငြင်းပွားမှုများကို ဒီလိုပဲ သတ်မှတ်ကြပါတယ်။ တကယ့်တကယ်ကတော့ ဆေးဝန်ထမ်းနဲ့ လူနာနဲ့ စတွေ့တဲ့အချိန် ကနေစ ပြီးတော့ အငြင်းပွားစရာလေးတွေကို ကျွန်တော် ဥပမာ-ဥပမေယျနဲ့ တင်ပြဆွေးနွေးသွားပါမယ်။ ကျွန်တော်တို့ ဆေးဝန်ထမ်းနဲ့ လူနာနဲ့စတွေ့ပြီ။ ဘေးပတ်ဝန်းကျင်က ဒီအချိန်မှာဝင်လာပြီ။ လူနာ ကိုယ်တိုင်ကတော့ ငှက်ဖျားတောထဲကိုသွားရလို့ ငှက်ဖျားရောဂါပဲ ပြောတယ်။ ဒါပေ မယ့် ဆေး ဝန်ထမ်းကတော့ တိုက်ဖွိုက်လို့ ပြောပါတယ် စသည်ဖြင့် ဒီအချိန် ထဲမှာမှ ဆရာဝန်လူနာနှစ်ဦး ကြားမှာ စတင်ဖြစ်ပွားကြတဲ့ အငြင်းပွားမှု ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ HIV/AIDS နဲ့ပတ်သက်လာလို့ ရှိရင်လ ည်း ဒီလူမှာတော့ဖြင့် HIV ပိုးရှိပြီလို့ ဆေးဝန်ထမ်းအနေနဲ့ ဖော်ပြ ရတော့မယ်ဆိုတဲ့ နေရာမျိုးမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ဆေးဝန်ထမ်း ဟာ ဒီလူနာ ကို HIV ရှိတယ်လို့ ယူဆတယ်ဆိုတဲ့ အချိန်မှာ သူ့ ကိုပတမဦးဆုံး ဒီရောဂါ မဖော်ထုတ်ခင်မှာ နှစ်သိမ့် ဆွေးနွေး ပညာပေးတဲ့ လုပ်ငန်းကို ပထမတစ်ခါ လုပ်ရပါမယ်။ နောက်ပို င်း ဒီလူနာကို စစ်ဆေး၊ ဆေးမှတ်တမ်းတွေ၊ ဆေးစစ်ချက်တွေ ပေါ်လာတဲ့အခါမှာလည်း ဒုတိယအကြိမ် နှစ်သိမ့်ဆွေးနွေး ပညာပေးတဲ့လုပ်ငန်းကို လုပ်ရပါတယ်။ ဒါဟာ ဘာအတွက်လဲ ဆိုလို့ရှိရင် လူနာနဲ့ ဆေးဝန်ထမ်းတွေရဲ့ကြားမှာ မလိုလားအပ်ဘဲနဲ့ ပေါ်ပေါက်လာနိုင်တဲ့ ပြဿနာတွေကို ရှောင်တိမ်း ချင်လို့ကတစ်ကြောင်း၊ လူနာများကိုလည်း ဖြစ်ပေါ်လာ မယ့် အန္တ ရာယ်ကို ရင်ဆိုင်ရဲဖို့အတွက် လည်းကောင်း ဒီလိုနှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ လုပ်ဆောင်ရခြင်းပဲ ဖြစ်ပါတယ်။ နောက် တစ်ခါထပ်ပြီးတော့ ဥပမာပေးရမယ်ဆိုလို့ရှိရင် အနာကြီးရောဂါနဲ့ ပက်သက်လာလို့ရှိရင်လည်းပဲ အဲဒီမှာလည်း ကြည့်ကြစတမ်းဆိုလို့ရှိရင် လူတွေကိုယ်၌ကသူတို့ရဲ့ လူမှုရေးပုံရိပ်တွေ၊ ဆေးဝန်ထမ်း ဘက်ကလည်း လူမှုရေးပုံရိပ်တွေရှိခဲ့ပါတယ်။ ဒါဟာစတွေ့တွေ့ခြင်းပဲ ဆေးဝန်ထမ်းနဲ့ လူနာ

ကြားမှာ စတင်တဲ့ အငြင်းပွားမှုပဲ ဖြစ်ပါတယ်။ ကျွန်တော် ဥပမာလေးပေးပြီး ပြောရမယ်ဆိုလို့ရှိရင် အနာကြီးရောဂါတိုက်ဖျက်ရေး ဝန်ထမ်းတွေ ရွာတစ်ရွာကို သွားကြတယ်။ ရွာတစ်ရွာ ကိုသွားတဲ့ အခါကျတော့ ရွာမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကို ကဲ ခင်ဗျားတို့ကျေးရွာမှာ ဒီလိုဒီ လို လက္ခဏာ တွေရှိလား၊ လူနာများရှိလို့ရှိရင် ညွှန်ပေးပါလို့ပြောတဲ့အခါ ကျတော့ ဟာ ခင်ဗျားတို့ ပြောတဲ့ လူနာကတော့ ရွာအပြင်မှာရှိတဲ့ ဇရပ်ထဲမှာ အဘွားအိုကြီး တစ်ယောက်ရှိတယ်။ အဲဒီ ကိုတော့ ခင်ဗျားတို့ သွားကြည့်မယ် ဆိုလို့ရှိရင်တော့ ခင်ဗျားတို့ပြောတဲ့လူနာ ပုံသဏ္ဍာန်နဲ့ အပ်စပ်တယ်။ အဲဒီလိုဆိုတဲ့ အခါကျတော့ အနာကြီးရောဂါ တိုက်ဖျက်ရေးဝန်ထမ်းတွေက အဲဒီရွာအစွန်မှာရှိတဲ့ ဇရပ်ထဲမှာရှိတဲ့ အမေကြီးကို သွားမေးတဲ့အခါကျတော့ အဲဒီအမေကြီးက ဘာပြောလည်းဆိုတော့ နင်တို့ကို ညွှန် လိုက်တဲ့ သူက တကယ့်တကယ်တော့ တခြားသူမဟုတ်ဘူး။ အဲဒါ ငါ့သားပဲတဲ့။ ဒါဘာကို ရည်ညွှန်းသလဲဆိုလို့ရှိရင် လူနာတွေဘက်ကရှိနေတဲ့ လူနာရဲ့ပုံရိပ် Revulsion အမေပင် ဖြစ်လင့်ကစား ရွာပြင်ထုတ်တဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ တစ်ချိန်တုန်း ဓလေ့ဆိုးလေးတစ်ခု၊ ဒါဟာ လူနာနဲ့ လူနာရှင်တွေကြားထဲမှာ ဖြစ်ပေါ်ခဲ့တဲ့ အငြင်းပွားမှု တစ်ရပ်လို့ ပြောရင်လည်း မမှား ပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့ အနာကြီးရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဆေးဘက်ဝန်ထမ်း တွေ တွေ့ကြုံရတဲ့ လူနာတွေကျတော့ ဒီနေရာမှာ အထူးသဖြင့် အလေးပေး ဖောင်းပေးပြီး ပြောချင်တာက အတ္တတန် ဘိုးကြီးတဲ့ ပုဂ္ဂိုလ်တွေက အထူးသဖြင့် ဂုဏ်သရေရှိပုဂ္ဂိုလ်တွေ၊ ပညာတတ်ပုဂ္ဂိုလ်တွေ၊ ပိုက်ဆံချမ်းသာတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေကလည်းပဲ တကယ်လို့များ လူမျိုးမရွေး၊ ဘာသာမရွေး ၊ အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး ဖြစ်တတ်တဲ့ ဒီလိုရောဂါမျိုးနဲ့ ပတ်သက်ပြီးတော့ ခင်ဗျားမှာ ဒီရောဂါတော့ရှိပြီလို့ ပြောမယ်ဆိုလို့ရှိရင်တော့ ငါတို့မျိုးကဿန့်တယ်၊ ငါတို့ကသူဌေးမျိုး၊ ငါတို့က ပညာတတ်မျိုး၊ ဂုဏ်သရေရှိမျိုးစသည်ဖြင့် ဒီမှာထဲက ရောဂါနဲ့ အမည်လေးကိုတပ်လိုက်ရုံလေးနဲ့ ဒီမှာတင်ပဲ ဒီအငြင်းပွားမှုလေးကစတင်ခဲ့ပါတယ်။ ဒါလေးတွေဟာ ကျွန်တော် ဥပမာပေးပြီးပြောတဲ့နေရာမှာ ဒီအငြင်းပွားမှုဆိုတဲ့ဥစ္စာဟာ မကုသခင်ကထဲက စတယ်။ ကုသတဲ့နေရာမှာတော့ ကျွန်တော်ရှေ့က ဆွေးနွေးသွားတဲ့ ဗိုလ်မှူးနိုင်နိုင်ဝင်း၊ ဦးဝင်းနိုင်ရှိန်၊ ဒေါက်တာတင်ရွှေ နောက်ပိုင်း ဆက်လက်ပြီး ဆွေးနွေးမယ့် ဒေါက်တာလှသိန်း၊ ဒေါက်တာ ဝင်းမြင့်အောင် တို့လည်းပဲ တင်ပြကြမှာဖြစ်ပါတယ်။ လူနာတွေနဲ့ ဆရာဝန်တွေကြားထဲမှာ လူနာရှိလို့လည်း သမားဆိုတာ ကမ္ဘာပေါ်မှာ ပေါ်လာတာပါ။ အဓိကကတော့ လူနာသည် အခြေခံ ကျပါတယ်။ အဲဒီတော့ ဒီနေရာမှာဒီလို မလိုလားအပ်တဲ့ ပြဿနာတွေကြောင့် သူတို့ရဲ့ စာနာမှုတွေ

အားနည်းရင်သော်လည်းကောင်း၊ သူတို့ရဲ့ ဂရုစိုက်မှုတွေ အားနည်းရင်သော်လည်းကောင်း ၊ သူတို့ရဲ့အတ္တ၊ နိုင်းရလောဘတွေကြောင့်လည်းကောင်း၊ တစ်ခါတလေကျလို့ရှိရင်တော့ မလိုလား အပ်တဲ့ ပြဿနာတွေ ပေါ်ပေါက်လာတဲ့ အခါမှာ ကြီးမားကျယ်ပြန့်တဲ့ အငြင်းပွားမှုတွေ ဖြစ်လာ ပါတယ်။

အဲဒီတော့ ဒုတိယပိုင်းအနေနဲ့တော့ဒီအငြင်းပွားမှုတွက ပေါ်ပေါက်လာတဲ့ နောက်ဆက်တွဲ ပြဿနာတွေက ဘာတွေလဲ၊ ဒီနေရာမှာ ရှေ့က ကျွန်တော် ဆွေးနွေးခဲ့တဲ့ HIV နဲ့ ပတ်သက်လာလို့ ရှိရင် နိုင်ငံတကာမှာသော်လည်းကောင်း၊ ကျွန်တော်တို့နိုင်ငံမှာသော်လည်းကောင်း လူနာတွေကို အကြိုနှစ်သိမ့်ဆွေးနွေး ပညာပေးတဲ့လုပ်ငန်း၊ သူတို့ရောဂါအမည်မတပ်ခင်က ဆွေးနွေးတဲ့ နေရာမှာ ဒုတိယအကြိမ် ကျွန်တော်တို့ ဆေးမှတ်တမ်းပြုရတဲ့ ဒုတိယအကြိ မ်လည်းရောက်ရော တချို့နိုင်ငံတွေမှာ ဆွေး နွေးတဲ့ဆေးဝန်ထမ်းဟာ သူတို့ရဲ့ စားပွဲအောက်မှာ အပြင်ဘက်ကနေ အကူအညီတောင်းဖို့ လူခေါ် ခေါင်းလောင်းလေးတစ်ခု တပ်ထားတယ်။ အဲဒါကို လူနာတွေ ပေး မသိပါဘူး။ ဒါဟာ ဘာဖြစ်လို့လဲဆိုလို့ရှိရင် တချို့ လူနာတွေဟာ ပြောလိုက်တာလေးနဲ့ ဟာ ငါ့မှာ ဒီရောဂါမရှိဘူးကွ ဆိုပြီးတော့ ဝုန်းဒိုင်းဝွမ်း နဲ့ ဆေးပညာဝန်ထမ်းတွေကို အန္တရာယ်ပြုတတ်တဲ့ အလေ့အကျင့်ကြောင့် နှစ်သိမ့်ဆွေးနွေး ပညာပေးတယ်ဆိုတဲ့ ဆေးဝန်ထမ်းရဲ့စားပွဲမှာ လျှို့ဝှက် ပြီးတော့ အဲဒီ လူခေါ်ခေါင်းလောင်းလေးတွေ တပ်ထားတယ်။ အခု ကျွန်တော်တို့ နိုင်ငံခြား တချို့ဇာတ်ကားတွေမှာလည်းပဲ မြင်တွေ့နေရပါတ ယ်။ ဆေးရုံကြီးတွေ အင်မတန်ကောင်း တယ်။ ကျွန်တော်တို့ နိုင်ငံက ပိုက်ဆံတတ်နိုင်တဲ့ လူနာရှင်တွေ သွားရောက်ကုသနေကြတယ်။ ကျန်တဲ့ လူနာတွေကလည်း အားကျနေကြတယ်။ အဲဒီဆေးရုံ ကြီးတွေမှာတောင်မှ တချို့ လူနာနဲ့ ပတ်သက် လာလို့ရှိရင် ကျွန်တော့်နိုင်ငံအနေနဲ့တော့ မဖော်ပြလိုပါဘူး။ မကြာခင်က ပြသွားတဲ့ ဇာတ်ကား တစ်ကားမှာဆိုရင် ဆေးဖက်ဝန်ထမ်းတွေရဲ့ အကျီတွေကိုဆွဲပြီး တစ်ခါတည်း ဆေးရုံ ထဲမှာ ပြောင်းဆန်တဲ့ အကျင့်တွေ ပေါက်ကွဲထွက်သွားတဲ့ ဒီအကျ င့်ဆိုးတွေရှိတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ မလိုလားအပ်တဲ့ ပေါက်ကွဲမှုတွေကြောင့် လူနာရှင်တွေဘက် ကလည်းပဲ ပေါက်ကွဲပြီးတော့ မတန်တဆလျော်ကြေးတွေ တောင်းတာယ်။ တစ်ခါပြန်ပြီးတော့ ဆေးပညာရှင်တွေ ဘက်ကလည်းပဲ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပြန်ပြီးတော့ ဥပဒေကြောင်းက ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဆိုပြီးတော့ မတန်တဆစျေးတွေ တောင်းတယ်စသည်ဖြင့် ဒါမျိုးတွေဟာ ကျွန်တော်တို့ နေရာတစ် နေရာထဲမှာ မဟုတ်ဘဲနဲ့ ရှေးကပုဂ္ဂိုလ်များ တင်ပြ တဲ့အထဲမှာလည်းပဲ

ပါပါတယ်။ ဒါတွေဟာ ဘာလဲဆိုလို့ရှိရင် အငြင်းပွားမှု ရဲ့ နောက်ဆက်တွဲပြဿနာတွေပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာတွေဟာ ဆေးဖ က်ဝန်ထမ်းတွေနဲ့ လူနာတွေဘယ် လို ရိုက်ခတ် လာသလဲ။ ဘယ်လိုရိုက်ခတ် လာသလဲဆိုရင် ကျွန်တော်တို့ အင်မတန်မှ ဖွံ့ဖြိုးပြီး တဲ့ နိုင်ငံ တစ်နိုင်ကနေ သတင်းတစ်ပုဒ် သူတို့နိုင်ငံမှာ Facebook တွေ၊ E-mail တွေကနေတစ်ဆင့် လူနာဟောင်းတွေကို ဆေးဖက်ဝန်ထမ်း တွေကို မကျေ နပ်တဲ့ လူနာဟောင်းတွေက သူတို့ကို ခုနပြောတဲ့ မီဒီယာတွေသုံးပြီး ဖိတ်ခေါ်တယ်။ ဖိတ်ခေါ်တဲ့နေရာမှာလည်း NightClub တွေ သွားဖို့၊ ပျော်ပွဲရှင်ပွဲတွေသွားဖို့၊ စားပွဲသောက်ပွဲတွေသွား ဖို့ ဒီမှာ ကန်တော့ပါရဲ့၊ ဖိုမနဲ့ ပတ်သက် ပြီးတော့ အလွန်အကြူးဆက်ဆံဖို့စသည်ဖြင့် ဒီလို ဆေးဖက်ဝန်ထမ်းတွေကို ခြိမ်းခြောက်ပြီးတော့ စိန်ခေါ်လာတဲ့အနေအထားတွေလည်း ရှိလာပါ တယ်။ ရှိတဲ့အခါကျတော့ အဲဒီနိုင်ငံကြီးမှာရှိနေတဲ့ အဖွဲ့အစည်းတွေကနေပြီးတော့ ဆေးဖက်ဝန်ထမ်း တွေကို ဒီလိုတုန့်ပြန် လာတဲ့ ဥစ္စာတွေကို မင်းတို့ကလည်းပြန်ပြီးတော့ မတုန့်ပြန် ပါနဲ့။ တကယ်လို့များ မင်းတို့ကိုများ စိန်ခေါ်မှုများ ရှိလာတယ်ဆိုလို့ရှိရင် တို့အဖွဲ့အစည်းကို တိုင်ပင်ပါ။ တို့ဥပဒေကြောင်း အရသော်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းအရ သော်လည်းကောင်း အရေးယူဖို့ တို့ကူညီပါ့မယ် ဆိုတဲ့အကြောင်း၊ နိုင်ငံကြီးတချို့မှာ ဖြစ်ပျက်သွားတဲ့ အဖြစ်တစ်ခုပါ။

ကျွန်တော်တို့နိုင်ငံမှာလည်း ရှေ့ က ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားကြတဲ့ အတိုင်း အမိ ကက ဘာလဲဆိုတော့ ဆရာဝန်တွေဟာ သူတို့ရဲ့ ဆေးကုသတဲ့နေရာမှာ စိတ်အား ငယ်ပြီးတော့ မဝံ့မရဲနဲ့ ကုသနေရတဲ့ ဘဝပါ။ တချို့ဆိုလို့ရှိရင် အသက်အန္တရာယ် ခြိမ်းခြောက်တဲ့ အခါကျတော့ အသက်လုံ ခြုံရေးဆိုတာ Professional Safety ကဏ္ဍတွေမှာ ပါဝင်လာ တဲ့ အခါကျတော့ တကယ်လို့များ ကျွန်တော်တို့ နိုင်ငံမှာ တန်ဖိုးရှိတဲ့ ပညာရှင်များ ဆုံးရှုံးသွား မယ်။ ဒီပုဂ္ဂိုလ်တွေကပါ တစ်ခါ ထပ်ပြီးတော့ နိုင်ငံ ခြားကိုထပ်ပြီးတော့ သွားလို့ရှိရင် ဦးနှောက်ယိုစီးမှု ဆိုတဲ့ ပြဿနာမျိုးတွေ ကျွန်တော်တို့ ကြုံတွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီလိုပညာရှင် တွေဘက်ကလည်းပဲ ဒီလို ယိုစီးသွားရမယ့် ဥစ္စာတွေကို ကြောက်ရွံ့ရသလိုပဲ လူနာရှင်တွေဘက် ကလည်းပဲ ရှေ့ကကိုယ်စားလှယ်တစ်ဦး ဆွေးနွေးသွားသလိုပါပဲ။ မလိုလားအပ် တဲ့ နစ်နာကြေး တောင်းခံမှုတွေလည်းပဲ ပေါ်ပေါက်လာနိုင်တယ်ဆိုတာ ဒါတွေဟာလည်းပဲ ကျွန်တော်တို့ ပညာရေးဌာနက ဆရာကြီး ဦးဝင်းမောင် ပြောသွားတဲ့ ဆရာဝန်တွေမှာ ဆရာဝန်တွေနဲ့ လူနာတွေ ကြားမှာရှိတဲ့ အလေ့အထတစ်ခုများ ပျောက်ကွယ်သွားပြီလားဆိုတဲ့ စိုးရိမ်စိတ်ကလေး

ကလည်း သူစိုးရိမ်သလိုပါပဲ။ ဒီကနေ့ ဆေးဖက်ဝန်ထမ်းတွေဘက်က လိုက်ပြီးတော့ဘက်လိုက်ပြီး ပြောတာမဟုတ်ပါဘူး။ ယနေ့ပေါ်ပေါက်လာမယ့်အဖွဲ့အစည်းကလည်း ဘက်မလိုက်အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ ဒီထဲမှာဆိုလို့ရှိရင် ဆေး ဖက်ဝန်ထမ်းတွေနဲ့ပတ်သက်တဲ့ ဆွေမျိုးနီးစပ်တော်စပ်တဲ့လူတွေ ကိုယ့်သားသမီးများသည်လျှင် ဆေးဖက်ဝန်ထမ်းတွေဖြစ်နေတဲ့ ကိုယ်စားလှယ်တော်ကြီးတွေလည်း ပါကြမှာပါ၊ ကျွန်တော်တို့ဟာ ဆေးဝန်ထမ်းရယ်ဖြစ်လာရင် လည်း ရှေ့ကပြောသွားတဲ့ အထဲမှာ လည်း ပါပါတယ်။ ကျင့်ဝတ်၊ ဆောင်ရန်၊ ရှောင်ရန် တွေ ကျွန်တော်တို့ ဆရာကြီးများကလည်းပဲ မှာကြားပြီး ဖြစ်ပါတယ်။ တစ်ခါတစ်လေကျလို့ရှိရင် ကျွန်တော်တို့က တို့တ စ်တွေဟာ ဝါသနာပါလို့လား၊ စေတနာပါလို့လား။ ဒီနေရာမှာ ကျွန်တော်တို့ဟာ နာ(၃)နာအပြင် နာ (၅)နာ လို့ပါ ထပ်ဖြည့်ရပါသေး တယ်။ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊အကြင်နာဆိုပြီးတော့ ကျွန်တော်တို့ထတွေ လုပ်ခဲ့ကြပါတယ်။ ကျွန်တော်တို့တွေ ဆေးဝန်ထမ်းဖြစ်တဲ့ ကာလမှာတုန်းက ရှေးလူကြီးသူမများ ဆိုရိုး စကားတစ်ခု ရှိခဲ့ဖူးပါတယ်။ မင်းတို့တွေ ဆေးပညာလောကရောက်လာပြီ။ ရောက်လာပြီဆိုလို့ရှိရင်လည်းပဲ လူနာကိုဘယ်နေ့မှာ ဘယ်အရပ်ကလာခေါ်ရင် လိုက်မသွားနဲ့ကွ။ လင်္ကာလေးတစ်ခုရှိတယ်။ အုန်းသီးဇက်လာ တောင်က ရွာမှာ လင်္ကာချတယ်။ ဘယ်နေ့မှာ တနင်္ဂနွေနေ့မှာ ဘယ်ရပ်ကနေ လူနာကိုကုဖို့လာပင့်ရင် မလိုက်နဲ့။ မင်းနာမည်ကောင်းရမှာမဟုတ်ဘူး။ မင်းလက်ထဲမှာလူနာသေသွားမယ်။ သို့သော်ငြား လည်းပဲ ကျွန်တော်တို့ ဆေးဖက်ဝန်ထမ်းတွေဟာ အဲဒီအယူလည်း ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ လူနာက အိမ်တိုင်ရာ ရောက်လာခေါ်ရင် တောင်တွေ မြောက်တွေ မခွဲခြားနိုင်ပဲနဲ့ ကျွန်တော်တို့ လိုက်လံဆောင်ရွက်ပေးခဲ့ရတယ်။ ဒီကနေ့ဒီအခါမှာလည်းပဲ အနယ်နယ်အရပ်ရပ်က ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ ဇီဝိတဒါန ဆေးခန်းတွေ၊ ပရဟိတဆေးခန်း တွေ ပေါ်ပေါက်လာတဲ့အခါမှာ အခမဲ့ဝန်ဆောင်မှုတွေ လုပ်လာတဲ့ ဆေးဖက်ဝန်ထမ်းတွေ ရှိပါတယ်။ အဲဒီတော့ ဆေးဖက်ဝန်ထမ်းအခန်းကဏ္ဍက လူနာအတွက်သော်လည်းကောင်း၊ ဆေးဖက်ဝန်ထမ်း အတွက်သော်လည်းကောင်း ဆယ်ရေးဆာစ်ရေး၊ ကိုးရေးတစ်ရာ၊ မမှားသောရှေ့နေ၊ မသေသော ဆေးဆရာ ဆိုရိုးအတိုင်း ဒီဆေးသမား တွေဘက်ကသော်လည်းကောင်း၊ လူနာဘက်က သော်လည်းကောင်း မျှတတဲ့ အငြင်းပွားမှုတွေ ဖြေရှင်းပေးမယ့် အဖွဲ့အစည်းတစ်ခုကတော့ဖြင့် တကယ့်ကို တိုင်းပြည်အတွက် လိုအပ်နေပါတယ်။ ကျွန်တော်တို့ ရှင်းလင်း နားလည်လွယ် ကူတဲ့ ကျွန်တော်တို့ရဲ့ ဆရာကြီးပါမောက္ခဦးစိုးထွန်းရဲ့ ကျန်းမာရေး စောင့်ရှောက်မှု၊ အငြင်းပွား မှုများကို

တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေးအဖွဲ့ တစ်ခု ဒီနေရာမှာ အဖွဲ့တစ်ခုလို့ပြောတဲ့ သဘောကတော့ ဒီအဖွဲ့သည်လည်းပဲ ရှေ့က ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်များ ဆွေးနွေးသွားတဲ့ အထဲမှာ ပါပါတယ်။ ဆေးဖက်ပညာရှင်များသာမက ဆက်နွယ်သော ပညာရှင် များပါ ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ရေး ဖွဲ့စည်းပေးပါရန် ကျွန်တော်က အကြံပြု ဖြည့်စွက် ထောက်ခံရင်းနဲ့ အဆို ထောက်ခံချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာလှသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၀။**

**ဒေါက်တာလှသိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှသိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဆရာကြီး ဦးစိုးထွန်း တင်သွင်းသွားတဲ့ ကျန်းမာ ရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန်ဆိုတဲ့ အဆိုကို ဘာကြောင့် ဖွဲ့စည်းသင့်ကြောင်း ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်တို့ နိုင် ငံမှာ ခုချိန်မှာ အထူးကုဆေးခန်းတွေရော အထူးကုဆေးရုံတွေရော သက်ဆိုင်ရာဒေသ ဆေးခန်းကလေးတွေကအစ ဆရာဝန်တွေအများကြီးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို အစိုးရကျန်းမာရေး ဌာနအပြင် ပြင်ပဌာနအနေနဲ့ လုပ်ဆောင်နေရတာ အများကြီးရှိတယ်ဆိုတာ အားလုံးသိပါလိမ့်မယ်။ အဆို ရှင်တင်ပြသွားတဲ့ နိုင်ငံတကာမှာ လူနာနဲ့ လူနာအသိုင်းအဝိုင်းနဲ့ ကျန်းမာရေးဆေးပညာဝန်ထမ်းတွေကြားမှာ ပဋိပက္ခပြဿနာများဖြစ်ပေါ်နေတယ်ဆိုတာ အခုမှမဟုတ်ပါဘူး။ ယခင်ကလည်း ရှိပါတယ်။ ကြာလှပါပြီ။ ကျွန်တော်တို့ မြန်မာပြည်မှာလည်း အခု ကြို့ ကြား ကြို့ကြား လူသိများအောင်ဖြစ်လာတာ အားလုံးလွှတ်တော်ကိုယ်စားလှယ်များ အသိ ဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် လူမသိဘဲ ဖြစ်တဲ့ကိစ္စတွေ ခုနက ဆရာဦးခင်မောင်လေး တင်ပြသွား ပြီးပါပြီ။ အများ ကြီးပါ။ ဆရာဝန်နဲ့ လူနာဆိုတာက ကျွန်တော်တို့ မြန်မာပြည်မှာ တစ်ဦးအပေါ် တစ်ဦး ယုံကြည်မှု၊ စာနာမှု၊ လေးစားမှု ဒါတွေနဲ့ ဆေးကုသမှု ခံယူနေကြတယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဆရာဝန်အနေနဲ့ကလည်းပဲ ရောဂါတစ်ခု အပေါ်မှာ မြင်ရခြင်း မရှိဘဲနဲ့ ဖြစ်နိုင်ချေ အားလုံးကို စဉ်းစားဆုံးဖြတ်ပြီးမှ ဖြစ်နိုင်လို့ရှိရင်တော့ အထောက်အကူပစ္စည်းတွေ တ စ်ခါတစ်ရံ ကျတော့ အထောက်အကူပစ္စည်း အကူအညီမရှိဘူး။ အဲဒီလိုနဲ့ ကျွန်တော်တို့က မိမိရဲ့အတွေ့အကြုံ မိမိရဲ့ပညာကို အသုံးချပြီးတော့ ဆုံးဖြတ်ရတာဖြစ်ပါတယ်။ လူနာတစ်ယောက်အနေနဲ့ကလည်း တစ်ခါတစ်ရံ ဆေးရုံ ဆေးခန်းကိုလာတဲ့အခါမှာ သူတို့အနေနဲ့ ရောဂါတစ်ခုတည်းမ ဟုတ်ဘဲနဲ့ ရောဂါရဲ့ အခြေအနေကလည်း အမျိုးမျိုး၊ ရောဂါနှစ်မျိုး သုံးမျိုးတွဲပြီး ဒီကိုလာတတ်ကြပါတယ်။ အဲဒီတော့ အခုခေ တ်ကာလမှာ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ကျန်း မာရေးစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ လူနာများအကြား ဖြစ်ပေါ်နေတဲ့ ပဋိပက္ခများကို လေ့လာမယ်ဆိုရင်တော့ စောစောက ဒေါက်တာခင်မောင်လေးနဲ့တကွ ဗိုလ်မှူးနိုင်နိုင်ဝင်း၊ ဒေါက်တာတင်ရွှေ ဦးဝင်းနိုင်ရှိန် တင်ပြသွားသလိုပဲ ပြဿနာအသေးတွေကအစ ပြီးတော့ အကြီးအကျယ်အထိ ဖြစ်ကြပါတယ်။ ဖြစ်ပွားစဉ်မှာ မှန်ကန်တဲ့ ပဋိပက္ခဖြစ် သလို မမှန်မကန်ဘဲနဲ့ ဘေးပယောဂ ကြောင့် သို့မဟုတ် အတွေးအခေါ် အယူအဆမှားလို့ ဖြစ်ကြတဲ့ပြဿနာတွေ အများကြီး ဖြစ်ပေါ် လာပါတယ်။ နောင်လည်း ဖြစ်ပေါ်ဦးမှာပဲ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ပေါ်တဲ့အတွက်ကြောင့် ဘာတွေအကျိုးရှိပြီး ဘာတွေအကျိုးယုတ်သွားလဲဆိုတာ ကျွန်တော်တို့ သုံးသပ်ဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော့် အမြင်ပြောရရင်တော့ ဒီလိုဖြစ်ပေ ါ်တဲ့အတွက်ကြောင့် ဆရာဝန်ဖက်မှာ Safe Size ဆိုတဲ့ ကျွန်တော်တို့ လို အပ်တဲ့ ကာကွယ် မှုတွေ ဒါတွေကို အပြည့်အဝ ယူထားရပါမယ်။ အဲဒီတော့ လူနာဖက်ကဘာတွေ ဆုံးရှုံးသွားသလဲ မေးလို့ရှိရင်တော့ ဆရာဝန်များက Safe Size ယူတဲ့ အတွက်ကြောင့် စမ်းသပ်ခတွေများလာမယ်။ ရောဂါတစ်ခုအတွက်ကို စမ်းသပ်ချက် တစ်ခုတည်း မဟုတ်ဘဲနဲ့ စမ်းသပ်ချက်တွေအများကြီးနဲ့ ပြည့်စုံအောင် ကိုယ့်ဖက်ကလုံခြုံမှုရှိအောင် စသည်ဖြင့် ဒီလိုဆောင်ရွက်လာတဲ့အတွက်ကြောင့် ငွေကုန်ကြေးကျ များလာမယ်။ လိုအပ်လို့ရှိရင် မိမိတင် မကဘဲနဲ့ မိမိရဲ့လုပ်ဖော်ကိုင်ဖက် အခြားသက်ဆိုင်ရာ ကဏ္ဍအ လိုက် ဆရာဝန်ကြီးများကို ပြသရမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီအခါမှာလည်း ငွေကုန်ကြေးကျရော အချိန်ကုန်ကျမှုရော များလာတတ်ပါတယ်။ အဲ ဒီလိုများလာတဲ့အခါမှာ နံပါတ် (၁)ကတော့ ငွေကုန်ကြေးကျများတယ်။

နံပါတ်(၂)ကတော့ အချိန်ကုန်တယ်။ အချိန်ကုန် တဲ့အလျောက် လူနာရဲ့ရောဂါအခြေအနေဟာ ပြောင်းလဲနိုင်ပါတယ်။ အချို့ပုဂ္ဂိုလ်များဆိုရင် အထူးကု ဆရာဝန်ကြီးရဲ့ ဆုံးဖြတ်ချက်ရဖို့အတွက် စောင့်နေရင်းနဲ့ ရောဂါအခြေအနေ မကောင်းလို့ အသက်ဆုံးရှုံးသွားတာလည်းရှိခဲ့ကြပါတယ်။ အဲဒီလိုပဲ တစ်ခါစမ်းသပ်မှုအမျိုးမျိုးပြုလုပ်လာတဲ့ အခါမှာလည်းပဲ စမ်းသပ်မှုရဲ့ဆိုးကျိုးကို လူနာပေါ်မှာ သက်ရောက်မှုတွေ အများကြီးရှိပါတယ်။ အဲဒီတော့ လူနာနဲ့ဆရာဝန်ကြားမှာ ကျွန်တော်တို့ရဲ့ Relationship စောစောက ဆရာဝန်တင်ရွှေရယ်၊ ဆရာဦးဝင်းနိုင်ရှိန်ရယ်၊ ဒေါက်တာခင်မောင်လေးရယ်၊ ဗိုလ်မှူးနိုင်နိုင်ဝင်း ရယ် ပြောသွားသလိုပဲ။ ကျွန်တော် တို့ မြန်မာပြည်မှာ ဆရာဝန်နဲ့ လူနာရဲ့ Relationship ပါပဲ။ ယုံကြည်မှု၊ အားကိုးမှု၊ စာနာမှု၊ ထောက်ထားမှု တစ်ဦးအပေါ်တစ်ဦး ခင်မင်ရင်းနှီးမှုစသည်ဖြင့် ဒီလိုမေတ္တာစေတနာတရားနဲ့ လုပ်ဆောင်ခဲ့တာတွေ နှစ်ပေါင်းလည်းကြာပါပြီ။ ယခုလည်းပဲ ဒီမေတ္တာ စေတနာတွေက ကျွန်တော်တို့ ဆေး ဝန်ထမ်းတွေမှာ မခန်း ခြောက်ပါဘူး။ ဒါပေမယ့် စေတနာရဲ့ ရေစီး ကြောင်း၊ ခေတ်ရဲ့အပြောင်းအလဲတွေကြောင့် အချို့ အချို့သော လူနာပိုင်းနဲ့ ပတ်ဝန်းကျင်ပိုင်း တွေက နိုင်ငံတကာရဲ့ ဥပဒေ၊ နိုင်ငံတကာရဲ့ အနေအထားနဲ့ ဒီဟာကို ပြောလာကြတာ အများကြီး တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတကာနဲ့ ယှဉ်လို့မရတာ အများကြီးရှိပါတယ်။ ဥပမာပြောလို့ရှိရင် စမ်းသပ်ခလို့ပြောရင် ကျွန်တော်တို့နိုင်ငံမှာ စေတနာ မေတ္တာကို အဓိကထားတဲ့အတွက်ကြောင့် စမ်းသပ်ခဆိုတာ တိတိကျကျ အချို့ အချို့ ဆရာဝန်ကြီးတွေလောက်သာ ရှိပါတယ်။ အဲဒီတော့ အဲဒီလို စေတနာ မေတ္တာနဲ့ အခမဲ့ဆေးခန်းက အစ လုပ်နေတဲ့အချိန်မှာ ဒီလိုပြဿနာတွေ ပေါ်လာခဲ့လို့ရှိရင် ဆရာဝန်ဖက်ကရော လူနာဖက်ကရော တိုင်းပြည်အတွက်ကပါ အင်မတန်နစ်နာတဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုမှာ တရားမျှတစွာဖြေရှင်းပေးဖို့ အဖွဲ့အစည်းတစ်ခုကတော့ထားရှိဖို့ ဖြစ်ပေါ်ဖို့သင့်ပါပြီလို့ ကျွန်တော်သုံးသပ်ယူဆပါတယ်။ အဲဒါကြောင့် မို့လို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဆရာဦးစိုးထွန်း တင်ပြသွားတဲ့ တင်သွင်းသွားတဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ခု ဖွဲ့စည်း ဖော်ဆောင်ပေးရန်အဆိုကို ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာဝင်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၂။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဆရာကြီး ဒေါက်တာဦးစိုးထွန်း ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အပြောင်းအလဲများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အားလုံးမင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်ရင် သမားနဲ့လူနာ၊ ဆေးနဲ့ ရောဂါ၊ သူနာပြုနဲ့ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ဆေးရုံနဲ့ ဆေးဘက်ဆိုင်ရာ စက်ကိရိယာများ အားလုံးအကျုံးဝင်လျက်ရှိပါတယ်။ နည်းပညာများဖွံ့ဖြိုးတိုးတက်မှု၊ လူဦးရေများ များပြားလာမှုတို့နဲ့အတူ ပြည်သူ့ဆေးရုံများအပြင် ပုဂ္ဂလိကဆေးရုံကြီးများပါ ဖွင့်လှစ်ခဲ့ကြပါတယ်။ ခေတ်မီစက်ကိရိယာများ ပေါ်ပေါက်လာသလို ဆေးကုသမှုအဆင့်အတန်းလည်း တိုးတက်မြင့်မားလာရပါတယ်။ ကျောက်ကပ်အစားထိုးကုသမှု၊ အသည်းအစားထိုးကုသမှုသည်ဖြင့် ဆေးလောကရဲ့ ဂုဏ်ကို မြှင့်တင်နိုင်ကြပါတယ်။ ဥက္ကဋ္ဌ ကြီး ခင်ဗျား။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနဲ့အတူ စိတ်ပိုင်းဆိုင်ရာအတွေးအခေါ် အယူအဆများလည်း တစ်ပါတည်း ရင့်ကျက်လာရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းပိုင်းကလည်း အရေအတွက် များပြားလာ သလို ကုသမှုထိရောက်စေရေး အတွက်လည်း ဆရာဝန်အဓိဋ္ဌာန်ပြု ကတိသစ္စာ(၈)ချက်အတိုင်း ကိုယ့်အရေးကဲ့သို့ အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဆရာဝန် အလုပ်ဟာ အလွန်မွန်မြတ်လှပါတယ်။ မိမိတို့စမ်းသပ်ကုသမှုကြောင့် လူနာတွေကျန်းမာလာတာ ကိုမြင်ရရင် ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသလို ကောင်းမှု တစ်ခုဖြစ်ပါတယ်။ ဒါကြော င့်မို့ စေတနာဆရာဝန်များဖြစ်ကြဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလားတူ လူနာများကလည်း ဆရာဝန်များရဲ့ အသိပညာ၊ အတွေ့အကြုံ၊ စေတနာ တွေနဲ့ ကြိုးစားအားထုတ်ကုသပေးမှုတွေကိုလည်း နားလည်သဘော ပေါက်ကြဖို့ လို အပ်ပါတယ်။ ဆေးပညာသဘောတရားကို ဂ ယနဂဏမသိဘဲ မိမိ တို့အတ္တကို အခြေခံပြီး ဆရာဝန် တွေကိုသာ အပြစ်တင်စွပ်စွဲနေကြမယ်၊ သည်းခံခွင့်လွှတ်လို့ရမယ့်ကိစ္စကို အရေးယူအပြစ်ပေးမှ ကျေနပ်နိုင်ကြမယ်ဆိုတဲ့ စိတ်ထားတွေ ထားနေကြရင်လည်း မြန်မာ့ လူ့ဘောင်ကြီးရဲ့ ကောင်းမြတ်တဲ့ အစဥ်အလာသျက်ပြားသွားမှာစိုးရိမ်မိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ပြည်သူ့ဆေးရုံများကလည်း ပြည်သူများအားထားရ တဲ့ ပြည်သူ့ကျန်းမာရေးအတွက် အဓိကကျတဲ့ ဆေးရုံများဖြစ်ဖို့လိုအပ်ပါတယ်။ ပြင်ပဆေးရုံများကလည်း ထိရောက် မှန်ကန်တဲ့ ကုသမှု၊ ထိုက်တန်တဲ့ဝန်ဆောင်မှု၊ နွေးထွေးတဲ့ဆက်ဆံမှုတွေ ပေးနိုင်ရပါမယ်။ ဒီလို ကျန်းမာရေး စောင့်ရှောက်မှုပေးသူနဲ့ လူနာတွေဟာ ရပိုင်ခွင့်နဲ့ တာဝန်များကို အပြန်အလှန် နားလည်သဘော ပေါက်ကျင့်သုံးဖို့ လိုအပ်ပါတယ်။ ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ကျန်းမာရေး စောင့်ရှောက်မှုခံယူသူ နှစ်ဖက်စလုံးတွင် လူနည်းစုရဲ့ လုပ်ရပ်တွေကြောင့် မလိုလားအပ်တဲ့ အငြင်းပွားမှုတွေ ဖြစ်ပေါ်ရခြင်းဟာ အကျည်း တန်အရုပ်ဆိုးလှပါတယ်။ ဒါကိုလည်း မျှမျှတတ ကိုင်တွယ်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ သို့မှသာ မြန်မာနိုင်ငံရဲ့ ကျ န်းမာရေးကဏ္ဍဟာ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဆိုသလို အပြန်အလှန် အကျိုးရှိ ကျေးဇူးပြုနိုင်မယ့် ကဏ္ဍဖြစ်ပေါ် လာမှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဆရာကြီး ဒေါက်တာဦးစိုးထွန်း တင်သွင်းသွားသော ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေ ရှင်းဆုံးဖြတ်ရေး ပညာရှင် အဖွဲ့တစ်ခု ဖွဲ့စည်း ဖော်ဆောင်ပေးရန် ပြည်ထော င်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးဖို့ဖြစ် ပါတယ်။

**အချိန်၊ ၁၃း၄၅။**

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီးကျန်းမာရေးဝန်ကြီးဌာန)**။ ။လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဆရာကြီး ဒေါက်တာဦးစိုးထွန်း ကနေပြီးတော့ ကျန်းမာရေးစောင့်ရှော က်မှု ဝန်ထမ်းများအား ကာကွယ် စောင့်ရှောက်ရေးအဖွဲ့ Medical Protection Society ဒါမှမဟုတ် Medical Defence Union တစ်ခုဖွဲ့စည်းရန် အဆိုနဲ့ ပတ်သက်ပြီးတော့ ခုလို ကိုယ်စားလှယ်တော်ကြီးများက ဘက်စုံ ထောင့်စုံကနေ အမြင်များကို စေတနာထားပြီးတော့ ဆွေးနွေးသွားကြတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးအများကြီးတင်ပါတယ်။ အဆိုတင်သွင်းပေးတဲ့ ဆရာကြီးဦးစိုးထွန်းကိုရော ၊ ဆွေးနွေးပေး ကြတဲ့ ကိုယ်စားလှယ်တော်ကြီးများကိုရော ကျေးဇူးတင်ရှိကြောင်း ပဏာမအနေနဲ့ ပြောပါရစေ။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများကို ဒီကာကွယ်စောင့်ရှောက်တဲ့ Medical Protection Society ဖွဲ့စည်းဖို့ကိစ္စကို ကိုယ်စားလှယ်တော် ကြီးများ အကြံပြုတဲ့အတိုင်း ဖွဲ့စည်းဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒီဝန်ကြီးဌာန အနေနဲ့ ဖွဲ့စည်းပေးရမယ့် အဖွဲ့အစ ည်းတစ်ခုမဟုတ်ဘဲနဲ့ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းတစ်ခု အဖြစ်နဲ့ ရှိသင့်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့အတွက် မြန်မာနိုင်ငံဆရာဝန်အသင်းနဲ့ တွဲဖက်၍ ဖြစ်စေ ဒါမှမဟုတ် လို့ရှိရင် မြန်မာနိုင်ငံဆရာဝန် အသင်းကပဲ ဦးဆောင်၍ဖြစ်စေ ဖွဲ့စည်း သင့်တယ်လို့ ယူဆပါတယ်။ အသင်းဝင်များအနေနဲ့လည်း ဒီထည့်ဝင်ကြေးတွေနဲ့ လိုအပ်တာတွေကို လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့တော့ ဒီအဖွဲ့ဖွဲ့စည်းတဲ့အခါမှာ လိုအပ်တဲ့နည်းပညာ အကြံဉာဏ်၊ အကူအညီ များကို ကျွန်တော်တို့ ပေးသွားမှာဖြစ်တဲ့အကြောင်း ပြန်ကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကလည်း ကြိုဆိုထောက်ခံသွားပါတယ်။ ဒါကြောင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာဦးစိုးထွန်း တင်သွင်းတဲ့ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အငြင်း ပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင် အဖွဲ့တစ်ခု ဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို

အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ် ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ယခု အဆိုကို သဘော တူတဲ့ကိုယ်စားလှယ်များ မိမိတို့ နေရာများမှာ မတ်တတ် ရပ်ပြဖို့ဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီ။ မတ်တတ် ရပ်ပြတဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးနဲ့ အထက်ရှိတဲ့ အတွက် ဒေါက်တာစိုးထွန်းရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၂ နာရီ မိနစ် ၄၀ အချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကို၁၄း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၄၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာတမံကြီးများကော်မရှင် (ICOLD)သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီး များဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် (ICOLD) သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၀။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် ဒီကနေ့ ဆွေးနွေးတင်ပြခြင်းမပြုမီ အချို့အချက်အလက်များကို ဖတ်ကြားတင်ပြခွင့်ပြုပါရန်နှင့် အင်္ဂလိပ်ဘာသာဖြင့် စကားလုံးများကိုလည်း အင်္ဂလိပ် ဘာသာဖြင့် တင်ပြခွင့်ပြုရန် ခွင့်တောင်းခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးမျိုးမြင့်က မြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်း၊ နောက်တစ်ချက်ကတော့ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်ကို အဖွဲ့ဝင်အဖြစ်လျှောက်ထားပါဝင်ခွင့်ရရှိရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားခဲ့ပါတယ်။ ဒီအဆိုနဲ့ပတ်သက်လို့ ကျွန်တော် အပိုင်း (၃)ပိုင်း တင်ပြပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့နိုင်ငံတော်ဟာ ၁၉၉၀ ခုနှစ် နောက်ပိုင်း ပြည်တွင်းငြိမ်းချမ်းရေးများ ရရှိတဲ့ ကာလကစပြီးတော့ မှ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ကိုယ့်မှာရှိတဲ့၊ ကိုယ့်မှာရနိုင်တဲ့ပစ္စည်းများနဲ့ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့တာ တွေ့ ရှိရပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ စိမ်းလန်းစိုပြည်ရေး စတဲ့လုပ်ငန်းတွေအတွက် တမံများကို အများအပြား ဆောက်လုပ်ခဲ့တာ ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ ရပါတယ်။ အခု တည်ဆောက်ပြီးဆည်များ အကြီးအသေး (၂၃၅)ခု ရှိကြောင်းလည်း သိရှိရပ ါတယ်။ ဒီဆည်များကို တည်ဆောက်ခဲ့ခြင်းအားဖြင့် နိုင်ငံတော်မှာ လျှပ်စစ်ကဏ္ဍအားဖြင့် လျှပ်စစ်စွမ်းအင်တွေ အများအပြား တိုးတက်လာပြီး မြို့ရွာတွေ လျှပ်စစ်မီးရရှိတာ အားလုံးအသိဖြစ်ပါတယ်။ စိုက်ပျိုးရေရရှိတဲ့အတွက်ကြောင့်လည်းပဲ ဆယ့်နှစ်ရာသီစိုက်ပျိုးနိုင်တဲ့နေရာများလည်း အများအပြား ပေါ်ပေါက်လာတာ တွေ့ရှိရပါတယ်။ စိမ်းလန်းစို ပြည်ရေးအတွက်လည်း ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးဆိုတာ အားကြိုးမာန်တက် လုပ်ကိုင်ခဲ့တဲ့အတွက်ကြောင့် တစ်ချိန်က မိုးခေါင်ရေရှား အပူပိုင်းဒေသလို့ခေါ်တဲ့နေရာတွေမှာ အခုအချိန်မှာ သစ်တောသစ်ပင်များ ဖြစ်ထွန်းလာတာ ကျွန်တော်တို့ တွေ့ရှိရတာ လက်တွေ့ဖြစ်ပါတယ်။ အဲဒီတော့ ဆည်မြောင်း၊ ကန်ချောင်းများတည်ဆောက်ခြင်း၊ တမံများတည်ဆောက်ခြင်းလုပ်ငန်းတွေဟာ အခုမှ ကျွန်တော်တို့ လုပ်ခဲ့ရတာမဟုတ်ပါဘူး။ ရှေးမြန်မာဘုရင်လက်ထက်ကလည်းပဲ တိုင်းသူပြည်သားများဆန်ရေစပါး ပေါများကြွယ်ဝဖို့၊ ချမ်းသာ ဖို့၊ လယ်များဆည်ရေသောက်ရရှိဖို့ ဆောင်ရွက်ခဲ့တဲ့သာဓကများလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဥပမာအားဖြင့် ဇော်ဂျီရေလွှဲမြောင်း၊ မိတ္ထီလာကန်၊ အောင်ပင်လယ်၊ ရွှေဘိုမြို့က မင်္ဂလာကန်တော်ဟာ မူးမြစ်ကနေ ရေသွင်းခဲ့တဲ့ရှေးဘုရင်မင်းများလက်ထက်က ရေရရှိရေး ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံသည် တိုးတက်တဲ့နိုင်ငံများဖြစ်တဲ့ နျူးကလီးယားစွမ်းအင်စတဲ့ ဒီလိုစွမ်းအင်မျိုးလည်း မရနိုင်တဲ့အတွက်ကြောင့် စွမ်းအင်ရနိုင်မယ့် ရေအရင်းအမြစ်ကနေ ကျွန်တော်တို့စွမ်းအင်တွေထုတ်ယူသုံးစွဲနိုင်အောင် ဆောင် ရွက်ခဲ့တာရှိခဲ့ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့နယ်ချဲ့လက်အောက် သူ့ကျွန်ဘဝရောက်တဲ့ အချိန်ကစပြီးတော့ လွတ်လပ်ရေး ရရှိပြီးတဲ့အချိန်ခေတ်များပြောင်းလဲသွားသော်လည်းပဲ ဆည်တမံများကို ထူးကဲစွာ တည်ဆောက်နိုင်ခြင်းမရှိတာကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ ၁၉၉၀ ခုနှစ် နောက်ပိုင်းမှ ရာနဲ့ချီပြီးတော့ဆည်အကြီးအသေးများစွာ တည်ဆောက်နိုင်ပြီး စိုက်ပျိုးရေရရှိရေး၊ ရေလွှဲ၊ ရေကြီးမှု ကာကွယ်ရေး

လုပ်ငန်းများ၊ စိမ်းလန်းစိုပြည် ရေးလုပ်ငန်းများအတွက်ဟာ နို ငံငံတော်အင်အားရှိ လာအောင် ဆောင်ရွက်နိုင်ခဲ့တာ ကျွန်တော်တို့ မြန်မာနိုင်ငံအင်ဂျင်နီယာများအတွက် အခန်းကဏ္ဍ ကြီးမားစွာ ပါဝင်ခဲ့တာကို တွေ့ရှိ ခဲ့ရပါတယ်။ ဂုဏ်ယူဖွယ်ရာလုပ်ရပ်များလည်း ဖြစ်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်ဟာ ၁၉၇၀-၁၉၈၀-၁၉၉၀ ခုနှစ်ထိ ဒီပတ်ဝန်းကျင်အချိန်ကာ လများမှာ မြင်းခြံ၊ ချောက်၊ မိတ္ထီလာစတဲ့ မိုးခေါင်ရေရှားအပူပိုင်းဒေသများမှာ တာဝန်ထမ်းဆောင်ခဲ့ဖူး ပါတယ်။ ဒီဒေသမှာနေတဲ့ ပြည်သူတွေဟာ ရွှေကိုမလို၊ ငွေကိုမလို၊ ရေကိုသာလိုပါတယ်လို့ ကျွန်တော်တို့ ပြောကြတာရှိပါတယ်။ ရေရဲ့တန်ဖိုး၊ ရေရဲ့ကျေးဇူးကို အထူးသိတယ်လို့ ပြောဖို့မလို ပါဘူး။ ရေမရှိတဲ့အတွက်ကြောင့် ရေမရတဲ့အတွက်ကြောင့် သစ်ပင်မကြီးထွား၊ သစ်ပင်မရှိတဲ့ အတွက်ကြောင့် မိုးမရွာ၊ မိုးမရွာတဲ့အတွက်ကြောင့် ရေမရှိ၊ ဒါမှန့်လုံးစက္ကူကပ်နေတဲ့ ပုံစံဖြစ်ခဲ့ ဖူးပါတယ်။ ဒါပေမယ့် ဒီနေ့ဒီချိန်ခါမှာ အဲဒီဒေသရဲ့ အခြေအနေတွေဟာများစွာ ကွာခြား တိုးတက်လာပြီ ဖြစ်ပါတယ်။ ကန်ရေရှိတဲ့အတွက်ကြောင့် တွင်းရေလည်း သောက်လို့ရပြီ ဖြစ်ပါတယ်။ ကျွန်တော် အိမ်နီးချင်းအနောက်ဘက်နိုင်ငံ နေရာတော်တော်များများကို ရောက်ခဲ့ ဖူးပါတယ်။ အဲဒီနိုင်ငံမှာ ဧရာ ဝတီမြစ်ထက်ကြီးတဲ့မြစ်တွေ တွေ့ ခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီမြစ်ထဲမှာ ရေမ ရှိပါဘူး။ သဲသောင်ပြင်ပဲ တွေ့ရှိခဲ့ပါတယ်။ ဧရာဝတီမြစ်ထက်ငယ်တဲ့ မြစ်တွေမှာလည်း ရေမရှိဘဲနဲ့ ပူလောင်နေတဲ့ သဲသောင်ပြင်များသာ တွေ့ရှိရပါတယ်။ မြစ်ရှိလျက်နဲ့ တမံမဆောက်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလိုဆိုလို့ရှိရင် မြန်မာနိုင်ငံ အနှံ့အပြားမှာ ဆည်တမံရာနဲ့ချီ တည်ဆောက်ပြီး လျှပ်စစ်စွမ်းအင်၊ စိုက်ပျိုးရေ ရရှိနေခြင်းဟာ ကျွန်တော်တို့ရဲ့ ထူးကဲလှတဲ့ ကုသိုလ်ကံများလို့ဆိုရင် မှားမယ်မထင်ပါဘူး။ မြစ်ရေ ၊ ချောင်းရေ ရှိလျက်နဲ့ အကျိုးရှိစွာ အသုံးမချ နိုင်ရင် လွတ်လပ်ပါတယ်ဆိုပေမယ့် အချုပ် အနှောင်ခံရတာနဲ့ မခြားလှပါဘူး။ ဥပမာအားဖြင့် တောင်အာ ဖရိကနိုင်ငံရဲ့ လွတ်လပ်ရေး ဗိသုကာကြီးဖြစ်တဲ့ နယ်လ်ဆင်မင်ဒဲလားက ပြောခဲ့ပါတယ်။ Political freedom alone is not enough if you lock clean water. Political freedom alone is not enough without light to read at night. Political freedom alone is not enough without the avility to catch fish to feed your family and to irrigate your farm . အဓိပ္ပာယ်ကတော့ နိုင်ငံရေးအရ လွတ်လပ်တယ်ဆိုတာတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး၊ လွတ်လပ်တယ်လို့ မဆိုနိုင်ပါဘူး။ သန့်ရှင်းတဲ့ရေမရနိုင်ဘူး။ လိုအပ်တဲ့ညအချိန်မှာ လျှပ်စစ်မီးလေး တစ်ပွင့်တောင်မှ ထွန်း ညှိပြီး

တော့ စာမဖတ်နိုင်ဘူး။ ကိုယ့်မိသားစုအတွက် ငါးတစ်ကောင်လောက်တောင်မှ ဖမ်းယူမရနိုင်ဘူး။ လယ်မြေများကိုလည်းပဲ ရေမပေးသွင်းနိုင်ဘူးဆိုလို့ရှိရင် လွတ်လပ်တဲ့အဓိပ္ပာယ် မရှိနိုင်ပါဘူးလို့ ကျွန်တော်တို့ဆိုလိုတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့ သဘာဝရေဟာ အရေးကြီးပါတယ်။ စုဆောင်းထားနိုင်တဲ့ရေဟာလည်း ပိုပြီးတော့အရေးကြီးပါတယ်။ ရေကို ဘက်စုံ သုံးနိုင်ဖို့ အရေးကြီးဆုံးဖြတ်တာ တွေ့ရှိရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အပိုင်းနှစ်အနေနဲ့ တင်ပြချင်တာကတော့ ကျွန်တော်တို့ရဲ့ နောင်တော်ကြီးဖြစ်တဲ့ ဦးမျိုးမြင့် အဆိုပြုတင်ပြသွားတဲ့ တမံ များစာရင်းမှာ တည်ဆောက်ပြီး တမံကြီး (၅)ခု၊ တည်ဆောက်နေဆဲ (၁၈)ခု၊ စီမံကိန်း လျာထားပြီးတော့ စီစဉ်နေဆဲ (၁၈)ခုရှိတာကို တွေ့ရှိရပါတယ်။ ဆည်တွေဟာ အမြင့်ပေ (၄၀၀)နဲ့အထက်(၁၅)ခုနဲ့ အဲဒီဆည် (၁)ခုလျှင်လျှပ်စစ် မဂ္ဂါဝပ် (၁၀၀၀)မှ (၇၀၀၀)ထိ ထုတ်နိုင်တဲ့ဆည်တွေ ပါဝင်နေတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒီတော့ ဆည်တော်တော်များများဟာ နိုင်ငံခြားအကူအညီမပါတဲ့ ဆည်များလည်း ပါဝင်ပါတယ်။ အမှန်အားဖြင့် အကူအညီလိုပေမယ့် အနောက်က ကျွန်တော်တို့ကို မကူညီတာ အားလုံး အသိဖြစ်ပါတယ်။ အဲဒီတော့ ကူညီတဲ့ အရှေ့နိုင်ငံကိုသာ ကျွန်တော်တို့ တောင်းနေရတာ ဖြစ်ပါတယ်။ သို့ သော် ပြီးပြည့်စုံပြီလား။ ကျွန်တော်တို့အခက်အခဲတွေ မတွေ့ဘူးလားဆိုရင်လည်း မပြည့်စုံပါဘူး။ အခက်အခဲတွေလည်း အများကြီး ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့ ဆည်တမံများတည်ဆောက်တဲ့အခါမှာ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အခုဆိုလို့ရှိရင် ပါတီစုံဒီမိုကရေစီနိုင်ငံတော်အဖြစ် ပြောင်းလဲချီတက်နေပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ မျက်နှာစာအသစ်များ ၊ ခြေလှမ်းအသစ်များလည်း အနောက်ဘ က်ကို လှမ်းနိုင်နေပြီလို့ ကျွန်တော်တို့ ယူဆပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ အစိုးရကလည်းပဲ ဒီမိုကရေစီ လမ်းကြောင်းပေါ်မှာ လျှောက်လှမ်း နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကလည်း ပါတီစုံ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန် တော်တို့ဟာ အကျိုးကျေးဇူးများမယ်။ များတဲ့ဘက်ကို ကျွန်တော်တို့ လိုက်ပါဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် ဟာ အင်ဂျင်နီယာတစ်ဦးဖြစ်ပါတယ်။ မြန်မာ နိုင်ငံမှာရှိတဲ့ အင်ဂျင်နီယာများ ဟာ နိုင်ငံတကာ အဆင့်မီတယ်ဆိုတာ ပြသလိုတဲ့အကြောင်း အဆိုပြုချက်မှာ တွေ့ရှိပါတယ်။ ဒါကြောင့်လည်း အင်ဂျင်နီယာများရဲ့ လက်ရာဖြစ်တဲ့ တမံကြီးများနဲ့ပတ်သက်လို့ အမျိုးသားကော်မတီ တစ်ရပ် ဖွဲ့စည်းဖို့ အဆိုပြုခြင်းဖြစ် လို့ သုံးသပ်ရရှိပါတယ်။ ဒီကော်မတီဖွဲ့မယ်ဆိုလျှင်

ဗိသုကာအင်ဂျင်နီယာများ၊ မြို့ပြအင်ဂျင်နီယာများ၊ စက်မှုအင်ဂျင်နီယာများ၊ လျှပ်စစ် အင်ဂျင်နီယာများ ပါဝင်လာမှာဖြစ်သကဲ့သို့ ဘူမိဗေဒပညာရှင်များ၊ ရေအရင်းအမြစ် ပညာရှင် များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ရေဝေရေလဲနဲ့ပတ်သက်တဲ့ ပညာရှင်များ၊ မိုးလေ ဝသ၊ သဘာဝ ပတ်ဝန်းကျင် သားငှက်ထိန်းသိမ်း တဲ့ပညာရှင်များလည်း မြောက်မြားစွာပါဝင်လာမှာဖြစ်ပါတယ်။ လက်တွေ့လုပ်ကိုင်နေတဲ့ လူများကိုယ်တိုင် ကော်မတီဖွဲ့စည်းပါဝင်မှာ ဖြစ်တဲ့အတွက်ကြောင့် ပိုပြီးတော့ လက်တွေ့ကျကျဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဝေဖန်ရေးသမားတွေက ပြောမယ် ဆိုရင်လည်း စုံစုံလင်လင် နဲ့ပြည့်ပြည့်စုံစုံပြန်လည်ရှင်းလင်း တင်ပြနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ အဆိုရှင်တင်သွင်းသွားတဲ့အချက်မှာ ဒီကော်မတီဖွဲ့စည်းတဲ့အခါမှာ Focal Point အနေနဲ့ ဝန်ကြီးဌာနတစ်ခုခုလို့ တင်ပြသွားတာရှိပါတယ်။ ဒါပေမယ့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အသင့်လျော်ဆုံးဖြစ်တယ်လို့ ကျွန်တော်သုံးသပ်တင်ပြလိုပါတယ်။ တတိယအချက်ကတော့ ဒီကော်မတီဖွဲ့ပြီးတဲ့နောက် ဒီကော်မတီသည် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် (ICOLD) သို့ ဝင်ရောက်ခွင့်ပြုသင့်တယ်လို့ တင်ပြထားတာရှိပါတယ်။ နောက်ဒီကော်မတီဟာ (ICOLD)သို့ဝင်ရောက်ခြင်းအားဖြင့် (ICOLD) ရဲ့ အခြေအနေကို လေ့လာကြည့်တဲ့အခါမှာ (ICOLD) ဟာ ၁၉၂၈ ခုနှစ်က စတင်တည်ထောင်ထားတဲ့ အဖွဲ့ဖြစ်ပါ တယ်။ အစိုးရမဟုတ်သောပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပါတယ်။ အဖွဲ့ဝင်ပေါင်း တစ်သောင်းကျော်ရှိတယ်လို့ သိရှိရပါတယ်။ ပညာရှင်ပေါင်းမြောက်မြားစွာ ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ဓါတ်ခွဲခန်းများမှ ပုဂ္ဂိုလ်များ၊ ကန်ထရိုက်ကုမ္ပဏီများမှ ပုဂ္ဂိုလ်များ၊ စီးပွားရေး လုပ်ငန်းရှင်များ အများအပြား ပါဝင်တယ်လို့လည်း လေ့လာသိရှိရပါတယ်။ ကုလသမဂ္ဂ (UNESCO)နဲ့ လည်းချိတ်ဆက်ထားတယ်လို့လည်း ကျွန်တော်တို့ သိရှိရပါတယ်။ ဒါ ကြောင့်မို့ ICOLD ဟာ ဖွဲ့စည်းခဲ့တာနှစ်ပေါင်း (၇၀)ကျော်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီ ICOLD ကို ဝင်ရောက် ခြင်းအားဖြင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများရရှိခြင်း၊ အကြံဉာဏ်ကောင်းများရရှိခြင်း၊ ပညာရပ်ဆိုင်ရာနှီးနှော အကြံပြုချက်များရရှိနိုင်ခြင်း၊ သုတေသန ပြုထားတာတွေကို မျှဝေခံစား နိုင်ခြင်း၊ စာစောင်များရရှိနိုင်ခြင်း၊ နိုင်ငံတကာသို့ အင်ဂျင်နီယာများ ခြေဆန့်ဝင်ရောက်နိုင်ခြင်း အားသာချက် အား နည်းချက်များကို ဖေါ်ထုတ်နိုင်တ ယ်လို့ သုံးသပ်ရရှိပါတယ်။ အဲဒီတော့ ICOLD သို့ ဝင်ရောက်ပြီးအဖွဲ့ဝင်အဖြစ်ပါဝင်လှုပ်ရှား သွားသင့်ကြောင်း ထော က်ခံဆွေးနွေး လိုပါတယ်။ ICOLD ဟာ တမံအင်ဂျင်နီယာပိုင်းဆိုင်ရာ Dam အင်ဂျင်နီယာ နည်းပညာပိုင်း

ဆိုင်ရာ အတွေ့အကြုံဖလှယ်တဲ့နေရာမှာ ရှေ့ဆောင်အဖွဲ့အစည်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ Technical ကော်မတီများ ပါဝင်ဖွဲ့စည်းထားတဲ့အခါမှာ ဆည်တစ်ခု အောင်မြင်စွာ တည်ဆောက်ဖို့အတွက် အစပထမပိုင်းမှာ စီမံကိန်းလျာထားပေးခြင်း၊ ပုံထုတ် ရေးဆွဲပေးခြင်း၊ ဆောက်လုပ်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနဲ့ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့တယ်လို့ ဖော်ပြပါရှိပါတယ်။ ၁၉၆၀ ခုနှစ် နောက်ပိုင်းမှာ ဒီအဖွဲ့အစည်းကြီးဟာ ဆည်များရဲ့ လုံခြုံ ရေး၊ အကဲဖြတ်ချက်များပြုလုပ်ခြင်း၊ ဆည်တမံအဟောင်းများကို ပြန်လည် လေ့လာခြင်း၊ နှစ်ရှည် ကြာလာသည်နှင့်အမျှ အကျိုးသက်ရောက်မှုများကို လေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေတဲ့ကိစ္စများကို အာရုံစိုက် အကဲဖြတ်လေ့လာ ကြရန် ဖြစ်ပါတယ်။ မကြာသေးမီ ကာလက ဒီအဖွဲ့ကြီး ရဲ့ လုပ်ရှားမှုအသစ်အနေနဲ့ ကုန်ကျစရိတ်များကို ဆန်းစစ်ပေးခြင်း၊ နိုင်ငံတကာနှီးနှောဖလှယ်ပွဲများနဲ့ မြစ်ရေများကို နိုင်ငံတကာက ခွဲဝေအသုံးပြုခြင်း၊ ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ အခြားလူမှုရေး အကျိုးသက်ရောက်မှုများကို လေ့လာခြင်း၊ လူထုအကြား သတင်းအချက်အလ က်များကို ဖြန့်ဝေပေးခြင်း၊ ငွေအင်အားထောက်ပံ့ကူညီခြင်းတို့ ဖြစ်ပါတယ်။ အဲဒီတော့ ဖော်ပြပါလုပ်ငန်း (၁၅)ခုကို လေ့လာခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ တည်ဆောက်လတ္တံ့သော ဆည်များကိစ္စရပ်များမှာ ဆက်စပ်ပါဝင် ဆောင်ရွက်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒီလိုအကျိုးကျေးဇူးများရမယ်ဆိုရင် အဖွဲ့ဝင်အဖြစ် လျှောက်ထားတာကို စဉ်းစားသင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၅။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်

အမှတ်(၆)မှ ဦးမျိုးမြင့်ရဲ့တင်ပြချက်ဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနဲ့ အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင် (ICOLD) သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိ ရန် အမျိုးသားလွှတ်တော်မှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြတဲ့ အဆိုပြုချက်အပေါ် ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ရဲ့ တင်ပြချက်ကို ဖတ်ရှုတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ICOLD နဲ့ပတ်သက်လို့ ကျွန်တော်ရှေ့က ရှမ်းပြည်နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦး ရှုမောင် ဆွေးနွေးသွားခဲ့ပြီးဖြစ်ပါတယ်။ သို့သော် ICOLD နဲ့ပတ်သက်လို့ ကျွန်တော် အနည်းငယ်တော့ထပ်ပြီး တင်ပြချင်ပါတယ်ခင်ဗျား။ICOLD လို့ခေါ် တဲ့ အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင်ကို ၁၉၂၈ ခုနှစ်မှာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာစပြီး တည်ထောင်ခြင်း ဖြစ်ပါတယ်။ ယခုအခါတော့ အဖွဲ့ဝင်နိုင်ငံပေါင်း (၉၂)နိုင်ငံမှ တမံဆောက်လုပ်တဲ့ အင်ဂျင်နီယာ များ၊ ဘူမိဗေဒပညာရှင်များ၊ သိပ္ပံပညာရှင်များနဲ့ အစိုးရအဖွဲ့များ၊ ဆောက်လုပ်ရေးကုမ္ပဏီကြီး များမှ ကိုယ်စားလှယ်များ စုစုပေါင်း အဖွဲ့ဝင်ပေါင်းတစ်သောင်းကျော်နဲ့ ဖွဲ့စည်းထားတဲ့ NGO အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီကော်မရှင် အဖွဲ့ကြီးဟာ နှစ် စဉ်နှစ်တိုင်း နှစ်ပတ်လည်အစည်းအဝေးများပြုလုပ်ပြီး မိမိတို့ရဲ့ အတွေ့အကြုံများကို ဖလှယ်ကြခြင်း၊ နည်းပညာအသစ်များအပေါ် မှာ ဆွေးနွေးကြခြင်းနဲ့ တမံကြီးများနဲ့ ပတ်သက်တဲ့ ဒီဇိုင်းပုံစံ ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်းနဲ့ နည်းပညာဆိုင်ရာ သီးသန့်ဆွေးနွေးခြင်းများ၊ ပြောရရင်တော့ Purely Technical Discussion ကိုပဲ လုပ်တဲ့အဖွဲ့အစည်း လေးတစ်ခု ဖြစ်ပါတယ်။ ယခုနှစ် ၂၀၁၁ ခုနှစ်၊ မေလ (၂၉)ရက်ကနေပြီးတော့ ဇွန်လ (၃)ရက်နေ့ထိကိုလည်း ဆွစ်ဇာလန်နိုင်ငံ လူဆင်းဆိုတဲ့မြို့ မှာ အဖွဲ့ရဲ့ (၇၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကြီးကို ကမ္ဘာအနှံ့ က ကိုယ်စားလှယ်ပေါင်း (၉၀၀)ကျော်တက်ရောက်ပြီးတော့ စာတမ်းများကို ဖတ်ကြားတင်သွင်းခြင်း၊ အချင်းချင်း နည်းပညာဆွေးနွေးဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ အထူးသဖြင့် ဒီကော်မရှင်က ပညာရှင်များဟာ မြေငလျင်ပြင်းထန်စွာ လှုပ်တဲ့အခါတိုင်းမှာ ငလျင်သင့်တဲ့ နေရာဒေသများ ကိုသွား ပြီး တမံကြီးများရဲ့ ခံနိုင်ရည်အားကို သွားရောက်

စစ်ဆေးခြင်း၊ အနာဂတ်ကာလအတွက် ပိုမိုစိတ်ချရတဲ့ ဒီဇိုင်းများ ထုတ်လုပ်နိုင်ရေး သုတေသန ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပြီးတော့ အဖွဲ့ဝင်နိုင်ငံများကိုလည်း အချက်အလက်များကို ပေးပို့လျက်ရှိကြောင်း သိရှိရပါတယ်။ ကျွန်တော် တို့မြန်မာနိုင်ငံဆိုလို့ရှိရင်တော့ ရေအရင်းအမြစ်သယံဇာတ အထူးပေါကြွယ်ဝတာမို့ တည်ဆောက်ပြီး ၊ တည်ဆောက်ဆဲနဲ့ တည်ဆောက်မယ့် တမံကြီးတွေ အများအပြားရှိပါတယ်။ ကျွန်တော်တို့ ဦးမျိုး မြင့်ရဲ့ ပြောကြားချက်အရ သိရတာ ကတော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အမှတ် (၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန တည်ဆောက်ပြီးခဲ့တဲ့ ရဲရွာတမံကြီးဟာဆိုရင် RCC အမျိုးအစား Rain Force Smit ကွန်ကရစ်တမံ အမျိုးအစား ဖြစ်ပြီးတော့ တည်ဆောက်ပြီးစီးတဲ့အချိန်မှာ ကွန်ကရစ် သွန်းလောင်းမှု ပမာဏအနေနဲ့ ကမ္ဘာ့အဆင့် (၅)၊ တမံအမြင့် Total Hight ဆိုရင် ကမ္ဘာ့အဆင့်(၃) နဲ့ ကွန်ကရစ်သွန်းလောင်းနိုင်မှု စံချိန် Rate Of Complacement မှာဆိုရင် အဆင့်(၁)ထိကိုရရှိထားတဲ့ ကမ္ဘာ့ အဆင့်မီ စာရင်းဝင်တဲ့တမံကြီးတစ်ခု ဖြစ်ပါတယ်။ အခုကမ္ဘာ့အဆင့်မီ တမံကြီးများကိုလည်း ထပ်မံပြီး တည်ဆောက်နေကြောင်း သိရှိရပါတယ် ။ မနေ့တုန်းက အမျိုးသားလွှတ်တော် ကိုယ်စားလှ ယ်ကြီး ဦးမျိုးမြင့် ရဲ့ တင်ပြချက်အရ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တည်ဆောက်ပြီးနဲ့ တည်ဆောက်ဆဲ Large Dams စာရင်းဝင်တဲ့ တမံကြီးတွေ (၃၁)ခုရှိကြောင်း သိရှိရပါတယ်။ ဒီတမံကြီးတွေကိုလည်း ကျွန်တော်တို့ နိုင်ငံအတွက် မဆောက်မဖြစ်လို့ဆောက်ရတဲ့ တမံကြီးတွေ ဖြစ်ပါတယ်။ ဒီနေ့ တိုးတက်လာတဲ့ လူဦးရေအရ လိုအပ်တဲ့လျှပ်စစ်ဓာတ်အား Electricity ရရှိရေးအတွက် ဆောက်လုပ်ရမှာလည်း ဖြစ်ပါတယ်။ အရင် ကျွန်တော်တို့ ငယ်ငယ်တုန်းက လူဦးရေ (၄၅)သန်း၊ သန်း (၄၀)ရှိပါတယ်။ ယနေ့ လူဦးရေသန်း (၆၀)ဖြစ်နေပါပြီ။ ဒီသန်း (၆၀)အတွက် လိုအပ်တဲ့ လျှပ်စစ်စွမ်းအားအတွက် ကျွန်တော်တို့ ဒီတမံကြီးတွေ မဆောက်လို့ မဖြစ်တော့ပါဘူး။ တိုးတက်လာတဲ့ ခေတ်စနစ် အခြေအနေအရ ပြည်သူတို့ရဲ့ လိုအပ်ချက်ဖြစ်တဲ့ ရေခဲသေတ္တာတွေ သုံးချင်တယ်။ အဲယားကွန်းနဲ့လည်း နေချင်တယ်။ လျှပ်စစ် မီး ထိန်ထိန်လင်းလင်းလည်း နေချင် တယ်ဆိုတဲ့ ခေတ်ကြီးမှာ လိုအပ်တဲ့လျှပ်စစ် ဓာ တ်အားကို ကျွန်တော်တို့ အရင်ခေတ်တွေတုန်းက လို အင်ဂျင်စက်ကလေးနဲ့ မီးစက်ကလေးနဲ့မောင်းပြီး မီးပေးလို့မရတော့ပါဘူး။ ယခုလို တမံကြီးတွေ တည်ဆောက်ပြီးတော့ ဟိုက်ဒရိုပါဝါ ရရှိပြီးတော့မှသာ လုံလုံလောက်လောက်နဲ့ လျှပ်စစ်ဓာတ်အားတွေသုံးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန် တော်တို့တည်ဆောက်နေတဲ့ လျှပ် စစ်

ရေအား တည်ဆောက်ရေးလုပ်ငန်းတွေ၊ တမံတွေတည်ဆောက်တာတွေ ကျွန်တော်တို့ မလွဲမသွေ လက်ခံရမှာဖြစ်သလို မလွဲမသွေလုပ်ဆောင်ရမယ့် လုပ်ငန်းလည်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ ဒီတမံကြီးတွေကို ဆောက်ပေးရင်းနဲ့ ဖြစ်လာမယ့် မမြင်ရတဲ့သဘာဝဘေးအန္တရာယ်ကိုလည်း ခံနိုင်မှု၊ သဘာဝဘေး အန္တရာယ်ကိုလည်း ကျော်လွှားနိုင်မှု အသိပညာတွေ၊ နည်းပညာတွေ၊ အတတ်ပညာတွေ၊ ခေတ်မီဒီဇိုင်းပညာတွေ နားလည်တတ်ကျွမ်းဖို့လည်း လိုအပ်ပါတယ်။ ဒီအတွက်ကိုလည်း ကြိုတင်တွက်ဆထားဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ပြီးခဲ့တဲ့ နာဂစ်လိုဘေးအန္တရာယ်မျိုး၊ တာချီလိတ်ငလျင်လို သဘာဝဘေးအန္တရာယ်မျိုး ပေါ်လာလို့ရှိရင် ဒီတမံကြီးတွေ ခံနိုင်ရည်ရှိဖို့ ဒီဇိုင်းတွေ နည်းပညာတွေ ခေတ်နဲ့အညီတည်ဆောက်နိုင်ဖို့ လိုပါတယ်။ အင်ဂျင်နီယာအဆောက်အဦတိုင်းမှာ နှစ်စဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ လိုအပ်ပါတယ်။ ဆောက်လုပ်ထားတဲ့ နှစ်ကာလကြာတာနဲ့အမျှ ခိုင်ခန့်မှုတွေကို မျက်ခြည်မပြတ် စစ်ဆေးနေဖို့လည်းလိုပါတယ်။ ဒါဟာ နောင်လာမယ့် လေးငါးဆယ်နှစ်တစ်ခု ဆယ့်ငါးနှစ်တစ်ခု ကို တင်ပြနေတာမဟုတ်ပါဘူး။ နှောင်နှစ် ပေါင်းရာချီပြီးတော့ တမံကြီးများ ခိုင်ခန့်ဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ယနေ့တည်ဆောက်ပေးလိုက်တဲ့ ခုန ကျွန်တော် စောစော ပိုင်းက တင်ပြထားတဲ့ ရဲရွာရေလှောင်တမံဆိုလို့ရှိရင် RCC တမံအမျိုးအစားဖြစ်တဲ့အတွက် ခိုင်ခန့်မှုအားကောင်းပါတယ်။ ဒါဟာလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာမှုအရ ဒီ RCC တမံဆောက်လုပ်ပေးနိုင်တာဖြစ်ပါတယ်။ ယခင်အစိုးရတွေလက်ထက်တုန်းက ကျွန်တော်တို့ ဆောက်ခဲ့တာ များသောအားဖြင့် Earthen Dam တွေနဲ့ Rock-Filled Dam တွေပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ တမံကြီးများခိုင်ခန့်ရေးကိုလည်း ပေါ့ဆလို့မရပါဘူး။ နော င်နှစ်ပေါင်းရာကျော် နောင် ကျွန်တော်တို့ရဲ့သားစဉ်မြေးဆက်တွေအတွက် ခိုင်ခန့်တဲ့အထိ ဒီဇိုင်းရေးဆွဲဖို့၊ ထိန်းသိမ်းဖို့ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုပိုမိုခိုင်ခန့်အောင် နည်းပညာသစ် တွေ ရရှိဖို့ဆိုရင် ကျွန်တော်တို့ဟာ ရုန်းကန်ပြီးကြိုးစားနေရတဲ့ ခိုင်မာတဲ့အဖွဲ့ အစည်းဖြစ်တဲ့ ICOLD လို NGO အဖွဲ့အစည်းတစ်ခုမှာ ကျွန်တော်တို့အဖွဲ့ဝင်အဖြစ် ပါဝင်ပြီးတော့ ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံအတွက် အကျိုးကျေးဇူးအများကြီးရလာမယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။ အလျဉ်းသင့်လို့ ကျွန်တော်တင်ပြချင်တာက ဒီတမံတွေ ခိုင်ခန့်ရေးအတွ က် ထိန်းသိမ်းတင်ပြ ချင်တာက ကျွန်တော် ဟိုရဲရွာတမံထဲကိုတော့ ကျွန်တော်မရောက်ဖူးပါဘူး။ ဒါပေမယ့် အသေးစိတ်

အခြေအနေကိုလည်း Maintenance လုပ်တဲ့ ဒီ Check လုပ်တဲ့ အခြေအနေလည်း ကျွန်တော်က မသိပါဘူး။ ဒါပေမယ့် ကျွန်တော်ရောက်ဖူးတဲ့ တမံကြီးတစ်ခု အကြောင်းကို တင်ပြ ချင်ပါတယ်။ လွန်ခဲ့တဲ့ (၂၅)နှစ်လောက်ကတော့ ဆွစ်ဇာလန်နိုင်ငံမှာရှိတဲ့ ဒီလိုပဲ RC Dams ကြီး တစ်ခုကို ရောက်ဖူးပါတယ်။ အခု ရဲရွာလိုပဲ အမြင့်ပေ (၅၀၀) လောက်ပဲ ရှိပါတယ်။ အမြင့်ပေ (၅၀၀) ဆိုတာဟာ ကျွန်တော်ပြင်ပမှာ အထပ် (၅၀) လောက်ရှိတဲ့ အဆောက်အဦးတစ်ခုရဲ့ အမြင့် ဖြစ်ပါတယ်။ ဒီအဆော က်အဦတစ်ခုကို သူတို့ထိန်းသိမ်းရေးက ကျွန်တော်တို့ အဆောက်အဦရဲ့ အရင် Drams တမံကြီးရဲ့ အတွင်းပိုင်းမှာ အောက်ခြေထိ ဆင်းမယ်ဆိုရင် ဓါတ်လှေကားနဲ့ ဆင်းရပါမယ်။ အထပ် (၅၀)လောက်ရှိတဲ့အတွက်ကြောင့် အထပ်တိုင်းအထပ်တိုင်းမှာလည်း Check Point တွေနဲ့ ဘယ်နေရာရေစိမ့်မလဲ။ ဘယ်နေရာ ရေဝပ်မလဲ။ ဒါတွေကိုလည်း Alarm System လုပ်ပြီးတော့ Check Point အတွက် ကျွန်တော်တို့ ရေဖိအားတိုင်းတဲ့ Barometer တွေ Pressure တိုင်းတဲ့ကိရိယာတွေကိုတပ်ပြီး သူတို့ ဒါကို လည်း ဝန်ထ မ်းတွေအဖွဲ့နဲ့ နေ့စဉ် မျက်မြင်စစ်ဆေးရေး Technical ဆင်းပြီးနောက် ကျွန်တော်တို့ပေါ်မှာ Control Room ကနေ Computer နဲ့ ဒီစနစ်တွေကို ထိန်း၊ ဘယ်နေရာမှာတော့ ဘယ်လိုချို့ယွင်းချက်တွေ ရှိတယ် ဆိုတာထားပါတယ်။ အဲဒီတော့ ဆိုလိုတာက ဒီနေ့ခေတ် နည်းပညာ လွန်ခဲ့တဲ့ (၂၅)နှစ်လောက်က နည်းပညာပါ။ ဒီနေ့ ဘယ်လောက်အထိ တိုးတက်နေတယ်ဆိုတာ ကျွန်တော်လည်းမသိပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ ကျွန်တော်တို့မှာရှိတဲ့ တမံကြီးတွေ ခိုင်ခန့်ရေးအတွက် ဒီလို ထိန်းထားတဲ့ အများတိုင်းတာ စစ်ဆေးတဲ့ နည်းစနစ်တွေ ဘာတွေသိဖို့ ဆိုလို့ရှိရင် ခေတ်ပညာ ရှေ့ကို ရောက်နေတဲ့ ICOLD လို အဖွဲ့ကြီးမှာ ကျွန်တော်တို့ နိုင်ငံပါဝင်ခြင်းအားဖြင့် လည်း ကျွန်တော်တို့နိုင်ငံအတွက် အကျိုးအများကြီးရှိမယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒီနေရာမှာ ဆက်ပြီး ကျွန်တော် တင်ပြချင်တာက ဒီလို ICOLD လို အဖွဲ့ဝင်ပြီးတော့ ကျွန်တော်တို့ နိုင်ငံမှာလည်း၊ မြန်မာနိုင်ငံမှာလည်း ခုနက ဦးဝင်းမြင့် တင်ပြခဲ့သလို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ ကော်မတီဖွဲ့စည်းပြီးတော့ တမံတွေဆောက်တဲ့ အင်ဂျင်နီယာ တွေ၊ ဘူမိဗေဒ ပညာရှင်တွေ၊ မိုးလေဝသ နဲ့ ဇလဗေဒ ပညာရှင်တွေစုပြီးတော့ မိမိနိုင်ငံမှာရှိတဲ့ တမံကြီးတွေ ခိုင်ခန့်ရေးကို မိမိအတိုင်းအတာနဲ့ ကော်မတီဖွဲ့ပြီးဆောင်ရွက်ကြသလို၊ အပြည်ပြည်ဆိုင်ရာတမံကြီးများ ကော်မရှင် (ICOLD) ကိုလည်း အဖွဲ့ဝင်အဖြစ် ဝင်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ရေရှည်၊ နောင်ဆိုရင် ကျွန်တော်တို့ ဒီလို ကမ္ဘာ့အဆင့်မီတမံကြီးတွေ

အများကြီးဖြစ်လာတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ လည်း အများကြီးလိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ကျွန်တော် တင်ပြချင်တာကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ တင်ပြချက်အဆိုဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင် (ICOLD) သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားရန် အဆိုကို လို က်လိုက်လှဲလှဲ ထောက်ခံ ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၈။**

**ဥက္ကဋ္ဌ၊** ။ ဆက်လက်ပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၈။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အစိုးရ ဒုတိယဝန်ကြီးတို့ အားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် (ICOLD) သို့ အသင်းဝင်အဖြစ် ပါဝင်ခွင့်ရရန်အဆိုကို ထောက်ခံတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ အဖက်ဖက်ကနေပြီးတော့ နိုင်ငံတကာနဲ့ ယှဉ်တွဲပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်လုပ်ကိုင်ပေးလျက် ရှိတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်အတွင်းမှာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်စေဖို့အတွက် ရေလှောင်တမံကြီးတွေကို လွန်ခဲ့တဲ့ ဆယ်စုနှစ်သုံးခု အတွင်းမှာ အရှိန် အဟုန်မြင့်တင် တည်ဆောက်လာတာနဲ့အတူ ယနေ့ရေအားလျှပ်စစ်ကဏ္ဍမှာ ပြည်တွင်း ၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ အပါအဝင် ယခင်ကထက် ပိုမိုကြီးမားတဲ့ ပိုမိုမြင့်မားတဲ့ ရေလှောင်တမံကြီး

တွေကို တည်ဆောက်ပြီးခဲ့တာရှိသလို ဆက်လက်ပြီး အကောင်အထည်ဖော်လျက်လည်း ရှိနေပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာမှာ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က ကမ္ဘာ့ဘဏ်၊ အာရှဘဏ်၊ ချေးငွေအကူအညီတွေနဲ့ ရေလှောင်တမံကြီးတွေကို နိုင်ငံခြားအတိုင်ပင်ခံ အင်ဂျင်နီယာတွေ ငှားရမ်းပြီးစီးတဲ့နောက်ပိုင်းမှာ Guide Line တွေအရ ကိုက်ညီမှု ရှိ /မရှိ အပြည်ပြည်ဆိုင်ရာ ပညာရှင်အဖွဲ့ စေလွှတ်စစ်ဆေးစေခြင်း စတာတွေကို ပြုလုပ်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အဆင့်အတန်းနဲ့ယှဉ်ရင် အတိုင်းအတာ တစ်ခုအထိ ထုထည်မြင့်မားတဲ့ ထုထည်ကြီးမားတဲ့ ရေလှောင်တမံကြီးတွေ တည်ဆောက်ပြီးစီးခဲ့ပေမယ့် လည်း အဆိုပါ အပြည်ပြည်ဆိုင်ရာ တမံကြီးများဆိုင်ရာ အဖွဲ့ အစည်းတွေနဲ့ ဆက်သွယ်အမြင်ဖလှယ်နိုင်ခဲ့တဲ့ အစဉ်အလာ အတွေ့အကြုံ မရှိသေးဘဲ ဆယ်စုနှစ် (၃)ခု နီးပါး နောက်ကျနေတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒါကြောင့် ၂၀၀၀ ပြည့်နှစ်၊ ဝန်းကျင်နောက်ပိုင်းမှာ စိုက်ပျိုးရေးကဏ္ဍနဲ့ ရေအားလျှပ်စစ်ကဏ္ဍတို့အတွက် တည်ဆောက်ပြီး တည်ဆောက်ဆဲနဲ့ စီမံလျာထားတဲ့ ရေလှောင်တမံကြီးတွေဟာ တမံအမြင့်အရလည်းကောင်း၊ ထုထည်ပမာဏအရလည်းကောင်း၊ အရေအတွက်အရလည်းကောင်း မြန်ဆန်စွာတိုးတက် လျက်ရှိပါတယ်။ အဲဒီလို တမံအမြင့်၊ တမံထုထည်၊ ရေလှောင်ပမာဏတွေအရ လွန်စွာကြီးမား လှတဲ့ ပေ (၅၀၀)ကျော်အမြင့်ရှိတဲ့ မဏိပူရရေလှောင်တမံဟာဆိုလို့ရှိရင် ချင်းပြည်နယ်နဲ့ ဆက်စပ်နေတဲ့ ကလေးမြို့နယ်အတွင်းမှာ ဆောင်ရွက်နေပါတယ်။ ပေ (၅၀၀) အထက် ရေအား လျှပ်စစ်တမံကြီးတွေ ကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ် စတဲ့နေရာတွေမှာ အသီးသီး အစီအရီ ဆောင်ရွက်နေဆဲ ဆောင်ရွက်သွားမှာဖြစ်လို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ အမြင်ချင်းဖလှယ်နိုင်ရေး အတွက် ပိုမိုဆက်ဆံ သွားဖို့လိုတယ်လို့ ယူဆပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ယခု အဆိုတင်သွင်းတဲ့ ICOLD နဲ့အတူ International Comission An Aviation And Drainage ICAD အဖွဲ့ဝင်နိုင်ငံအဖြစ် ရပ်တည်နေပြီးလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက မြန်မာအမျိုးသားကော်မတီအရပ်ရပ်ကို လက်ရှိမှာ တာ ဝန်ယူထားကြောင်း သိရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ဒီနေ့တိုးတက် ဖြစ်ထွန်းနေမှုတွေနဲ့အညီ လိုက်လျော ညီထွေ ဖြစ်စေဖို့အတွက် (International Technical Standard) တွေကို ကျင့်သုံးလျက် ရှိနေတဲ့ ကမ္ဘာ့အဖွဲ့အစည်းတွေနဲ့ ရင်ပေါင်တန်း လိုက်ပါနိုင်အောင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးမျိုးမြင့်တင် သွင်းတဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်(ICOLD)သို့ အသင်းဝင်အဖြစ် ပါဝင်ခွင့်ရရန်အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၀၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၂။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စု ဒုတိယ ဝန်ကြီး လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် (International Commission on Lar ge Dams ) ( ICOLD)သို့ အသင်းဝင်အဖြစ် ပါ ဝင်ခွင့် ရရှိရန်အဆိုကို ကျွ န်တော်ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်ထောက်ခံဆွေးနွေးတဲ့ အချက်ကို ဖတ်ကြားခွင့်ပြုပါရန်နှင့် အင်္ဂလိပ်စာအနည်းအကျဉ်းပါတဲ့အတွက် ခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္က ဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေတွင် နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍတို့ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရေလှောင်တမံကြီးငယ်များကို လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာနနဲ့ အမှတ် (၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့က အရှိ န်မြှင့် ဆောင်ရွက်လုပ်ကိုင် လျက်ရှိကြပါတယ်။ ယခုအခါ အဆိုပါ ဝန်ကြီး ဌာနများအောက်ရှိ လုပ်ငန်းဌာနများမှာ ဖြတ်သန်း ခဲ့ရသော အတွေ့အကြုံများအရ မိမိနိုင်ငံသားများ၏ ကြိုးပမ်းမှုသက်သက်ဖြင့် ဆောင် ရွက်နိုင်

သော ရေလှောင်တမံ အရွယ်အစားများမှာ အသေးစား၊ အလတ်စားများ အဆင့်သာရှိ သည်ဟုယူဆရပြီး အကြီးစားရေလှောင်တမံကြီးများ (Large Dams)ဥပမာအားဖြင့် အမြင့်ပေ(၃၀၀)၊ ပေ(၄၀၀) ပေ(၅၀၀)စသည့်အထက်တို့ကို ပညာရပ်ပိုင်းဆိုင်ရာအရလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု ငွေကြေးအတိုင်းအတာအရသော်လည်းကောင်း၊ နိုင်ငံခြားကို အမှီသဟဲပြုလုပ်ဆောင်နေကြရသေးတယ်လို့ နားလည်ထားပါတယ်။ ၁၉၈၈ ခုနှစ် မတိုင်ခင်ဆောင်ရွက်ပြီးစီးခဲ့ကြသော ရေလှောင်တမံကြီးအချို့ဟာ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဂျပန်နိုင်ငံ ပင်လယ်ရပ်ခြားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်း ဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့ (OECF)၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့ (IDA) စသည့်အဖွဲ့အစည်းများ၏ အထောက်အပံ့ အကူအညီနဲ့ ကျွမ်းကျင်မှုအပိုင်း၊ ငွေကြေးအပိုင်းတို့မှာ ပါ ဝင်ပူးပေါင်း ဆောင်ရွက်ခဲ့တယ်ဆိုတာလည်း ကိုယ်စားလှယ်တော်ကြီးများ သိရှိကြပြီးဖြစ်ပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံဟာ ရှေးကာလရှည်ကြာကတည်းက အပြည်ပြည်ဆိုင်ရာမှ လက်ခံကျင့်သုံး လျက်ရှိတဲ့ Technical Standard and Satisfaction များအဖြစ် British Standard (B.S) American Standard of Testing Material (ASTM) United State of Pure Recomnendation (USPR) စသည်တို့အသုံးပြုအကျွမ်းဝင်ရှိလာခဲ့သော နိုင်ငံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံမှာဆိုရင် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မယ့် ရေလှောင်တာတမံကြီးများအနက် တချို့ဟာဆိုရင် ထိပ်ပိုင်း ကမ္ဘာ့အကြီးမားဆုံးတမံကြီးများ ဆယ်ခုမှာပါ ဝင်နေတယ်လို့ ကျွန်တော် သိရပါတယ်။ အဆိုပါ ရေအားအဆောက်အဦးကြီးများရဲ့ လုံခြုံစိတ်ချရမှု (Structure Safety)၊ စီမံကိန်းစနစ်တကျ ချမှတ်ခြင်း (Project Formulation) အပါအဝင် စုံစမ်းလေ့လာမှုအပိုင်း Design ပိုင်းတို့ဟာ အလွန်အရေးကြီးတယ်ဆိုတာကို ကိုယ်စားလှယ်တော်ကြီးများကို အသိပေး တင်ပြလိုပါတယ်။ ယနေ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES)ရှိနေသော်လည်း အာဆီယံနိုင်ငံများအတွင်း ဆက်ဆံလုပ်ရှားမှုအဆင့်သာ ရှိနေတယ်လို့ယူဆပြီး ကမ္ဘာ့အဆင့်အတန်းမီ ရေအားအဆောက်အဦကြီးများ၊ ရေအားလျှပ်စစ် အဆောက်အဦကြီးများဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို တိုးတက်သော ကမ္ဘာ့နိုင်ငံများနဲ့ ဆက်သွယ် ဖလှယ်နိုင်မှုအဆင့်မရှိသေးပါလို့ သုံးသပ်လိုပါတယ်။ ICOLD အဖွဲ့ဝင်အဖြစ် ပါ ဝင်ခွင့်ရရှိပါက အဆိုပါဆွေးနွေးတင်ပြခဲ့သည့် ကမ္ဘာ့အဆင့်အတန်းမီ ရေလှောင်တမံကြီးများမှာ ပေါ်ပေါက်လာတဲ့ Technical Challenge ကို ရင်ဆိုင်နိုင်မှာ

ဖြစ်တယ်လို့ သုံးသပ်လိုပါတယ်။ ဒီကနေ့ ကမ္ဘာ့နိုင်ငံများ (Globalization) အခြေအနေပေါ် ရပ်တည်ကြပြီး ဘက်ပေါင်းစုံ ဆက်သွယ်ဆောင်ရွက်မှုများဟာ မြန်ဆန်လျက်ရှိနေပါတယ်။ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်များ (International Conferences )၊ ဆွေးနွေးပွဲများ (Congress) များဟာ စိုက်ပျိုးရေးဆိုင်ရာ ရေလှောင်တမံကြီးများ (Irrigation Dams)၊ ရေအားလျှပ်စစ်ဆိုင်ရာ ရေလှောင်တမံကြီး များ (Hydropower Dams)တို့ အပါအ ၀င် ဘက်စုံရေလှောင်တမံစီမံကိန်း ကြီးများ (Multipurpose Dams Project) များအပေါ် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံအတော် များများ တစ်နေရာမဟုတ် တစ်နေရာမှာ လစဉ် တွေ့ဆုံကျင်းပပြုလုပ်ပြီး အမြင်ချင်းဖလှယ် နေကြတာကိုလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း (Non Governmental Professional Organization ) ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာတမံကြီးများကော်မရှင် (ICOLD) သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင် ငံ တမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီ (Myanmar National Committee on Large Dams) (MNCOLD)ကို အဓိက ၀န်ကြီးဌာနနှစ်ခုဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ၀န်ကြီးဌာနနဲ့ အမှတ် (၁) လျှပ်စစ်စွမ်းအား၀န်ကြီးဌာနတို့အောက်ရှိ လုပ်ငန်းဌာနများပါ ၀င်ပြီး အခြားဆက်စပ်၀န်ကြီးဌာနများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ သိပ္ပံနှင့် နည်းပညာ တက္ကသိုလ်များနဲ့ အကျိုး ၀င်လုပ်ငန်းတွေ ပါ ၀င်ကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ စသည်တို့ ပါ ၀င်ဖွဲ့စည်းပြီး အဖွဲ့ ၀င်နိုင်ငံအဖြစ် ၀င်ရောက်သင့်ပါကြောင်းနှင့် ဤသို့ ဖွဲ့စည်းပြီးပါက အပြည်ပြည် ဆိုင်ရာကျွမ်းကျင်မှု ပူးပေါင်း ဆက်သွယ်မှု (International Technical Access ) ရရှိပြီး မြန်မာနိုင်ငံအတွင်း သယံဇာတ အရင်းအမြစ်များ ထုတ်ယူအသုံးပြုခြင်းနှင့် ဆက်စပ်နေသော ရေအားအဆောက်အဦကြီးများ တည်ဆောက် အကောင်အထည်ဖော်ရာတွင် စီမံကိန်းစနစ်တကျ မှတ်ချက်ချမှတ်ခြင်းတို့ကို နိုင်ငံတော်အတွက် အကျိုးရှိစွာ ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ခြင်းတို့ကြောင့် မန္တလေးတိုင်း ဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွ င်းသွားတဲ့ အဆိုကို လေးလေးနက်နက် ကျွန်တော်ထောက်ခံအပ်ပါတယ် ခင်ဗျား။ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၅း၁၀။**

**ဥက္ကဋ္ဌ။** ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၀။**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)** ။လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလို့ ဂါရ ဝပြုအပ်ပါတယ်။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီး များဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် တမံကြီးများ၏ အပြည်ပြည်ဆိုင်ရာ ကော်မရှင် (International Commission on Lar ge Dams ) ( ICOLD) အသင်းဝင်အဖြစ် ပါဝင်ခွင့်ရရှိရန်ဟူသော အဆိုအပေါ် ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်ဇော်မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့်တမံကြီးများ၏ အပြည်ပြည်ဆိုင်ရာကော်မရှင်(International Commission on Lar ge Dams ) (ICOLD) အသင်းဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် အဆိုတင်သွင်းသည့် အမျိုးသားလွှ တ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့်တကွ အဆိုကို ထောက်ခံဆွေးနွေးကြသော လွှတ်တော် ကိုယ်စားလှယ်အားလုံးကို ယခုကဲ့သို့ ဖြေကြားခွင့်ရရှိတဲ့အတွက်ကြောင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် စိုက်ပျိုးရေရှိရေး၊ ရေ ဘေးကာကွယ်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတို့တွင် အမြင့်ပေ(၂၀) အောက်ရှိ အသေးစား၊ အလတ်စား ရေလှောင်တမံကြီးများ၊ အမြင့်ပေ (၂၀၀) အထက်ရှိ ရေလှောင်တမံကြီးများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတို့မှ လက်ရှိတည်ဆောက် တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း အဆိုပါ ဝန်ကြီးဌာနနှစ်ခုအပြင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ် JV/BOT များလည်း ရှိပါတယ်။ လက်ရှိ တွင် ပြည်တွင်းကုမ္ပဏီများ ပါ ဝင်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားကုမ္ပဏီများလည်း ဆက်လက်ပါဝင်ဆောင်ရွက်လာနေပါတယ်။ ရေလှောင်တမံများတည်ဆောက်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ

အခက်အခဲများကို တိုင်ပင် ဖြေရှင်းနေရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ရာ မြန်မာနိုင်ငံနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် ကြီးများမှ တင်ပြသော ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ဌာနချုပ်ရုံးစိုက် ဖွင့်လှစ်ထားတဲ့ အစိုးရနှင့် သက်ဆိုင်ခြင်းမရှိသော အဖွဲ့အစည်း (Non Governmental International Organization ) ဖြစ်တဲ့ တမံကြီး အပြည်ပြည်ဆိုင်ရာ ကော်မရှင် (ICOLD) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခြင်းဖြင့် နိုင်ငံတကာနဲ့ ဆက်သွယ် ဆောင်ရွက်မှုရရှိလျှက် သက်ဆိုင်ရာ ပညာရပ်ပိုင်းမှာ ရင်ဘောင်တန်းပြီး လိုက်နာပါမယ်လို့ သုံးသပ်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ (ICOLD) ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ပါက လိုအပ်သော ကျွမ်းကျင်မှု အကြံဉာဏ်များရယူခြင်း၊ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပညာရပ်ပိုင်းဆိုင်ရာ တွေ့ဆုံ နှီးနှောဖလှယ်ရယူနိုင်ခြင်း၊ သုတေသနတွေ့ရှိချက်များကို စဉ်ဆက်မပြတ် မျှဝေမှုရရှိနိုင်ခြင်း၊ ပြည်တွင်းအင်ဂျင်နီယာများ၊ နိုင်ငံတကာတွင် ဂုဏ်ဆံ့နိုင်ရန် လမ်းပွင့်ခြင်း စသည့် အခွင့်အရေးများကို ရရှိနိုင်မှာဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကို ဖွဲ့စည်းထားခြင်းကြောင့် အာဆီယံနိုင်ငံများနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ICOLD သို့ အဖွဲ့ဝင်ဖြစ်ခဲ့ပါက နိုင်ငံတကာတွင် ပါဝင်ဆက်သွယ် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams ) (MNCOLD) ကို ဖွဲ့စည်းပြီး တာတမံကြီးများ၏ အပြည်ပြည်ဆိုင်ရာကော်မရှင် (ICOLD)သို့ အဖွဲ့ဝင်နိုင်ငံ အဖြစ်ပါဝင်ရန်သင့်ပါကြောင်း တင်ပြလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းပုံမူကြမ်း (Constitution of Myanmar National Committere on Large Dams) (Draft)ကို ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်က အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ သဘောထားတင်ပြချက်ရယူပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်အကောင်အထည် ဖော်နိုင်ခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။ သို့ပါ၍ ဘာသာရပ်နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ တိုင်းရင်းသားကုမ္ပဏီကြီးများနှင့် NGO များဖြင့် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams ) ( MNCOLD) ကိုဖွဲ့စည်းခြင်း

ကော်မတီ၏ဖွဲ့စည်းပုံနှင့် မူဝါဒရေးရာရေးဆွဲခြင်းနှင့် သင့်လျော်သည့်ဝန်ကြီး ဌာနတစ်ခုကို တာဝန်ခံဆက်သွယ်နိုင်မည့်ဌာန (Focal Point ) သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် (ICOLD) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ပူးပေါင်းရန် စီမံ ဆောင်ရွက်သင့်ပါကြောင်း တင်ပြချက်အဆိုကို ရှင်းလင်းဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာတမံ ကြီးများ ကော်မရှင် (ICOLD) သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း ထောက်ခံ သွားပါတယ်။ ဒါကြောင့် အဆိုကို အတည်ပြုနိုင်ဖို့ သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံး အဖြတ် ရယူပါမယ်။

ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ) နည်းဥပဒေ ခွဲငယ် (၃)အရ မတ်တတ် ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်၊ ယခု အဆိုကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရာများမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီ။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးနဲ့ အထက်ရှိတဲ့ အတွက် ဦးမျိုးမြင့်ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)(ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ)၏ ပြည်သူတို့ဘဝ ဥပဒေနှင့်အညီ အေးချမ်းသာယာ စိတ်ချမ်းသာစွာဖြင့် လူနေမှုဘဝလုံခြုံစွာ နေထိုင်နိုင်ရေးအတွက်တာဝန်ရှိသူအဆင့်ဆင့်တို့က ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၅:၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ)က ပြည်သူတို့ဘဝ ဥပဒေနှင့်အညီ အေးချမ်းသာယာ စိတ်ချမ်းသာစွာဖြင့် လူနေမှုဘဝ လုံခြုံစွာနေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့ က ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ပါရန်နှင့်စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးအောင်ငြိမ်းက အဆိုတင်သွင်း ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၁၈။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အရ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နဲ့ နည်းဥပဒေ ၇၉ နှင့်အညီ ၂၀၁၁ ခုနှစ် ဩဂုတ်လ (၈)ရက် ရက်စွဲပါ အမျိုးသားလွှတ်တော် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၁)ဖြင့် ဖွဲ့စည်းပေးခဲ့သော ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်သူလည်း ဖြစ်ပါတယ်ခင်ဗျား ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော့်အနေနဲ့ ပြည်သူတို့ဘဝ ဥပဒေနဲ့အညီ အေးချမ်းသာယာစိတ်ချမ်းသာစွာဖြင့် လူနေမှုဘဝ လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် ဥပဒေနဲ့အညီ ဆောင်ရွက်လုပ်ကို င်နိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို ပြည်သူတို့အကျိုးစီးပွားအလို့ငှာ

အဆိုပြုတင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာကို အချက်အလက်များ ကိန်းဂဏန်းများပါရှိတဲ့အတွ က် ဖတ်ကြား တင်သွင်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်ငြိမ်း၊မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျွန်တော်တို့ရဲ့ ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကို ဥက္ကဋ္ဌအပါအဝင် လွှတ်တော် ကိုယ်စားလှယ် (၇) ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ အဓိကတာဝန်များက တော့ (၁) ပြည်သူတို့က လွှတ်တော်ကို အားကိုးစွာဖြင့် တင်ပြလာသော တိုင်ကြားစာများနှင့် အသနားခံစာများရဲ့ မှန်ကန်မှုကိုလေ့လာစိစစ်ရပါတယ်။ (၂) တရားရုံးတစ်ရုံးရုံးက ဆုံးဖြတ်ချက် ချမှတ်ခြင်းမပြုရသေးသော ကိစ္စများမှအပ မှန်ကန်သောတိုင်ကြားချက်များအတွက် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဖြေရှင်းပေးရပါမယ်၊(၃)မှန်ကန်မှု မရှိသော တိုင်ကြားစာနှင့်အသနားခံစာများအတွက် အကျိုးအကြောင်း ရှင်းလင်းဖော်ပြ၍ ပြန်ကြားရပါမယ်။ (၄) တိုင်ကြားစာနှင့် အသနားခံစာများအနက် အများပြည်သူအကျိုးစီးပွားနှင့် ဆက်စပ်သောကိစ္စများကို လွှတ်တော်သို့ အဆိုအဖြစ် တင်ပြရပါမယ်။ (၅) ကောင်းမွန်သော အုပ်ချုပ်မှု နှင့် သန့်ရှင်းသော အစိုးရတစ်ရပ်ဖြစ်ပေါ်လာရေးအ တွက် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြော င်းကြားအသိပေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ရ မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော်ရုံးမှ ၈.၈.၂၀၁၁ ရက်နေ့တွင် ပြည်သူတို့ထံမှ တင်ပြထားသော တိုင်ကြားစာများ အသနားခံစာများ တင်ပြစာများ စုစုပေါင်း (၁၀၅) စောင်ကို စတင်လက်ခံရရှိခဲ့ပါတယ်။ ထို့အပြင် ၂၄.၈.၂၀၁၁ ရက်နေ့တွင် တိုင်ကြားစာ အသနားခံစာ (၃)စောင်၊ ၂၅.၈.၂၀၁၁ ရက်နေ့တွင် ထပ်မံ၍ (၄)စောင် လက်ခံရရှိခဲ့ပါတယ်။ ထို့ကြောင့် ပြည်သူတို့၏ တိုင်ကြားစာ၊ အသနားခံစာ၊ တင်ပြစာများ စုစုပေါင်း (၁၁၂)စောင်ကို လက်ခံရရှိပြီး ကော်မတီအနေနဲ့ စိစစ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ဆိုင်ရာ ကော်မတီအနေဖြင့် ၈.၈.၂၀၁၁ ရက်နေ့ စတင်ဖွဲ့စည်းပေးခဲ့သည့် နောက်ပိုင်း

၉.၈.၂၀၁၁ ရက်နေ့မှ စပြီးတော့ ပြည်သူတို့ရဲ့တိုင် ကြားစာ အသနားခံစာ တင်ပြစာများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၆.၈.၂၀၁၁ ရက်နေ့အထိ တိုင်ကြားစာ၊ အသနားခံစာများ စုစုပေါင်း(၁၁၂)စောင်ကို စိစစ်ဆောင်ရွက်ပြီး ဖြစ်ပါတယ် ခင်ဗျား။ ဆက်လက်ပြီးလည်း ထပ်မံ ရောက်ရှိလာသော တိုင်ကြားစာ၊ အသနားခံစာများကိုလည်း ယနေ့အထိ စိစစ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်လက်ဆောင်ရွက်ဆဲလည်း ဖြစ်ပါတယ်ခင်ဗျား။ အသေးစိတ် ကို ထပ်မံတင်ပြရလျှင် ကျွန်တော်တို့ ၉.၈.၂၀၁၁ မှ ၂၆.၈.၂၀၁၁ အထိ စိစစ်ဆောင်ရွက်ပြီး တင်ပြပြီး (၁၁၂)စောင်၊ ၂၆.၈.၂၀၁၁ နောက်ပိုင်း ယနေ့အထိ ထပ်မံ စိစစ်ဆောင်ရွက်တင်ပြပြီး (၄၅)စောင်၊ စိစစ်ပြီးတင်ပြရန် အသင့်ပြုစုပြီး (၁၄)စောင်၊ စိစစ်ဆောင်ရွက်ဆဲ (၇)စောင် ဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ယနေ့ အထိ အားလုံး တိုင်ကြားစာ၊ အသနားခံစာ စုစုပေါင်း လက်ခံရရှိပြီး (၁၇၈)စောင် ရှိကြောင်းတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ မိမိတို့ကော်မတီကို တာဝန်ပေးထားတဲ့ လုပ်ငန်းများမှာပါရှိတဲ့ တိုင်ကြားသူ၊ ကာယကံရှင်များထံ နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းခြင်း ၊ ပြည်သူတို့ထံ ဖြေရှင်းပြန်ကြားခြင်း တို့ကို ဆောင်ရွက်ရာမှာ (၂၃)စောင် ကျွန်တော်တို့ ပြန်ကြားဆောင်ရွက်ပြီး ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၆.၈.၂၀၁၁ ရက်နေ့အထိ စိစစ်ပြီးသော ပြည်သူတို့၏ တိုင်ကြားစာ၊ အသနားခံစာများ အနေဖြင့် တိုင်ကြားစာအမျိုးအစား၊ အကြောင်း အရာနှင့် လိုလားချက်များ တူညီရာ စုစည်းတင်ပြရပါက ရပ်ကွက်အုပ်ချုပ်ရေး၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူး ကိစ္စရပ်များ (၅)စောင်၊ လယ်ယာမြေသိမ်းဆည်းမှုများ (၁၂)စောင်၊ အိမ်ခြံမြေကိစ္စရပ်များ (၁၀)စောင်၊ တရားရုံးအမှုအခင်းကိစ္စရပ်များ(၁၃)စောင်၊ နိုင်ငံတော်အစိုးရ ပြည်သူပတ်သက်မှု (၂၆)စောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ ကိစ္စ(၄)စောင်၊ လွှတ်တော်ကိုယ်စားလှယ်များကိစ္စ (၁၄)စောင်၊ ဥပဒေရေးရာကိစ္စ (၂)စောင်၊ သာသနာရေးရာ ဆိုင်ရာကိစ္စ (၃)စောင်၊ ပုဂ္ဂိုလ်ကိုယ်ရေး တင်ပြစာများ (၉)စောင်၊ အကြံပြု တင်ပြစာများ (၇)စောင်၊ တပ်မတော်ဆိုင်ရာကိစ္စ (၁)စောင်၊ ဌာနဆိုင်ရာအထွေထွေကိစ္စ (၆)စောင်တို့ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ကို စိစစ်တွေ့ရှိချက်များအရ နိုင်ငံတော်အစိုးရ ၊ ဌာနဆိုင်ရာနှင့် ပြည်သူ ပတ်သက်မှု အများဆုံး

တိုင်ကြား အသနားခံသည်ကို တွေ့ရှိရပါတယ်ခင်ဗျား။ စိစစ်တင်ပြပြီးသော (၁၁၂)စောင်အပေါ် စိစစ်တွေ့ရှိချက်များအရ အများဆုံးတိုင်စာ၊ အသနားခံစာဆိုင်ရာ အကြောင်းအရာများ ကတော့ နိုင်ငံတော်အစိုးရ ပြည်သူ့ပတ်သက်မှု (၂၆)စောင်၊ လွှတ်တော် ကိုယ်စားလှယ်များ ကိစ္စ (၁၄)စောင်၊ တရားရုံးအမှုအခင်းများကိစ္စ (၁၃)စောင်၊ လယ်ယာမြေသိမ်းဆည်းမှုများ (၁၂)စောင်၊ အိမ်ခြံမြေကိစ္စများ (၁၀)စောင်၊ ပုဂ္ဂို လ်ရေးတင်ပြစာ (၉)စောင်နဲ့ ဌာနဆိုင်ရာအထွေထွေ (၆)စောင်၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးကိစ္စ (၅)စောင် တို့ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့ပြင် နိုင်ငံတော်မှ ထုတ်ပြန်ထားတဲ့ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို တာဝန်ရှိသူအဆင့်ဆင့်တို့က လို က်နာအကောင်အထည်ဖော် ဆောင်ရွက်မှုအားနည်းနေခြင်းကြောင့် ဖြစ်ကြောင်းကိုလည်း စိစစ်ဖော်ထုတ် တွေ့ရှိရပါတယ်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်မှ လိုက်နာဆောင်ရွက်ကြပါလျှင် ပြည်သူတို့၏တိုင်ကြားစာ၊ အသနားခံစာများလည်း ရှိလာမည်မဟုတ်ပါခင်ဗျား။ တာဝန်ရှိသူအဆင့်ဆင့်တို့မှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်း အတိုင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြတဲ့အတွက် ပြည်သူတို့၏ရင်ထဲမှာ တွေ့ကြုံခံစားနေရမှုများကို အားကိုးတကြီး ရင်ဖွင့်တင်ပြ တိုင်ကြားကြခြင်းသာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ကောင်းမွန်သော အုပ်ချုပ်မှုစနစ်သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့အနေနဲ့ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေများ စည်းမျဉ်းစည်းကမ်းများညွှန်ကြားချက်များကို တိတိကျကျလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင် ပါရန်နှင့် ဥပေ ဒေပြင်ပမှာ ဆောင်ရွက်နေသူများ ၊ စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်နေသူများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွား နိုင်ပါရန် အထူးအလေးထား လုပ်ဆောင်သွားရန် လိုအပ်မှာဖြစ်ပါတယ်။ ပြည်သူတို့၏ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာ ကော်မတီအနေနဲ့ ပြည်သူ့အသံ လွှ တ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ ၊ ပြည်သူတို့မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နဲ့အညီ အများပြည်သူအကျိုးစီးပွားအတွက် ရှေး ရှုလျက် ပြည်သူတို့ဘဝဥပဒေနှင့်အညီ အေးချမ်း သာယာစိတ်ချမ်းသာစွာဖြင့် ဘဝလုံခြုံစွာနေထိုင်နိုင်ရေး အတွက် တာ ဝန်ရှိသူအဆင့်ဆင့်တို့က ဥပဒေနဲ့အညီ ဆောင်ရွက် လုပ်ကိုင်နိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်း ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၅း၁၀။**

**ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအောင်ငြိမ်း ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ( ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ )၏ ပြည်သူတို့ဘဝဥပဒေနဲ့အညီ အေးချမ်းသာယာ၊ စိတ်ချမ်းသာစွာဖြင့် လုံခြုံသောဘ ဝ၊ လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ဥပဒေနဲ့အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ငြိမ်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်သူတို့ဘဝဥပဒေနဲ့အညီ အေးချမ်းသာယာ ၊ စိတ်ချမ်းသာစွာဖြင့် လူနေမှုဘ ဝ လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် တာ ဝန်ရှိသူအဆင့်ဆင့်တို့က ဥပဒေနဲ့အညီ ဆောင်ရွက်လုပ်ကိုင် နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဖြစ်ပါတယ်။ ဒါကြောင့်အဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့ အတွက် ဦး အောင်ငြိမ်း ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးအောင်ငြိမ်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၏ မတော်တဆထိခိုက်မှု အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက်ဘေးကင်းလုံခြုံရေးအရာရှိ(Safety Officer) ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၅း၃၆။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က မတော်တဆထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ် နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေးအရာရှိ (Safety Officer )ခန့်ထားနိုင်ရန်နှင့် စပ်လျဉ်း တဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးဖုန်းမြင့်အောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့ အချက်ကတော့ ကျွန်တော်တို့ ထိခိုက်အန္တရာယ်များ မဖြစ် ပေါ်စေရန်အတွက် Safety နဲ့ ပတ်သက်တဲ့ အစီအစဉ်တွေ လုပ်ဆောင်ဖို့ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက ဒါကလည်း ကျွန်တော့်အတွေ့အကြုံအရ တစ်ချိန်တုန်းက ကျွန်တော် ပြည်ပ နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ် လုပ်ဖူးပါတယ်။ ဒီကုမ္ပဏီရဲ့ ပင်ရင်းအခြေစိုက်ကတော့ စက်မှုနိုင်ငံကြီးတစ်ခုမှာ အခြေစိုက်ပါတယ်။ အဲဒီမှာ လုပ်ရင်းနဲ့ ကျွန်တော်တွေ့ကြုံခဲ့ရ တာကတော့ အဲဒီကုမ္ပဏီမှာ ကျွန်တော်တို့ လုပ်ရင်းနဲ့ သူတို့အဲဒီကုမ္ပဏီမှာ Safety Officer ဆိုတဲ့ တစ်ယောက်ကို ခန့်ထားတယ်ဗျ။ အဲဒီ Officer ကတော့ သူ့ဘာအလုပ်မှ မရှိဘူး။ ကျွန်တော်တို့ အလုပ်လုပ်နေတဲ့ သူများကို လာပြီးတော့ကြည့်တယ်။ ကြည့်ပြီးတော့ ကျွန်တော်တို့

လုပ်တာကိုင်တာတွေမှာ အချိုးမကျတာတွေ၊ ထိခိုက်အန္တရာယ်ဖြစ်နိုင်တယ်ဆိုလို့ရှိရင် သူတို့က တားတယ်ခင်ဗျ။ တားပြီးလို့ရှိရင် အဲဒါတွေကို ဒီလို ဒီလို ပြင်ပြီးလုပ်ပါပေ့ါဗျာ။ သူတို့ကပြော တယ်။ ကျွန်တော်တို့ဘက်ကို သွားပြီးလို့ရှိရင် တခြားဘက်ကို သူသွားတယ်။ သွားပြီးလို့ရှိရင်လည်း အဲဒီမှာ စက်ယန္တရားကြီးတွေနဲ့ လုပ်နေတဲ့သူတွေ တွေ့လို့ရှိရင်လည်း ကြည့်တယ်။ ကြည့် ့ပြီးလို့ ရှိရင် သူမကြိုက်လို့ရပ်ခိုင်းတယ်။ ရပ်ပြီးဒါကို ပြန်ပြီးလုပ်ခိုင်းတယ်။ ပြင်ပြီးလုပ်ခိုင်းတယ်ပေ့ါ။ အဲဒီလိုသူက ပြောတယ်။ တိုက်ရိုက်အနီး ကပ် ညွှန်ကြားတဲ့အပြင် တစ်ခါတ လေကျလို့ရှိရင် ကျွန်တော်တို့ လုပ်တာကိုင် တာတွေက သူမကြိုက်ဘူး ဆိုလို့ရှိရင် ကျွန်တော်တို့ကို Warning Letter ဆိုပြီးပေးတယ်ဗျ။ ကျွန်တော်တို့မှာလည်း Warning Letter ရလို့ရှိရင် ဖြေရှင်းချက်တွေ ပေးရတယ်။ ဒီလိုစာတွေ ခဏခဏ ရလို့ရှိရင်လည်း ကိုယ့်အတွက် ထိခိုက်တာ တွေရှိလို့ ကျွန်တော်တို့က သူ့ဆိုလို့ရှိရင် အမြဲတမ်းဂရုစိုက်နေရတယ်။ သူလာတာနဲ့ကို ကျွန်တော်တို့က ကိုယ်စီလုပ်တဲ့အလုပ်ကလေးက အန္တရာယ်ကင်းကင်း လုပ်နိုင်အောင်လို့ ပြင်တာပြင်၊ ဆင်တာ ဆင် လုပ်ရပါတယ်။ ဒီလူက တစ်ခါ သူက ကားသမားတွေဆိုရင်လည်း အနီးကပ် သွားကြည့် တယ်ခင်ဗျား။ ကားတစ်စီးကို သူမောင်းလို့ရှိရင် Driver ရဲ့ နေပုံထိုင်ပုံတွေ ကြည့်တယ်။ ကျွန်တော်တို့ ဒီ Driver ထိုင်ခုံကလည်း လန်းလန်းဆန်းဆန်း ရှိနေတဲ့ပုံပေါ်မှ မှိုင်တိုင်တိုင်ပုံတွေ ဖြစ်နေတဲ့ပုံဆို မဖြစ်ဘူးဗျ။ သောက်စားထားတဲ့ ပုံမျှားတွေ့လို့ရှိရင်တော့ On the Spot ပြုတ်ကောဗျ။ ဒီလိုကျွန်တော်တို့ Safety Officer တွေနဲ့လုပ်ခဲ့တာမှာ လုပ်ငန်းစဥ် အနည်းငယ် တော့ အခက်အခဲတွေ တွေ့ပေမယ့် အန္တရာယ်မရှိခဲ့တာတွေ့ရပါတယ်။ ကျွန်တော့်သူငယ်ချင်း အချို့ သင်္ဘောကျင်းမှာလုပ် နေတဲ့သူတွေက ပြောပါတယ်။ သူတို့သင်္ဘောကျင်းမှာဆိုရင် တကယ့် အန္တရာယ်ရှိတဲ့ လုပ် ငန်းကြီးတွေ သင်္ဘောကြီးတွေ ၊ ပစ္စည်းတွေ ကုန်တင်ကုန်ချလုပ်နေကြတဲ့ နေရာမှာလည်း Safety Officer တွေထားတယ်။ Safety Officer အနီးကပ်ညွှန်ကြားပြီးတော့ ညွှန်ကြားချက်အတိုင်း သူတို့ လုပ်ကိုင်နေကြတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေရဲ့ အတွေ့အကြုံအရ ကျွန်တော်တို့ ရခဲ့ရတာပေ့ါ။ သူတို့ လူမျိုးတွေက Safety နဲ့ပတ်သက်ရင် တော်တော်သဲကြီးမဲ ကြီး လုပ်ကြတာပေ့ါဗျာ။ အဲဒီတော့ ကျွန်တော်တို့လည်း သူတို့နဲ့လုပ်တဲ့ အချိန်မှာ သူတို့ အကြိုက် လုပ်ဆောင်ပြီးတော့ နေရတာပါ။ တစ်ခုတော့ ထူးခြားတာပေ့ါ။ နောက်ပိုင်း ပြန်ရောက်ဖြစ်တဲ့အခါမှာ ကျွန်တော်တို့ ဒီလိုအန္တရာယ် ရှိတဲ့ လုပ်ငန်းတွေလုပ်ရပေမယ့် သူတို့ရဲ့ မျက်စိအောက်မှာ အစီအစဥ်အောက်မှာ လုပ်ရတဲ့

အတွက် အန္တရာယ်တွေ၊ ထိခိုက်မှုတွေ နည်းပါး ခဲ့ပြီး မဖြစ်သလောက် ရှိခဲ့တာကို သတိထား မိပါတယ်။ ဒါ ကျွန်တော်တို့ အတွေ့အကြုံ ပေါ့။ ကျွန်တော်ပြီး ခဲ့တဲ့ လွှတ်တော်မတက်ခင်မှာ သတင်းစာထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်မှာ အထည်ချုပ်စက်ရုံက ကြို/ပို့ ခရီးသည်တင်ယာဉ်နဲ့ စက်ရုံဝန်ထမ်းတင်ယာဉ်နဲ့ မြေသည်ယာဉ်နဲ့ တိုက်မိကြတယ်။ တိုက်မိကြတော့ လူ (၇)ယောက် On the Spot သေသွားပြီးတော့ လူ(၂၀)လောက်ကတော့ ဆေးရုံကြီးမှာ ရောက်နေတယ်လို့ ကြားရပါတယ်။ ကြားရတော့ ကျွန်တော်လည်း ဆေးရုံကြီးကို ရောက်သွားပြီး အဲဒီလူတွေကို သွားကြည့်ပါတယ်။ သွားကြည့် လိုက်တဲ့အခါကျတော့ ထုံးစံအတိုင်းပါပဲ။ ပတ်တီးပုံနဲ့ ကုတင်ပေါ်မှာ တိုးလို့တွဲလောင်းတွေပါ။ အဲဒီတော့ ကျွန်တော်မေး ကြည့်တယ်ဗျ။ သူတို့က ပြောတာက သူတို့က စက်ရုံကအပြန်တဲ့။ စက်ရုံက ကြို/ပို့ ဝန်ထမ်းတွေပေါ့လေ။ အဲဒါတွေ အကုန်လုံးကို ဒိုင်နာတစ်စီးပေါ်မှာ တက်ကြပါ တယ်တဲ့။ တက်တဲ့အခါမှာ ဒိုင်နာတစ်စီးပေါ်ကို ဘယ်လောက်တောင် တက်ကြသလဲဆိုရင် လူ(၄၀)လောက် တက်တယ်ပြောပါတယ်။ ဒိုင်နာတစ်စီးပေါ်မှာ အထဲမှာထိုင်တဲ့လူရော၊ မတ်တပ်ရပ် တဲ့လူရော နောက်မှာ ထွက်နေတဲ့ လူရော အဲဒါနဲ့သူတို့ အိမ်အပြန်ကို မောင်းလာကြတယ်ပေါ့။ မောင်းလာတဲ့အချိန်မှာ လမ်းမှာ ကားရှေ့ခန်းထဲမှာပါလာတဲ့ ကလေးမတွေက သူတို့က မြင်တာ ပေါ့နော်။ မြေသယ်ယာဉ် ကြီးတစ်စီးနဲ့ သူတို့တည့်တည့်ကြီးကို မျက် နှာချင်းဆိုင် တိုက်လိုက်ကြ တယ်လို့ ပြောပါတယ်။ အဲဒါကို မြင်တဲ့ မိန်းကလေးတွေက အော်တဲ့သူကလည်း အော်တယ်။ ကား၊ ကားလို့ အော်တဲ့ အချိန်မှာပဲ အဲဒီလို ဖြစ်တယ်လို့ ပြောပါတယ်။ သူတို့သတိရတဲ့ အချိန်မှာ ကျတော့ ဆေးရုံမှာ ရောက်နေတာပါတဲ့။ အဲဒီယာဉ်ရဲ့ နောက်မှီးက တွယ်လာတဲ့ ကလေး ကို မေးကြည့်လိုက်တဲ့အခါကျတော့ သူကလည်း ကျိုးပဲ့နေတာပါပဲ။ ကျွန်တော် လည်း ဘာမှ မသိဘူး တဲ့။ ကျွန်တော် သတိရတဲ့အချိန်က ဆေးရုံရောက်နေတာလို့ ပြောပါတယ်။

အဲဒီတော့ ကျွန်တော်သိလိုက်တာက တိုက်တဲ့ဟာကတော့ တော်တော်ရက်ရက်စက်စက် ကြီးကို တိုက်လိုက်တဲ့သဘောပါ။ လူ(၄၀)ကျော်ပါလာတဲ့ ကားတစ်စီးနဲ့ ဆယ်ဘီး (တီအီး)နဲ့ ပိုးဆိုး ပက်စက်ကို မျက်နှာချင်းဆိုင် တိုက်ကြတာပါ။ တိုက်တာကိုလည်း ရှေ့ခန်းက မိန်းကလေးတွေက မျက်နှာချင်းဆိုင်မြင်ပြီးတော့ အော်ကြပါသေးတယ်လို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်က အဲဒီယာဉ်မောင်းနဲ့ ပတ်သက်လို့ မေးကြည့်လိုက်တဲ့ အခါကျတော့ အဲဒီ ကြို/ပို့ယာဉ်ကို မောင်းတဲ့ယာဉ်မောင်းဟာ သူဟာ အသစ်လို့ပြောတယ်။ သုံးရက်ပဲရှိသေးတယ်လို့ ပြောပါတယ်။

နောက်တစ်ခါ ဆယ်ဘီးယာဉ် မြေသယ်ယာဉ်ကြီးကို မောင်းတဲ့သူကို မေးကြည့်တော့ ဒီလူက ထွက်ပြေးသွားပြီတဲ့။ ဒီမြေသယ်ယာဉ်ကြီး က လှိုင်သာယာမှာ ဘူတာကြီးတစ်ခု တည်ဆောက်ဖို့ ရှိပါတယ်။ အဲဒီမှာ မြေကြီးလုပ်ငန်းလုပ်တဲ့ ကုမ္ပဏီက ဂန်ထမ်းလို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော် စဥ်းစားကြည့်တာပေါ့လေ။ ဒီလိုလူအများကြီးတင်တဲ့ ဒိုင်နာယာဥ်တို့၊ မြေသယ်ယာဥ် ကြီးတို့ မောင်းတဲ့ ကုမ္ပဏီမှာ ဒီလိုလူမျိုးတွေပေါ့ဗျာ ။ နောက်ကနေပြီးတော့ အ ခြေအမြစ်မရှိတဲ့ ထွက်ပြေးနိုင်တဲ့လူမျိုးကို ယာဥ်မောင်းအဖြစ် တင်ထားတာပေါ့လေ။ ဒါတွေမှာ ကုမ္ပဏီတွေက တာဂန်မရှိဘူးလား။ ဒီကုမ္ပဏီတွေမှာ ဒီလိုအန္တရာယ်ရှိတဲ့ ယာဥ်တွေကို မောင်းဖို့အတွက် သေချာ စိစစ်ပြီးမလုပ်ဘူးလားလို့ ကျွန်တော်တို့ စဥ်းစားစရာလိုပါတယ်။ အကယ်၍ ဒီကုမ္ပဏီမှာ Safety Officer တွေထားမယ်ဆိုရင် ဒီ Safety Officer တွေက အန္တရာယ်ကြီးတဲ့ ယာဥ်ကြီး တွေမောင်းဖို့၊ ခရီးသည်တင်ယာဥ်ကို မောင်းဖို့ လိုအပ်တဲ့ယာဥ်မောင်းအတွက်က ကြံ့ခိုင်မှုတွေ အခြေအမြစ်ရှိမှုတွေကို စိစစ်ရမှာပေါ့ဗျာ။ စိစစ်လုပ်ခဲ့မယ်ဆိုရင်လည်း ဒီလောက်ထိအောင် ပိုးဆိုးပက်စက် ဖြစ်မယ်လို့ မထင်ပါဘူး။ ဒါကတော့ ပါလာတဲ့လူတွေကလည်း ကျွန်တော့်ကို ဆေးရုံကနေ ပြောပြချက်ပါ။ နောက်ပြီး တော့ အခုပြီးခဲ့တဲ့ အခေါက်ကလည်း တစ်ခါ ဖြစ်ဖူး ပါတယ်။ ဒီသစ်လုံးတင် ကားကြီးကနေပြီးတော့ အရှိန်ပြင်းပြင်းနဲ့ ကွေ့လိုက်တဲ့အချိန်မှာ သစ်လုံးတင်ကားကြီးမှောက်ပြီး သစ်လုံးတွေပြုတ်ကျ ပြီးတော့ ဘေးက တက္ကစီပေါ်မှာပါတဲ့ လူလတ်ပိုင်းလင်မယားနှစ်ယောက်ကို ပိပြီး သေသွားပါတယ်။ လင်မယားနှစ် ယောက်စလုံး သေသွားတဲ့အတွက် သူ့မှာ ကလေး သုံးယောက်လား။ လေးယောက် လား၊ လူမမယ်ကလေး လေးယောက်လောက် ဒီအတိုင်းပဲ ကျန်ခဲ့ပါတယ်။ အဲဒါမျိုး မှာပဲ ကျွန်တော်တို့ သိပ်ပြီးတော့ Heavy ဖြစ်တဲ့ ယာဥ်ကြီးတွေကို မောင်းတဲ့ လူတွေကတော့ ဘာမှမဖြစ်ပါဘူး။ သူတို့ယာဥ်က တအားကြီးတာကိုး။ ဒါပေမယ့် သူတို့နဲ့ ထိခိုက်မှု ဖြစ်ရင်တော့ ဘေးက မဆီမဆိုင်လူတွေက ဒုက္ခရောက်ပါတယ်။ ဒါကြောင့် ဒီလိုကုမ္ပဏီ ယာဥ်ကြီးတွေကို ထောင်ထားတဲ့ ယာဥ်ပိုင်ရှင်တွေ ကုမ္ပဏီတွေကနေပြီးတော့ ဒီယာဥ်မောင်း တွေနဲ့ပတ်သက်ပြီး သူတို့ရဲ့အရည်အချင်း သူတို့ရဲ့နောက်ကြောင်းတွေကို စိစစ်ခန့်မှန်းနိုင်ဖို့ လိုပါတယ်။ ဒါတွေက သူတို့ Safety Officer တွေကို ကုမ္ပဏီတွေမှာ ထားမယ်ဆိုရင် ဒါတွေကို စိစစ်ပါ။ ဒါတွေ ယာဥ်မောင်းတွေ နဲ့ ပတ်သက်လို့ ဒီလို လိုအပ်တဲ့ အချက်တွေ အလုပ်အကိုင် ညွှန်ကြားချက်များရှိလို့ရှိရင် ဒီလိုအတွေ့အကြုံတွေ ဒီလိုအဖြစ်ဆိုးမျိုးတွေကို ရှောင်ရှားနိုင်မှာပါ။ ပြီးခဲ့တဲ့အပတ်က

သတင်းစာထဲမှာပါပါတယ်။ မြန်မာနိုင်ငံမှာ ယာဉ်မောင်းတွေ ယာဉ်တိုက်မှု ဖြစ်တာတွေရဲ့ (၉၀) ရာခိုင်နှုန်းဟာ ယာဉ်မောင်းတွေကြောင့် ဖြစ်တာပါတဲ့။ အဲဒါကို လက်ရှိ သတင်းစာထဲမှာ ထုတ်ပြန်ထားပါတယ်။ ကျွန် တော်တို့ မြို့တွင်း၊ မြို့ပြင် ခရီးသည်တင် ယာဉ်လိုင်းတွေ၊ Heavy ယာဉ်တွေမှာရှိတဲ့ ယာဉ်မောင်းတွေနဲ့ပတ်သက်ပြီး စိစိစစ်စစ် လုပ်ဖို့လိုပါတယ်။ ယဉ်မောင်းတွေ နဲ့ ပတ်သက်လို့ ယာဉ်ထိန်းရှိတာပဲဆိုပြီးတော့ ပြောလို့ရပါတယ်။ ယာဉ်ထိန်းဆို တာမျိုးက ကျွန်တော် ကိုယ်တိုင်လည်း ယာဉ်လုပ်ငန်းမှာ လုပ်ခဲ့သူပါ။ ယာဉ်ထိန်းဆိုတာမျိုးက ယာဉ်မောင်းက ပြုံးပြလို့ရှိရင် အဆင်ပြေတာများပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့က ဒီခရီးသည်ယာဉ်များမှာ တွေ့ပါတယ်။ တစ် ခွက်ကိုသောက်လိုက် တစ်ခေါက် မောင်းလိုက်၊ တစ်ခွက်သောက်လိုက် တစ်ခါမောင်းလိုက်နဲ့ အဲ ဒီလိုလူမျိုးတွေလည်း တွေ့ခဲ့ပါ တယ်။ ဒီလို ဖြစ်ခါမှ ဖြစ်ရော အဲလိုဘဲ နေနေကြတာပါ။ ဒါတွေက ယာဉ်မောင်းတွေနဲ့ ပတ်သက်လို့ Safety နဲ့ပတ်သက်လို့ စစ်ဆေးပေးနိုင်တဲ့ အဖွဲ့အစည်းမရှိလို့ပါ။ အား လုံးက လည်း ဖြစ် ကာမှဖြစ်ရော မဖြစ်ခင် ကြိုတင်လုပ်တဲ့အစီအစဉ် မရှိပါဘူး။ ဒါယာဉ်နဲ့ ပတ်သက် လို့ပါ။ ကျွန်တော် နောက်တစ်ခုပြောချင်တာက သင်္ဘောလိုင်းနဲ့ ပတ်သက်လို့ပါ။ ကျွန်တော် ပြည်ပနိုင် ငံ ရောက်တော့ သူတို့ဆီမှာ ပင်လယ်ပြင်မှာ ရပ်ထားတဲ့ သင်္ဘောကြီးတွေ မီးတွေက ထိန်နေအောင် ထွန်းထားတာပဲ။ ကျွန်တော်တောင် အရင်တုန်းကထင်တာက သူတို့ တန်ဆောင်တိုင်များ အောက်မေ့ နေသလားမသိဘူးလို့။ သင်္ဘောကြီးက မီးတွေထွန်းလိုက်တာပေါ့။ ဒါက ကျွန်တော် မနှစ်ကကျ တော့ ကျွန်တော်တို့ ဧရာ ဝတီတိုင်းမှာ ဖြစ်ပါတယ်။ ဒီကနေ စီတီ သင်္ဘောကြီးကနေပြီးတော့ ခုတ်သွားတယ်။ ရေလယ်မှာ စက်ပျက်တယ်။ စက်ပျက်တော့ ရပ်နေတယ်။ ရပ်နေတော့ နောက်က ခရီးသည်တင်သင်္ဘောက အဲဒီ စီတီကြီးကိုမမြင်ဘဲ တည့်တည့် ဝင်တိုက် အကုန်လုံး ခရီးသည်တင်သင်္ဘောကလည်း တစ်ခါတည်း ထပ်ခြမ်းကွဲပြီးတော့ စွပ်ကနဲမြုပ်သွားပါတယ်။ အဲဒီတော့ လူပေါင်းများစွာ သေတာလည်း မမြ င်ချင်တဲ့အဆုံးပါ။ ဒါတွေက ဆိပ်ကမ်းအာဏာပိုင် တွေကနေပြီးတော့ ဒီစီတီသင်္ဘောပေါ်မှာ မီးထွန်းပေးဖို့ ရပ်လို့ရှိရင်လည်း အန္တရာယ်အချက်ပြ မီးတွေ ကြိုပေးဖို့ Safety ပတ်သက်လို့ Instruction တွေပေးမယ်ဆိုရင် ဒီစီတီသင်္ဘောကို ခရီးသည်သင်္ဘောက မြင်မယ်မြင်လို့ရှိရင် လိုအပ် တဲ့ရှောင်ရှားမှုတွေ လုပ်နိုင်မှာပါ။ အဲဒီတော့ ဒီသင်္ဘောနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကလည်း ဒီ Safety နဲ့ပတ်သက်တဲ့ Instruction တွေ ကျွန်တော်တို့ Safety Officer တွေက ရှိလားမရှိလားတော့ ကျွန်တော်မသေချာပါဘူး။

ညွှန်ကြားချက်တွေ တိတိကျကျမလုပ်လို့ ဒီလိုဖြစ်ရတယ်လို့ ကျွန် တော်ထင်ပါတယ်။ အဲ ဒါ သဘော်ပါ။ ရထားမှာဆိုလို့ရှိရင် ပြီးခဲ့တဲ့တစ်နှစ်ကျော်လောက်ကပဲ ရှိပါတယ်။ ရန်ကုန်-မန္တလေး ရထားလမ်းမှာ မီးရထား ဝန်ထမ်းတွေဟာ သူတို့သံလမ်း ဝန်ထမ်းတွေရှိတယ်။ သံလမ်း ဝန်ထမ်း တွေက မီးရထားသံလမ်းတွေကို လမ်းဘေးမှာပုံထားပါတယ်။ ပုံထားရင်လည်း သူတို့က နည်းနည်းလေး ရွှေ့ပုံရင်လည်း ပင်ပန်းတော့ ရထားတစ်စီးပေါ်က သံလမ်းချရင် သံလမ်းဘေး နားလေးမှာပဲ ကပ်ကပ်ချတယ်။ ကပ်ကပ်ချတော့ သံလမ်းပုံကြီးတစ်ပုံက ရထားသံလမ်းနဲ့ သိပ်မလွတ်ချင်ဘူး။ ကံဆိုးချင်တော့ ရထားတစ်စီးက အဲဒီသံလမ်းဘေးကို ဖြတ်တဲ့အချိန် အဲဒီသံလမ်းက အစွန်းထွက်တော့ သူကညှိ သွားတယ်။ အဲဒီသံလမ်းကြီးဟာ ရထားစက်ခေါင်းရဲ့ ဗိုက်ကိုဖောက်ပြီးတော့ဟိုနောက်က နောက်ခန်းတွေကို ဝင်သွားတာပေါ့။ ဝင်သွားတော့ ကျွန်တော်ကလည်း အဲဒီလိုဖြစ်ပါတယ်။ သတင်းစာထဲလည်းပါပါတယ်။ အဲဒီတော့ မီးရထားနဲ့ ပတ်သက်လို့ မိတ်ဆွေတွေများရှိတော့ အဲဒီစက်ခေါင်းကလည်း ရန်ကုန်မှာ ပြင်တာပါ။ ကျွန်တော် ကလည်း သွားကြည့်ပါတယ်။ ကျွန်တော်သွားကြည့် တော့ အဲဒီစက်ခေါင်းထဲမှာ ထုံးစံအတိုင်း အညှိုအမည်းကွက်တွေ ရှိပါတယ်။ အဲဒီမှာပါတဲ့လူက ပြောတာက သူက အဲဒီသံလမ်းကြီးက မီးရထားထဲကို စက်ခေါင်းဘောင်က ဗိုက်ကိုစိုက်ပြီးတော့ နောက်ကို စိုက်သွားတာပေါ့။ ဖြစ်ချင် တော့သူက ချက်ကောင်းကို စိုက်မသွားဘူး။ စိုက်မသွားတော့ မီးရထား စက်ခေါင်းမောင်းက လည်း ချက်ချင်းမသေနိုင်ဘူးပေါ့လေ။ သူတို့ကိုယ်တိုင်ကလည်း ဒီလူကြီးကို သံလမ်းကြီး စိုက်နေတော့ ချက်ချင်းဆေးရုံပို့ဖို့ မဖြစ်နိုင်ဘူး။ မဖြစ်နိုင်တော့ သူသေတာကိုပဲ ထိုင်ပြီး စောင့်ကြည့်နေရတယ်တဲ့။ သူကတော့ သံလမ်းကြီးဗိုက်ကိုစိုက်နေတော့ နောက်ကို လှည့်ကြည့်ပြီး နောက်ကခရီးသည် တွဲကလူတွေ လွတ်လွတ်ကျွ တ်ကျွတ် ရှိရဲ့လားဆိုတော့ သူတို့ က ပြောပါ တယ်။ လွတ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သံလမ်းက အနောက်ပိုင်းက မော့သွားတော့ ခရီးသည်တွေ အပေါ်ကို ရောက်သွားတာပေါ့ ဗျာ။ အဲတော့ ဒီလိုမျိုး မီးရထား လုပ်ငန်းမှာလည်း Safety နဲ့ ပတ်သက်တဲ့ Instruction တွေ၊ Safety နဲ့ပတ်သက်တဲ့ သူတို့ ဒီသံလမ်းကို မီးရထားသွားနေတဲ့ လမ်းကြောကနေ ဖြည်းဖြည်း လေး ခွာလိုက်လို့ရှိရင် ဒီလို အဖြစ်ဆိုးဖြစ်မှာ မဟုတ်ပါဘူး။ အခုတော့ ကံကောင်းလို့ပေါ့ဗျာ။ နောက်ကခရီး သည်တွေပါ မထိခိုက်တာပါ။ ဒီလို ထိခိုက်အန္တရာယ်ဖြစ်နိုင်တဲ့ လုပ်ငန်းတွေမှာ ဒီ Safety Officer ထားရမယ်။ သူက အနီးကပ် ညွှန်ကြားပြီးတော့ မင်းတို့သံလမ်းပုံတဲ့သူတွေ ဒီနေရာ ဒီနေရာပုံလို့ မရဘူး။ ဒီ့ထက်

ရွှေ့အောင်ပုံဖို့ Instruction တွေပေးခဲ့လို့ရှိရင်လည်း ဒါမျိုးဖြစ်မှာ မဟုတ်ပါဘူး။ ကျွန်တော်ပြီးခဲ့တဲ့ (၆)လလောက်ကတစ်ခါ ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် မှာ ရေလွှာလျှောစီးရင်းနဲ့ ကလေးတစ်ယောက် လက် (၃)ချောင်းပြတ်တယ်။ ဆေးရုံမှာ ရောက်နေတယ်ဆိုလို့ သွားကြည့်ပါတယ်။ သွားကြည့်တော့ ဒီကလေးက (၁၀)တန်းဖြေပြီးစ ကျောင်းသားလေးပါ။ သူ(၁၀)တန်းစာမေးပွဲပြီးတဲ့ အချိန်လည်းဖြစ်တော့ ရေလွှာလျှောသွားစီးတာပါ။ လျှောစီးတော့ သူ့ရဲ့ညာဘက်လက်ကလေး(၃)ချောင်းက အရင်းက နေပြတ်သွားပါတယ်။ အဲဒီတော့ ကလေး ဘယ်လိုဖြစ်တာလဲလို့ မေးကြည့်တော့ သူဟာရေလွှာလျှောစီးရင်းနဲ့ Speed ရတဲ့အချိန်မှာ သူ့လက်ကလေး ကဘေးမှာရှိတဲ့ သံပြားထဲကို ဝင်သွားပြီးတော့ အဲဒီလက်(၃)ချောင်းဟာ ပြတ်ကျန်ခဲ့တယ်။ သူလည်းအောက်ရောက်တော့မှ သူ့လက်ကို ပွတ်ကြည့်တော့မှ လက် (၃)ချောင်း မပါတော့ပါဘူးတဲ့။ အဲဒါဆိုလို့ရှိရင် မင်းဘယ်လို လုပ်လဲဆိုတော့ မင်းကျန်ခဲ့တဲ့ လက် (၃)ချောင်းကို အပေါ်တက်ကောက်သေးလားဆိုတော့၊ ကျွန်တော့်သူငယ်ချင်းတက်ကြည့်တာတော့ အထဲမှာ အပိုင်းပိုင်းတွေပြတ်ထွက်သွားတော့ ဖွာသွားလို့ ကောက်မရတော့ဘူးတဲ့။ ကျွန်တော်လည်း အဲဒါ စွတ်ကျယ်လေးကို လက်မှာပတ်ပြီးတော့ ဆေးရုံကို လာခဲ့တယ်ပေါ့ဗျာ။ အဲဒါက တစ်ယောက်ပါ။ အဲဒါလေးကဒီလိုပေါ့ဗျာ။ ဒီသံပြားအပေါက်ကလေးကို သူတို့ဒီလုပ်ငန်း ရှင်ဟာ ဒါလေးကို ကြိုတင်ဖာထားမယ်ဆိုရင် သူ့လက်ချောင်းဟာ ဝင်စရာအကြောင်းမ ရှိပါဘူး။ ဒီလို ပြတ်စရာအကြောင်း လည်းမရှိပါဘူး။ ဒါပေမယ့် သူတို့ဘက်က လုံခြုံရေးနဲ့ပတ်သက်လို့ လစ်ဟာချက်တွေဖြစ်တဲ့အတွက်ဒီလိုမျိုးဖြစ်ရတာပါ။ နောက်တစ်ယောက်ကလည်း ဒီလိုပါပဲ။ သူကတော့ နည်းနည်းတော့ မူးနေတယ် ပြောပါတယ်။ သူ့သူငယ်ချင်းတွေ ပြောတာတော့ သူဟာ လျှော စီးရင်းနဲ့ ချော်ပြီးတော့နောက်စေ့နဲ့ အောက်ကသံပြားနဲ့ ရိုက်မိပြီးတော့ တခါတည်း စွပ်ကနဲမြုပ်ပြီးတော့ တခါတည်းမှောက်ခုံကြီး ပေါ်နေပါတယ်။ အဲဒါနဲ့ ဆေးရုံပို့တယ် ပြောပါတယ်။ ကျွန်တော်ဆေးရုံက OPD ကဝန်ထမ်းကို မေးကြည့်တော့ သူတို့မှတ်တမ်းပြန်ရှာပေးပါတယ်။ ရှာပြီးတော့ ရောက်ကတည်းကအသက်မရှိဘူးတဲ့။ အဲဒါဆိုလိုတဲ့သဘောက ရေလွှာလျှောစီးဖို့ အပေါ်ထိအောင် လမ်းလျှောက်နိုင်သေးတယ်။ ဘိုင်းကနဲ တစ်ချက်တည်းနဲ့ကို သူက အသက်မပါတော့ဘူး ပြောပါတယ်။ တကယ့်ကို အန္တရာယ်ရှိတဲ့ လုပ်ငန်း တွေပါ။ ဒီလိုမူးယစ် သောက်စားထားတဲ့သူ သူတို့လည်းပြောပါတယ်။ မူး ယစ်သောက်စားထားတဲ့သူကို ရေလွှာ လျှောမစီးဖို့ အန္တရာယ်ရှိတယ်ဆိုတဲ့အကြောင်းကိုလည်း လုပ်ငန်းရှင်တစ် ယောက်က ညွှန်ကြား ချက်ပေးပြီးတော့ ထိန်းသိမ်းပေးရ

မှာပါ။ မထိန်းသိမ်းနိုင်တဲ့သူ ဒီလိုအဖြစ်ဆိုးတွေ ကြုံရတာပါ။ အဲဒီတော့ ကျွန်တော်တို့ ဒါတွေက ကြိုတင်ကာကွယ်တားမြစ်ရင်ရရဲ့သားနဲ့ မတားမြစ်ဖြစ်ခဲ့တာပါ။ လွှတ်တော်ကြီးကို တည်ဆောက်တဲ့အခါမှာ လွှတ်တော်ကြီးကို ကျွန်တော်ကြည့်တဲ့အခါမှာ အဆောက်အအုံအမြင့်ကြီး တွေ အများကြီးတွေကို တွေ့ရပါတယ်။ ဒီလွှတ်တော်ကြီး တည်ဆောက်တဲ့အချိ န်တုန်းက ကျွန်တော့် ရပ်ကွက်ထဲက ကလေးတစ်ယောက်က ဒီဆေးသုတ်တဲ့ လုပ်ငန်းလုပ်နေရင်းနဲ့ ဒီ လွှတ်တော်ကြီး တည်ဆောက်တဲ့အချိန်မှာ သူလပေါင်း များစွာ နေခဲ့ရ တာပါ။ သူပြန်လာတဲ့အခါက ကျွန်တော် မေးကြည့်တယ်။ ဒီလွှတ်တော်ကြီး တည်ဆောက်တာ ဘယ်လိုလဲ။ ဘာညာပေါ့လေ။ ဟာ သူတို့ အမြင့်ကြီးပဲ။ အပေါ်မှာ အမြင့်ကြီးမှာ လုပ်ရတယ်။ ပြုရတယ်ပေါ့။ မင်းတို့ အဲဒီမှာ ထိခိုက် ဒဏ်ရာရမှုတွေ မရှိဘူးလားလို့။ ရှိတယ်တဲ့။ ဒီလိုအမြင့်ကြီး တွေလုပ်ရတာနဲ့ ပတ်သက်လို့ ထိခိုက် ဒဏ်ရာရတယ်။ အဲဒါတွေ ဘယ်လိုလု ပ်ကြသလဲဆိုတော့ ရှိပါတယ်။ ဆေးရုံ ကားတွေ ဘာတွေ ဆေးရုံကို ချက်ချင်းပို့ ပေးပါတယ်။ ဒီလိုလုပ်ငန်းတွေမျိုးကို သက်စွ န့်ဆံဖျားမြင့်မြင့်မားမား လုပ်ရတဲ့ လုပ်ငန်းနဲ့ပတ်သက်လို့ ဒီ Safety လုပ်ငန်းနဲ့ပတ်သက်လို့ မြင့်မြင့်မားမားတက်ဖို့တွေ၊ အခိုင်အခံ့လုပ်ဖို့တွေ၊ ဒီဟာနဲ့ပတ်သက်လို့ ဘယ်လို လုပ်၊ ဘယ်လိုကိုင်ဆိုတဲ့ ညွှန်ကြားချက်တွေ လုပ်တဲ့သူရှိလားလို့ မေးကြည့်တော့လည်း သူတို့မရှိ ဘူးပြောပါတယ်။ အဲဒီတော့ ကျွန်တော့်တို့ လုပ်ငန်းကြီးတွေ လုပ်တဲ့အခါမှာ Safety နဲ့ ပတ်သက်လို့ Officer တွေ Safety နဲ့ ပတ်သက်လို့ အကြံပြုချက်တွေ ကျွန်တော် တို့နိုင်ငံမှာ အားနည်းတယ်ဆိုတာ သိသာပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြလိုတာက ကျွန်တော်တို့ မတော်တဆထိခိုက်မှုအန္တရာယ်တွေ ဖြစ်တဲ့လမ်းတံတား တွေ၊ စက်ရုံအလုပ်ရုံတွေ၊ အပန်းဖြေ ကစားကွင်းတွေ၊ မြို့တွင်းမြို့ပြင် ယာဉ်လိုင်းတွေ၊ ရထား တွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာပေါ့လေ၊ ကျွန်တော်တို့ ဒီအန္တရာယ်ဖြစ်စေနိုင်တယ်။ ဒီလို အန္တရာယ်ဖြစ်လို့ရှိရင်လည်း သက်ဆိုင်ရာဆေးရုံတို့၊ ရဲတို့ကတော့ တာဝန်အရဖြေရှင်းပေး ကြသော်လည်း ကြိုတင်အကာ အကွယ်အစီအမံတွေမှာ အားနည်းနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ စီးပွားရေးနဲ့ အလုပ်ပြီးမြောက်ရေးကိုသာ အာရုံစိုက်နေရုံထက် ဒီလိုကြိုတင် ကာကွယ်မှုအပိုင်းတွေမှာ အားနည်း နေတာပါ။ ဒါကြောင့် မလိုလားအပ်တဲ့ ထိခိုက်အန္တရာယ် ရမှုတွေ၊ ကိုယ်အင်္ဂါချို့ယွင်းမှုတွေ၊ သေဆုံးမှုတွေ ဖြစ်နေပါတယ်။ ဒီလိုအန္တရာယ်တွေကို ဘေးကင်းလုံခြုံရေးအရာရှိ (Safety Officer ) တစ်ယောက်က အနီးကပ်စောင့်ကြည့်မှသာ ဒါမျိုးတွေပြုလုပ်နိုင်မှာပါ။ ဒါကြောင့် Safety Officer တစ်ယောက်ခန့်ထားနိုင်ဖို့အတွက်

လိုအပ်တဲ့လုပ်ငန်းအလိုက် စည်းမျဉ်းတွေ၊ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေအတွ က် သက်ဆိုင်ရာ ဗဟိုနဲ့ တိုင်းနဲ့ ပြည်နယ်အစိုးရများ၊ ပုဂ္ဂိုလ်များပါဝင်ပြီးတော့၊ ဗဟိုအဖွဲ့တစ်ခုဖွဲ့စည်းသင့်ပါတယ်။ ဒီဗဟိုအဖွဲ့ အစည်းကနေပြီးတော့ အစိုးရနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များ ကို Safety Officer တွေ ခန့်ထားဖို့ညွှန်ကြား ပါ။ ညွှန်ကြားပြီးလို့ရှိရင် Safety Officer တွေကို သတ်မှတ်တဲ့ စည်းကမ်းတွေနဲ့ စီစစ်ပြီးတော့ ခွင့်ပြုသင့်ပါတယ်။ ဒီအဖွဲ့ကနေပြီးတော့ ဘေးကင်းလုံခြုံရေး အစီအစဉ်အားနည်းတဲ့ တာဝန်ခံတွေ အလုပ်များအတွက်ပေါ့။ လိုအပ်တဲ့တားမြစ် အမိန့်များ ထုတ်ပြန်ဖို့ လိုပါ တယ်။ ကျွန်တော် နိုင်ငံခြားပြည်ပအဖွဲ့အစည်း အချို့ Safety နဲ့ပတ်သက်လို့ အသည်းအသန် ပြုလုပ်တဲ့ အဖွဲ့အစည်းတွေကတော့ ပြင်းပြင်းထန်ထန်ကို အရေးယူတာပါ။ ကျွန်တော်တို့က ကျွန်တော်တို့အဒေါ်နဲ့ပေါ့ဗျာ။ နောက်ပြီးတော့ ဒီလိုမျိုး ဖြစ်ပွားလို့ရှိရင် ထိခိုက်တဲ့ ကာယကံရှင်တွေ၊ တခြားမိသားစုတွေလည်း ခေတ်စနစ်နဲ့ လျော် ညီတဲ့ ထောက်ပံ့ငွေတွေ ရရှိနိုင် ဖို့အတွက် ကျွန်တော်တို့ ပြဋ္ဌာန်းနိုင်ပါတယ်။ အခုတော့ ကျွန်တော်တို့ဟာ များသောအားဖြင့် နှစ်ဖက်ညှိနှိုင်းခြင်း နဲ့ပဲ ပြီးနေကြတာပါ။ ဒါကြောင့် နောက် ပြီး တော့လည်း တစ်နိုင်ငံလုံးမှာရှိတဲ့ မတော်တဆ ထိခိုက်ဒဏ်ရာရ သေဆုံးမှုတွေကို လုပ်ငန်း အလိုက်၊ နှစ်အလိုက်စာရင်းနှင့် ထုတ်ပြန် ပြီးတော့ လူအများအာရုံစိုက်ပြီးတော့ ဒီနေရာတွေမှာ ဒီလိုဖြစ်တတ်တယ်။ ဒီနေရာမှာ ဘယ်လို ဖြစ်တယ်ဆိုတာမျိုးပေါ့လေ။ စာရင်းလေးထုတ်ပြန်ပြီး လူအများအာရုံစိုက်အောင် လုပ်ကြမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ မတော်တဆထိခိုက် မှု အန္တရာယ်များ လျော့နည်းနိုင်ပါတယ်လို့ ကျွန်တော်ထင်မြင်ယူဆလို့ ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုတင်ပြချက်ကောင်း ပါတယ်။ ဒါပေမ ယ့် ဒီထက်နည်းနည်း လေး နှေးနှေးလေးဆိုရင် ပိုပြီးအများကြီး ကောင်းမယ့်သဘောရှိပါတယ်။ အဆိုကို ထောက်ခံမယ့် သူရှိပါက ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၄၈။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စား လှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ဖြစ်ပါတယ်။ ကျွန်တော် အခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် တင်သွင်းသွားတဲ့ မတော်တဆထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွ ယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေး အရာရှိ (Safety Officer ) ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဖုန်းမြင့်အောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မတော်တဆထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေး အရာရှိ (Safety Officer ) ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအား တို က်တွန်းကြောင်း အဆိုဖြစ်ပါ တယ်။ ဒါကြောင့်အဆိုကို လက်ခံဆွေးနွေးရ န် သင့် /မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက် ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါ သလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့အတွက် ဦးဖုန်းမြင့်အောင် ၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဖုန်းမြင့်အောင် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိရင် အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။ လွှတ် တော်ကိုယ်စားလှယ်များ ခင်ဗျား။ လေး နာရီထိုးခါနီးပြီဖြစ်ပေမယ့် အဆိုတစ်ရပ်တင်သွင်းဖို့ကျန်တာကို ဆက်လက် ဆောင်ရွက်ခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

# ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ချဲထီလောင်းကစားခြင်းအား တစ်နိုင်ငံလုံး ကင်းစင်ပပျောက်အောင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၅း၅၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မွန် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း က ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ချဲထီလောင်းကစားခြင်းအား တစ်နိုင်ငံလုံး ကင်းစင်ပပျောက်အောင် ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော် သို့ ပေးပို့ထားပါတယ်။ ယခု ဦးစောအုန်း က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၅၂။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အရိုအသေပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစော အုန်း ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေး အတွက် ချဲထီလောင်းကစားခြင်းအား တစ်နိုင်ငံလုံးကင်းစင်ပပျောက်အောင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားဖို့ ဖြစ်ပါတယ်။ သို့သော်လည်း အဆိုကို ဤလွှတ် တော်သို့ မတင်သွင်းခင်ပင် ကျွန်တော့်အဆိုမှာ ချို့ယွင်းအားနည်းချက်ရှိနေကြောင်း သတိပြုမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကတော့ ချဲထီလောင်းကစားခြင်းအား ဆိုထားသဖြင့် တခြားသော လောင်းကစားခြင်းများကိုတော့ တစ်နိုင်ငံလုံး ကင်းစင်ပပျောက်အောင် ဘာကြောင့်အဆိုမပြုဘဲ ချန် ထားသလဲ။ အခြားလောင်းကစားခြင်းများကိုတော့ ခွင့်ပြုနေတဲ့သဘောလား စသည်ဖြင့် မေးမြန်းစရာများ ရှိနေပါတယ်။ သို့ပါ၍ ကျွန်တော်က ဆွေးနွေး မတင်ပြမီ ဥက္ကဋ္ဌကြီးအနေဖြင့် ချဲထီလောင်းကစားခြင်းအား ဆိုသည့်စာပိုဒ်နေရာတွင် လောင်းကစားခြင်းများအား စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ပြင်ဆင်ဖြည့်စွက်ခွင့်ပြုတဲ့အတွက် ကျေးဇူးများစွာ တင်ရှိပါတယ်။ တစ်ဆက်တည်းမှာ ပင် ကျွန်တော့်ရဲ့ အဆိုတင်သွင်းမှုအား ဖတ်ကြားခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လောင်းကစားခြင်းကို မည်သည့် အချိန်ကာလက စတင်ခဲ့တယ်ဆိုတာ ကျွန်တော်က သမိုင်းပညာရှင်ကြီး တစ်ဦး မဟုတ်တဲ့ အတွက် တိကျသေချာစွာ မပြောနိုင်ပါဘူး။ ဒါ ပေမယ့်လည်း ကျွန်တော်တို့ ပညာသင် ကြားစဥ် ကာလက အလယ်တန်းအဆင့်မှာ AD ၁၀၅၀-၆၀ တစ်ဝိုက် ရာစုနှစ်ပြောမယ်ဆို ၁၁ ရာစုနှစ် အလယ်လောက်မှာ စောလူးမင်းနဲ့ ငရမန်ကန်း၊ ငရမန်ကန်း ဆိုတာ မျက်စိတစ်ဖက်လပ်နေတာ သူတို့ ကြွေအန်ကစားရာကနေ အငြင်းပွားပြီးတော့ စစ်တိုက်ခဲ့တဲ့အကြောင်း ဆရာ၊ ဆရာ မတွေ သင်ကြားဖူးခဲ့တာကို မှတ်သားမိ ပါတယ်။ ဒါကြောင့် ကြွေအန်ကစားနည်း ရှိခဲ့လို့ရှိရင် လောင်းကစားဆိုတာလည်း ငွေကြေးနဲ့ရှိနေပြီလို့ ကျွန်တော့်အနေနဲ့ တွေးဆခန့်မှန်းလို့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတော်တွင် နိုင်ငံတော်သမ္မတကြီးက ဦးဆောင်ပြီးတော့ တစ်နိုင်ငံလုံး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အားသွန်ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေကြောင်းသိရပါ တယ်။ လုပ်ငန်းအစီအစဥ်များစွာထဲမှာ တောင်သူလယ်သမားများ၊ အခြေခံလက်လုပ်လက်စား များ ဒီ လိုလူတန်းစားတွေအတွက် ရင်းနှီးစားသောက်ဖို့ ငွေများကိုလည်း အဆမြှင့်ပြီးတော့ ထုတ်ချေးလျက်ရှိပါတယ်။ နိုင်ငံတော်က စေတနာအပြည့်နဲ့ ထုတ်ချေး ပေးထားတဲ့ ငွေကြေးများ ကို တစ်နိုင်ငံလုံးပျံ့နှံ့နေတဲ့ လောင်းကစားကြေးကိစ္စမှာ အလွဲသုံးခဲ့လို့ရှိရင် နိုင်ငံတော်ရဲ့ စေတနာဟာ သဲထဲရေသွန်သလို အရာမထင်ဖြစ်သွားနိုင်တာကြောင့် နိုင်ငံ့ အရေးကို မျှော်တွေး ပြီးတော့ နိုင်ငံအတွင်းလောင်းကစားခြင်းများ ကင်းစင်ပပျောက်မှဆင်းရဲနွမ်းပါးမှု လျှော့ချရေးအား ထိရောက်စွာ အချိန်တိုအတွင်း ဆောင်ရွက်ပြီးစီးနိုင်မည်ဖြစ်ပါ၍ အထက်ပါ အဆိုအား ကျွန်တော်က တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းကစားခြင်းကို အကြမ်းအား ဖြင့် ကံစမ်းလော င်းကစား ခြင်းနဲ့ ကျွမ်းကျင်မှု လောင်းကစားခြင်းဟူ၍ (၂)မျိုး ခွဲခြားနိုင်ပါတယ်။ ကံစမ်းလောင်း ကစားခြင်းမှာ ချဲထီထိုးခြင်း၊ အနီထောင်ထိုးခြင်း၊ လေးကောင်ဂျင် တို့ဖြစ်ပြီးတော့ ကျွမ်းကျင်မှု လောင်းကစားကတော့ ဘောလုံးပွဲ၊ ကြက် တိုက်ပွဲ၊ နွားတိုက်ပွဲ စသည်တို့ ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်မှာ တောရောမြို့ပါ တစ်နိုင်ငံလုံးမှာ ချဲထီ အပါအဝင် လောင်း ကစားခြင်းများ ကျယ်ပြန့်စွာလောင်းကစားနေကြတာကို အများသိပြီး ဖြစ်ပါတယ်။ ချဲထီလောင်း ကစားခြင်းကို ဆင်းရဲနွမ်းပါးတဲ့ တောင်သူလယ်သမား ၊ လက်လုပ်လက်စားများ၊ ခေါင်းရွက်ဗျတ်ထိုး ဈေးသည် များ၊ ကျဘမ်းအလုပ်သမားများ၊ စက်ရုံအလုပ်ရုံလုပ်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အချို့လူလတ် တန်းစားများနှင့် အနည်းငယ်သော ငွေကြေးပြည့်စုံသူများပါ၊ ဒိုင်ချုပ်၊ ဒိုင်လုပ်၊ လက်ခွဲဒိုင်တို့၊ ကော်မရှင် စားတို့၊ ထိုးသားတို့စတဲ့ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် လောင်းကစားကို ဆောင်ရွက် နေကြပါတယ်။ ချဲထီဆိုတာလည်း တစ်ပတ်ကို တနင်္လာနေ့ကနေ သောကြာနေ့အထိ (၂)ရက်ပဲ နားပါတယ်။ စနေ၊တနင်္ဂနွေ နှစ်ရက်နားပြီးတော့ ဖွင့်တဲ့ရက်တွေမှာ မနက်ကိုတစ်ကြိမ် ညနေပိုင်း ကို တစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ် ဂဏန်းနှစ်လုံးတူထိုးမလား ။ ဂဏန်းသုံးလုံးတူထိုးမလား။ ဂဏန်း နှစ်လုံးတူ (၁၀၀)ဖိုးထိုးရင် ငွေ (၈၀၀၀)ရမယ်။ ဂဏန်း (၃)လုံးတူ (၁၀၀)ဖိုးထိုးရင် (၅၀၀၀၀) ကနေ(၅၅၀၀၀) လျော်တဲ့ဒိုင်တွေရှိပါတယ်။ ဒါတွေနဲ့ လူတွေဟာ လောဘဇောတက်ပြီး စားရ မယ့်၊ သောက်ရမယ့် ငွေကြေးတွေကို လောင်းကစားချဲထီမှာ အသုံးပြုနေတာ တွေ့ရပါတယ်။ အဲဒီလိုချဲထီ နှစ်လုံး၊ သုံးလုံးဟာလည်းပဲ ထိုင်းနိုင်ငံက လွှင့်တဲ့ စတော့ရှယ်ယာဈေးကွက် ကိန်းဂဏန်းတွေကို ယူပြီးတော့ ပေါက်မဲအဖြစ်အသုံးပြုနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ တစ်နိုင်ငံလုံးမှာ တိုးတက် တာနဲ့အညီ ကျွန်တော်တို့မှာ ဂြိုလ်တုစလောင်းတွေ မြို့တိုင်းရွာတိုင်း အိမ်တိုင်းမှာရှိတော့ ဂြိုလ်တုစလောင်းကိုကြည့်ပြီးတော့လည်းပဲ ဒါဟာ ပေါက်ဂဏ န်း ၊ဒီနေ့ဟာ ဘာပေါက်ဂဏန်း၊ ညနေဘာပေါက်မလဲ စသည်ဖြင့် ဒီလိုလည်း လွယ်လွယ်ကူကူ သိထားကြ ပါတယ်။ ထို့အတူဘဲ ဖဲကစားခြင်း၊ အနီထောင်ထိုးခြင်း၊ လေးကောင်ဂျင်၊ အံကလုံ၊ ကြွေစေ့၊ ကြက်တိုက်၊ နွားတိုက်စတဲ့ လောင်းကစားခြင်းများလည်း တစ်နိုင်ငံလုံးအတိုင်းအတာမှာ ယခု ထိကိုပြန့်နှံ့စွာ လောင်းကစားခြင်း ရှိနေပါတယ်။ ကျွန်တော်တို့ ပွင့်လင်းရာသီ မိုးကုန်လာပြီဆိုရင် ကျေးရွာတွေမှာ အာ ဂါဒေးဆိုပြီးတော့ အကြောင်းပြတယ်။ တစ်ခုခုကို အကြောင်း ပြုပြီးတော့ ပွဲလမ်းသဘင်တွေ သွင်းတဲ့နေ့ရောညပါ ဖဲဝိုင်းတို့၊ အံကလုံတို့၊ အနီတောင်၊ လေးကောင်ဂျင်တို့

ဒါတွေလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ တောင်သူလယ်သမားတွေ၊ လူထုလူတန်းစား၊ အ ခြေခံလူတန်းစားတွေ အများဆုံး ပါဝင်နေကြောင်း အလုပ်ကိုင်ပျက်၊ စီးပွားပျက်အခြေအနေ အမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောသူတို့ဟာ ချဲထီအပါအဝင် လောင်းကစားမှုများကြောင့် မိမိမှာ ပိုင်တဲ့ရွှေတွေ၊ အိမ်တွေ၊ ယာတွေ၊ ကျွဲတွေနွားတွေ၊ ကားတွေ ဆိုင်ကယ်တွေ၊ လယ်ယာမြေတွေကို ပေါင်နှံရောင်းချပြီးတော့ ငွေမျော ရင် ငွေနဲ့လိုက်ဆိုပြီးတော့ ဒီလိုလုပ်တဲ့အတွက်ကြောင့် အသင့်အတင့် ချောင်လည်တဲ့ လူတန်းစားတွေဟာလည်း ဆင်းရဲနွမ်းပါးသွားတဲ့ဘဝကို ရောက်ရှိခဲ့တဲ့ အိမ်ထောင်စုများစွာလည်း တွေ့ ရှိရပါတယ်။ အင်္ဂလိပ်ဆိုရိုးစကား ရှိပါတယ်။ ဆင်းရဲနွမ်းပါးမှုက အိမ်ရှေ့တံခါးကို လာခေါက်တဲ့အခါမှာ ချစ်ခြင်းမေတ္တာဟာလည်း ပြတင်းပေါက်ကနေ လွင့်စင်ပြီးတော့ ထွက်ပြေးသွား တယ်။ ကွယ်ပျောက်သွားတယ်။ အဲဒီတော့ ချစ်ခြင်းမေတ္တာမဲ့တဲ့ အိမ်ထောင်သည် ဟာ လင်မယားတွေကွဲကြ သားတကွဲ ၊ မယားတကွဲ ဒီလိုလည်း ရှိခဲ့ပါတယ်။ အပြစ်မဲ့တဲ့ကလေးဟာလည်း သူတို့ရဲ့ ဘဝတွေဟာ အများကြီးဆိုးကျိုး နဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တချို့မှာ ရှိခဲ့ဘူးပါတယ်။ လောင်းကစားမှုကြောင့် အကြွေးတွေပတ်လည်ဝိုင်း ဘဝရဲ့နောက်ဆုံး ထွက်ရပ်လမ်းမရှိတော့ မိမိဘဝကို အဆုံးစီရင် ဒါတွေလည်းရှိကြပါတယ်။ ဒါကြောင့် သားငယ် သမီးငယ်များကလည်း မိတဆိုး ၊ ဖတဆိုး သူတို့ဘဝတွေကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းကစားမှုကြောင့် လူတွေရဲ့ အကျင့်စာရိတ္တပျ က်တယ်။ ဒုစရိုက်မျိုးစုံ လည်းဖြစ်တယ်။ ခိုက်ရန်ဖြစ်ပွားတယ်။ တ စ်ခါတစ်ရံ သတ်ဖြတ်မှုတွေလည်း ဖြစ်တယ်။ ဒါတွေဟာ ဆိုးကျိုးတွေဖြစ်ပါတယ်။ လူအများက အလု ပ်အကိုင်ပျက်တယ်။ ဝန်ထမ်းများက အလုပ်ခွင်မှာ ဒီလောင်းကစားမှုနဲ့ ချဲထိုးတာနဲ့ စိတ်မဝင်စားကြတော့ပါဘူး။ ဒါတွေ ကျွန်တော်တို့ တွေ့ဖူးပါတယ်။ ကျွန်တော် ကလေးတွေကို၊ မြေးတွေကို ကျောင်းသွားပို့ရင်း ကျောင်းက ဆရာမတွေ ကလည်း လာပို့တဲ့မိဘတွေနဲ့ ချဲအကြောင်းပဲပြောတယ်။ ဘာတစ်လုံး ကောင်းလဲ။ ဘယ်ဘိုးတော်က ဘာပြောလဲ။ ဒါပဲမေးတယ်။ ကျောင်းသားတွေရဲ့ပညာရေး၊ ကလေးတွေရဲ့ ပညာရေးအကြောင်း ဆွေးနွေးတာမတွေ့ရပါဘူး။ ဒါတွေဟာ ကျွန်တော်တို့ နိုင်ငံမှာ မဖြစ်သင့်၊ မဖြစ်ထိုက်တဲ့ ကိစ္စတွေပါ။ ဒါကျွန်တော်သာဓကတစ်ခုအနေနဲ့ ပြောပါတယ်။ ကျွန်တော်ပြောရမယ်ဆိုရင် အများကြီးပါပဲ။ ဒါကြောင့် ထိခိုက်နစ်နာမှာစိုးလို့ မပြောတော့ပါဘူး။ အဲဒီတော့ ဒီထဲမှာလူ အများ စုက လုပ်နေတာလား၊ ဒါပေမယ့် ဆင်ခြင်တုံတရားရှိပြီးတော့

အကျင့်စာရိတ္တကောင်းကြတဲ့ နိုင်ငံသားတွေကျတော့ လောင်းကစားမှုတွေနဲ့ ကင်းရှင်းကြ ပါတယ်။ အများစုဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံး ကင်းစင် ပပျောက်မှသာ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ နိုင်ငံတော်သစ်ကြီးကို လျင်လျင် မြန်မြန် ရောက်ရှိလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ ဒါကြောင့် အချို့ အချို့သောသူများက လောင်းကစားခြင်း သံသရာလည်ကြပေမယ့် အများစု က လောင်းကစားနဲ့ ကင်းရှင်း ကြသော် လည်းပဲ ကျွန်တော်တို့နိုင်ငံမှာ လုံးဝကင်းရှင်းပပျောက်သွားမှ ကျွန် တော်တို့မျှော်မှန်းတဲ့ နိုင်ငံတော်ဆီသို့ မြန်မြန်ဆန်ဆန် ရောက်မယ်လို့ ယူဆလို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လောင်း ကစားမှုဥပဒေတွေကို ကျွန်တော်တို့ အင်္ဂလိပ်ကိုလိုနီ ခေတ်က ပြဋ္ဌာန်း ထားပါတယ်။ ဒီဘက်ခေတ် ရောက်လာတော့ ၁၉၈၆ ခုနှစ်မှာ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၆ နဲ့ ရှိဆဲဥပဒေကို ပယ်ဖျက်ပြီးတော့ လောင်းကစား ဥပဒေသစ် ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှာ လောင်းကစား ဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် ၁၄/၉၀ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ တည်ဆဲဥပဒေက ငွေဒဏ်၊ ထောင်ဒဏ် (၃)နှစ်ထိပေးနိုင်ပါတယ်။ ဒီလို အပြစ်ပေးရန် ပြဋ္ဌာန်းထားသော်လည်းပဲ ယနေ့အခြေအနေမှာ နိုင်ငံတော်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အဆင့်ဆင့်တွေက အရေးယူဆောင်ရွက်မှု တွေ အားနည်းနေတဲ့အတွက်ကြောင့် လောင်းကစားမှုကိစ္စတွေဟာ ကျယ်ကျယ်ပြန့်ပြန့် လူထုလူတန်းစား မြို့နယ်တောရွာတွေမှာ ရှိနေပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့နိုင်ငံတစ်ဝန်း တွင် လောင်းကစားခြင်း ကင်းစင် ပပျောက်မှသာ တစ်နိုင်ငံလုံး လူနေမှုဘဝများ တိုးတက်မြင့်မားစေမည်ဖြစ်တဲ့အတွက် ဆင်းရဲ နွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် လောင်းကစားခြင်းများ အား တစ်နိုင်ငံလုံး ကင်းစင်ပပျောက်အောင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတစ်ရပ်အား ဤအမျိုးသားလွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်ကို လူကြီးတွေ ဆွေးနွေးကြတဲ့အခါမှာ ဒီအသေးစားချေးငွေလုပ်ငန်းဆောင်ရွက်ဖို့ ပထမဆုံး ကိုင်တွယ်သင့်တယ် ဆိုပြီးတော့ ဆွေးနွေးပါတယ်။ ဒါဆွေးနွေးပြီးတဲ့အခါမှာ ကျွန်တော့်ကိုတင်မြှောက်ထားတဲ့ မဲဆန္ဒနယ်ကို သွားပြီးတော့ ဒီဥပဒေကို ထိန်းကျောင်းတဲ့အဖွဲ့အစည်းတွေ၊ ခရိုင်အုပ်ချုပ် ရေး

အရာရှိ၊ မြို့နယ်အုပ်ချုပ်ရေးအရာရှိတွေ အားလုံး ရပ်မိရပ်ဖတွေအားလုံး ခေ ါ်ယူပြီးမှ အမိကတော့ ချဲ ထိပေ့ါလေ၊ ဘဝပျက်တဲ့ချဲထီ၊ ဒီကနေ့ကစပြီးတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှာ လုံးဝပပျောက် အောင် ဆောင်ရွက် ရမယ်လို့ ပြောလိုက်တဲ့အခါမှာ သိပ်မကြာဘူး။ အသံတွေ ထွက်လာတယ်။ ငါတို့မဲပေးမိတာမှားပြီလို့။ ဒါဒိုင်ကတော့ပြောတာမဟုတ်ဘူး။ ဖမ်းမယ့်အဖွဲ့နဲ့ ထိုးသားလောက်က သာ ပြောတာပါ။ အဲဒီတော့ ဒီအဆိုမှာ ခုနကလောင်းကစားထိုးတဲ့ ခုန ချဲထီဟာ အသေးစား ချေးငွေလုပ်ငန်းနဲ့ သွားပြီးတော့မှ လုံးဝထိပ်တိုက်ကြီး ဖြစ်နေတဲ့အတွက် ဒါလေး ဖြည့်လိုက်လို့ရှိရင် ကော င်းမယ်ထင်တယ်။ အဲဒီတော့ ဆင်းရဲနွ မ်းပါးမှု လျှော့ချနိုင်ရေး အတွက်ဖြစ်သော အသေးစား ချေးငွေလုပ်ငန်းကို ကြီးမားစွာထိခိုက်နိုင်သည့် လောင်းကစားခြင်း များအား ဒီအထိ သဘောတူလား။

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ မူလအဆိုရှ င် ပြောပါတယ်။ လောင်းကစားခြင်း များအား ကင်းစင် ပပျောက်အောင်ဆိုတဲ့နေရာမှာ ဘယ်လိုကင်းစင်စေမလဲ။ ဖမ်းခိုင်းတဲ့ ကျွန်တော့်ကို မဲပေးမိတာ မှားပြီလို့ အပြောခံရတယ်။ အဲဒီတော့ ကင်းစင်ပပျောက်သွားစေရန် လူထုလှုပ်ရှားမှုအ ပါအဝင် နည်းမျိုးစုံဖြင့် အသိပညာ ပေးတာကော၊ ခုနက ပြစ်ဒဏ် တွေ ပြင်ဆင်တာရော နည်းမျိုးစုံ ဖြင့် ဆောင်ရွက်ပေးပါရန်ဆိုရင် ပိုပြီးပြည့်စုံမယ်လို့ ထင်ပါတယ်။ သဘောတူပါသလားခင်ဗျား။

**အချိန်၊ ၁၆း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကို ထောက်ခံမယ့် သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၀၀။**

**ဦးစောမြဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း တင်ပြသော အဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစောမြဝင်း မှ လေးလေးနက်နက် ထောက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစောအုန်း တင်သွင်းတဲ့အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ဆင်းရဲနွမ်းပါးမှု လျှော့ ချနိုင်ရေးအတွက်ဖြစ်သော အသေးစားချေးငွေလုပ်ငန်းကို ကြီးမားစွာ ထိခိုက်နိုင်သည့် လောင်းကစားခြင်းများ ကင်းစင်ပပျောက်သွားစေရန် လူထုလှုပ်ရှားမှု အပါအဝင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒီအဆိုကိုလက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ဆန္ဒ ကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေး ဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစောအုန်း ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစောအုန်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသား လွှတ်တော်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ၁၇ ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ၁၈ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၆း၁၀။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆း၁၀။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး၊** ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစည်းအဝေးကို ၁၆း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]